# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၅ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၅)


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံမှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး ဥပဒေနှင့်အညီ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုအခွင့်အရေးများ ရစေလိုကြောင်း၊ ပြစ်မှုကျူးလွန်သူနှင့် ကျူးလွန်ခံရသူများအနေဖြင့်လည်းကောင်း၊ သက်သေများအနေဖြင့်လည်းကောင်း ဥပဒေဆိုင်ရာအထောက်အကူများ ရရှိစေလိုကြောင်း၊ ပြည်သူလူထုကိုလည်း တည်ဆဲဥပဒေများ၊ နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လူပုဂ္ဂိုလ်တစ်ဦး၏ ဥပဒေအရ ရပိုင်ခွင့်များကို အသိပညာပေးစေလိုကြောင်း၊ ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်

စာမျက်နှာ ၅ ကော်လံ ၁ ◆

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည် ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၈)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သာသနာရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❂

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်



**နေပြည်တော် မေ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

## နေရပ်တိမ်းရှောင်ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့

စာမျက်နှာ - ၁၁

## ရေကာတာတည်ဆောက်မှုကြောင့် အီဂျစ်နိုင်ငံ၏ ရေအရင်းအမြစ်ထိခိုက်မှုမရှိစေရန် ဆူဒန်နှင့်အီသီယိုးပီးယား ကတိပြု

စာမျက်နှာ - ၁၄




မြန်မာ့အလင်း

# မြန်မာ့နေထိုင်မှု အခြေအနေစစ်တမ်း

မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်းသည် ပြည်သူတို့၏ ပကတိအခြေအနေကို သိရှိနိုင်ရန် ကောက်ယူသောစစ်တမ်းဖြစ်ပါသည်။ ပြည်သူတို့၏ ဝင်ငွေ၊ အဆိုပါဝင်ငွေမှ စားသုံးစရိတ်အတွက် မည်မျှ၊ ဝန်ဆောင်မှုအတွက် မည်မျှ။ လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် လယ်ယာစိုက်ပျိုးရေးအပေါ် အခြေခံမှု ရှိ၊ မရှိ။ လျှပ်စစ်ဓာတ်နှင့် သန့်ရှင်းသောက်သုံးရေရရှိမှု အစရှိသော ကိန်းဂဏန်းအချက်အလက်တို့သည် ဒေသတစ်ခုချင်းအလိုက် ပြည်သူတို့၏ ပကတိအခြေအနေကို ထင်ဟပ်ဖော်ပြနေပါသည်။ ပြည်သူတို့၏ ပကတိအခြေအနေကို သိရှိမှသာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်မူဝါဒနှင့် လုပ်ငန်းစဉ်တို့ကို ချမှတ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့နေထိုင်မှု အခြေအနေစစ်တမ်းသည် တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ပေးမည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။

မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇) **(Myanmar Living Conditions Survey - MLCS)** ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့က ဦးဆောင်လျက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့၏ ငွေကြေးနှင့် နည်းပညာအကူအညီများရယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤစစ်တမ်းကို တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးရှိ မြို့နယ်ပေါင်း ၃၃၀ တွင် ကောက်ခံခဲ့ခြင်းဖြစ်ပါသည်။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုအရေအတွက်သည် တစ်နိုင်ငံလုံး၌ ၁၃၇၃၀ ရှိပါသည်။ အဆိုပါ စစ်တမ်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သော်လည်း လုံခြုံမှုအခြေအနေအရ ဘူးသီးတောင်၊ မောင်တောနှင့် ‘ဝ’ ဒေသတို့ကို ချန်လှပ်ထားခဲ့ရပါသည်။

ဤမြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်း (၂၀၁၇)ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ ၁၂ လတိုင် ကောက်ယူခဲ့ရပါသည်။ ထိုသို့ကောက်ယူခဲ့သည့် အဆိုပါစစ်တမ်းပါ အချက်အလက်တို့အား လုပ်ငန်းလိုအပ်ချက်နှင့်အညီ နည်းပညာပိုင်းအရ စစ်ဆေးမှုတို့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း သုံးသပ်စစ်ဆေးခဲ့ပါသည်။ စစ်တမ်းကောက်ယူစဉ်ကာလ၌လည်း စစ်တမ်းအရည်အသွေးထိန်းသိမ်းခြင်းနှင့် ထည့်သွင်းသော အချက်အလက်များ တိကျမှန်ကန်မှုရှိစေရန် **Double Data Entry** စနစ်အား အသုံးပြုခြင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့၏ ကျွမ်းကျင်ပညာရှင်တို့က စဉ်ဆက်မပြတ်စစ်ဆေးခြင်း၊ **GPS** စနစ်အား အသုံးပြုခြင်း၊ စစ်တမ်းကောက်ယူခဲ့သော အဖွဲ့များနှင့် ရုံးချုပ်အကြား အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **Survey Network** ထားရှိခြင်းတို့ကို ဂရုတစိုက်ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါစစ်တမ်း၏ မေးခွန်းလွှာ၌ အပိုင်း (၁၃) ပိုင်းပါဝင်ပြီး ပါဝင်ဖြေကြားခဲ့သော မိသားစုတို့သည် နှစ်နာရီကျော် ကြာမြင့်သည်အထိ ဖြေကြားရပါသည်။ စစ်တမ်းကောက်ယူနိုင်ရေးအတွက် အထူးလေ့ကျင့်ထားသောအဖွဲ့များကို အသုံးပြုခဲ့ပြီး အဆိုပါအဖွဲ့များသည် စစ်တမ်းများကောက်ယူစဉ်ကာလအတွင်း စစ်တမ်းကောက်ခံခြင်းမှအပ ဌာန၏ပုံမှန်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရခြင်းမရှိပါ။ ဤစစ်တမ်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ခံခဲ့သည်ဖြစ်၍ စစ်တမ်းကောက်ယူရေးအဖွဲ့များသည် ကားလမ်း မပေါက်သည့် သွားလာရခက်ခဲသော ဒေသများသို့ပါ သွားရောက်ခဲ့ရပါသည်။ လုံခြုံမှုနည်းပါးသည့်ဒေသများသို့ပါ သွားရောက်ခဲ့ရသည့်အတွက် စစ်တမ်းကောက်ယူရေးအဖွဲ့များသည် နှစ်သက်မှုမရှိ၊ ရန်ပြုခံရခြင်းမျိုးအထိ ကြုံတွေ့ခဲ့ကြရပါသည်။ ဤသို့သော အခက်အခဲပေါင်းစုံကြားမှ စွန့်စွန့်စားစား ကောက်ယူခဲ့သည့် စစ်တမ်းအချက်အလက်များအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်၊ မေလကုန်၌ အဓိကညွှန်းကိန်းများကို ထုတ်ပြန်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလကုန်၌ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေအစီရင်ခံစာကို ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ ဤလူမှုစီးပွားရေးအခြေအနေအစီရင်ခံစာအား နိုင်ငံတော်အနာဂတ်၏ အုတ်မြစ်ကို ပုံဖော်ဖန်တီးရာ၌ အခြေခံလမ်းညွှန်အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်းအား ဦးဆောင်ပုံဖော်ဆောင်ရွက်ခဲ့သည့် ဗဟိုစာရင်းအင်းအဖွဲ့နှင့် စစ်တမ်းကောက်ယူရေးအဖွဲ့တို့ကို ဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# မန်းရေနံမြေ ဒေသခံပြည်သူများအတွက် တောင်သူပညာပေးဆွေးနွေး

**မင်းဘူး မေ ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) နှင့် MPRL E & P Pte Ltd. တို့ ပူးပေါင်း၍ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲများကို ဧပြီ ၂၈ ရက်မှ မေ ၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် ကျင်းပလျက်ရှိသည်။

မေ ၂ ရက်တွင် ကျင်းပသည့် တောင်သူပညာပေးဆွေးနွေးပွဲတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က အဖွင့်အမှာစကား ပြောကြားပြီး MPRL E & P Pte Ltd. မှ လူမှုတာဝန်သိလုပ်ငန်းနှင့် ပြန်ကြားဆက်သွယ်ရေးဌာန၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဦးဂျီယော်ဘောမ်က တောင်သူပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးအောင်ကျော်ခိုင်က မြေဆီလွှာ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုရေးကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်နွယ်က မျိုးစေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က ဓာတုပိုးသတ်ဆေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် စိုက်ပျိုးရေးတောင်သူများက သိရှိလိုသည်များကိုပြန်လည်ဆွေးနွေးကြသည်။



အဆိုပါ ဆွေးနွေးပွဲများကို မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများအနက် မန်းကျိုး၊ ချင်တောင်၊ ကျွဲချကျေးရွာများတွင် ကျင်းပခဲ့ပြီး စိုက်ပျိုးရေးတောင်သူစုစုပေါင်း ၁၂၄ ဦး တက်ရောက်ခဲ့ပြီးဖြစ်ကာ အခြားကျေးရွာများတွင်လည်း မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ လူမှုတာဝန်သိလုပ်ငန်းများ (CSR) ၏ ကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ ဒေသခံပြည်သူလူထုအတွက် အသိပညာပေးဆွေးနွေးပွဲများနှင့် လူမှုစီးပွားဘဝ အထောက်အကူပြုသင်တန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း MPRL E & P Pte Ltd. မှ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းဆောင်ရွက်စဉ် ဓာတ်အား ခေတ္တပြတ်တောက်မည်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုး အသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို အပတ်စဉ်ရက်သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုအနည်းငယ်ရှိနိုင်သည်။ ဆောင်ရွက်မည့်ရက်ကို ကြိုတင်အသိပေးပြောကြားဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆောင်ရွက်ရခြင်းဖြစ်၍ ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၅-၂၀၁၈

**ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၅၀၀ |

**စက်သုံးဆီစျေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီစျေး | လက်ကားစျေး |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅/၈၄၅ ကျပ် | ၈၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၅/၈၆၀ ကျပ် | ၈၂၈/၈၃၀ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | ၇၈၀/၇၈၇ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | ၈၂၀/၈၃၀ကျပ် |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၃ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ ·၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ၁၈၂၃ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ၁၂၃၀ ·၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ၁၀၁၂ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁၄၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ၁၂၄ ·၇၂ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၁၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

*ရှေ့စာမှ*

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင့်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရည်အသွေးစစ်ဆေးမှုများ အလေးထား**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရသစ်တာဝန်လွှဲပြောင်းရယူစဉ်ကပင် စနစ်တကျ ဆောင်ရွက်နိုင်ရန် မျှော်မှန်း၍ မိမိတို့ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသည့် အခြေအနေများပေါ်မူတည်၍ ဗဟိုကော်မတီ၏လုပ်ငန်းများကို ချဲ့ထွင်ဆောင်ရွက်ရသည်များလည်း ရှိလာခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အခြေအနေနှင့် နိုင်ငံတကာအခြေအနေပြောင်းလဲမှုများ ရှိလာခဲ့သော်လည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုံမှန်တိုးတက်မှုများ ရှိနေကြောင်း၊ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးတို့ကို ဆောင်ရွက်ရာတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း စသည်အားဖြင့် ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်းရှိလာခဲ့ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူလမျှော်မှန်းချက်များ အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေအနေအရ ဖြစ်ပေါ်လာသည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြန်လည်စိစစ်ပြီး ဦးစားပေးခွဲခြားကာ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရေရှည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ ပဋိပက္ခများ ရေရှည်ကင်းဝေးစေမည့် ဖြေရှင်းချက်ဖြစ်သဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များကို ပိုမို၍ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးမှုများကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှု တိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေများနှင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် နိုင်ငံတကာနှင့် စပ်လျဉ်းသည့် အခြေအနေများကို လည်းကောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ထားသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**UEHRD လုပ်ငန်းများ တင်ပြ**

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကော်မတီ၏လုပ်ငန်းများနှင့် UEHRD လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများနှင့် အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Zahairi bin Baharim အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Zahairi bin Baharim အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဦးဆောင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

# ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးကြပ်မတ်ပေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဦးဆောင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

**စစ်ဆေးကြပ်မတ်ပေးရန်လို**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်း၊ သတ်မှတ်ချထားပေးသော ခွင့်ပြုဘဏ္ဍာငွေများ အပြည့်အဝရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ ရငွေများကို ထိရောက်စွာ အသုံးပြုခြင်း ရှိ၊ မရှိ၊ ချမှတ်ပေးသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ပေးရန် လိုအပ်ပါကြောင်း။

**စနစ်တကျအသုံးပြု**

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းနှင့်အညီ ကျင့်သုံးခြင်း ရှိ၊ မရှိ စစ်ဆေးရန်လိုပါကြောင်း၊ စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုး ရှိ၊ မရှိ စိစစ်ရန် လိုပါကြောင်း၊ နိုင်ငံပိုင်ပစ္စည်း၊ ပြည်သူပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းမှု ရှိ၊ မရှိ၊ ထိရောက်စွာ အသုံးချမှု ရှိ၊ မရှိ စစ်ဆေးရန် လိုပါကြောင်း၊ ပိုင်ရှင်မဲ့ပစ္စည်း၊ ဥပဒေအရ သိမ်းဆည်းခံပစ္စည်း၊ ပိုင်ရှင်က စွန့်လွှတ်ပစ္စည်းများကိုလည်း သက်ဆိုင်ရာတို့က စာရင်းသွင်းထားခြင်း ရှိ၊မရှိနှင့် စနစ်တကျအသုံးပြုခြင်း ရှိ၊ မရှိ၊ ထိန်းသိမ်းထားခြင်း ရှိ၊ မရှိကို စစ်ဆေးပေးစေလိုပါကြောင်း။

**အစီရင်ခံတင်ပြစေလို**

အစိုးရဌာနဆိုင်ရာများတွင် စာရင်းစစ်အဖွဲ့ ဖွဲ့စည်းထားမှု ရှိ၊ မရှိ၊ ယင်းအဖွဲ့များအနေဖြင့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု၊ ယိုဖိတ်မှု၊ အလွဲသုံးစားမှုများကို စစ်ဆေးတွေ့ရှိပါက ကျောသားရင်သား မခွဲခြားဘဲ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံသို့ အစီရင်ခံတင်ပြစေလိုပါကြောင်း လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်**

ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့်အတူ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်၊ ကယားပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်း၊ ကရင်ပြည်နယ် စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ချင်းပြည်နယ် စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း (ခ) ဦးဒေးဗစ်လာလ်တင်မောင်၊ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးစိုးလွင်၊ တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးသိန်းထွန်း၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်သန်းဝင်း၊ မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးလှသန်း၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်အေးဆွေ၊ မွန်ပြည်နယ် စာရင်းစစ်ချုပ် ဒေါ်သိန်းသိန်းဦး၊ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်စန်းစန်းခိုင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick သည် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Patrick အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

◆ ရှေ့စာမျက်နှာမှ

သည့် ဖမ်းဆီးချုပ်နှောင်မှုများကို လျှော့နည်းစေရန်နှင့် ဥပဒေနှင့်မညီသည့် ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်အောင် ဆောင်ရွက်စေလိုကြောင်း။

**ရွေးချယ်ဖွဲ့စည်းရန်လို**

ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး မဏ္ဍိုင် တည့်မတ်မှန်ကန်စေရေးအတွက် အဓိကအကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူအဖွဲ့များကိုလည်း ပြုပြင်ပြောင်းလဲရေးအတွက် စိတ်စေတနာအပြည့်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်သူများကို ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက် စနစ်တကျရေးဆွဲ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက်အဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ပြစ်မှု တရားစီရင်ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်သီမာနွယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သျှန်၊ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လဲ့ယဉ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာ ခင်မာရီ၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဟိုး၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဌေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်တင်လင်း၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်စိုးဗိုလ်၊ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်လှသောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းခမ်းအုံနှင့် အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးခင်ဇော်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း ဦးဆောင်သည့်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# မြန်မာ့ရုပ်မြင်သံကြားနှင့် ဂျပန်ရုပ်သံလွှင့်မီဒီယာများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Manaba SAKAI နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ NHK သတင်းဌာနနှင့် မြန်မာနိုင်ငံ ရွှေသံလွှင့်မီဒီယာတို့ ပူးပေါင်း၍ တည်ထောင်မည့် ကုမ္ပဏီကို ဇွန် ၂၆ ရက်တွင် ဖွင့်လှစ်မည့်ကိစ္စ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ဂျပန်ရုပ်သံလွှင့်မီဒီယာများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပူးပေါင်းထုတ်လုပ်လိုသည့် အစီအစဉ်များ၊ ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (MIC) နှင့် NHK သတင်းဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဂျပန်နိုင်ငံမှ ရုပ်သံမီဒီယာများနှင့် စိတ်ဝင်စားဖွယ်ရုပ်သံအစီအစဉ်များ ထုတ်လွှင့်နိုင်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ National Institute of Information and Communications Technology –NICT တို့အကြား ဆောင်ရွက်ဆဲ ဘာသာပြန်စက်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရေးအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာဒေါ်သိန်းမေစော<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (၂) ဒေါက်တာဒေါ်ရီရီတင်<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

# နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် မေ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Li Xiaoyan သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ရေး၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်တစိုက် ရပ်တည်ပေးခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ၊ လက်ရှိမြန်မာ့ မီဒီယာလောက အခြေအနေ၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာမီဒီယာအချို့မှ လိုရာဆွဲရေးသား ဖော်ပြနေမှုများ၊ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ တင်ပို့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်အောင် အလေးထား ဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲအသုံးပြုမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် မေးခွန်းပုံစံသစ်နှင့် ပတ်သက်သည့် ရှင်းလင်းတင်ပြချက်

## ဒေါက်တာ နှင်းနှင်းအေး၊ ပါမောက္ခ (ဌာနမှူး) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါ။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၁၉ခုနှစ်မှာ ပြောင်းလဲအသုံးပြုမယ့် တက္ကသိုလ်ဝင် စာမေးပွဲ ဓာတုဗေဒဘာသာရပ်မေးခွန်းပုံစံသစ်နဲ့ ပတ်သက်တဲ့ ရှင်းလင်းတင်ပြချက် ဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကိုရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း(၂)ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ်(၁) မှ နံပါတ်(၄) အထိ (၁) မှတ်တန်မေးခွန်း (၇) ပုဒ်စီ အသီးသီး မေးထားပါတယ်။ နံပါတ် (၅) မှာ (၁) မှတ်တန် Definition or Explanation (၈) ပုဒ် မေးထားတဲ့အတွက် စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

**စုစုပေါင်းအမှတ် (၁၀၀) ဖိုး ဖြေဆိုရပါမယ်**

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန်မေးခွန်း (၆) ပုဒ်ကို နံပါတ်(၆)မှာမေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇) မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန် မေးခွန်း (၈)ပုဒ် ထဲက (၅)ပုဒ်၊ နံပါတ် (၈) မှာတော့ (၈) မှတ်တန် (၈) ပုဒ်ထဲက (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာပေးထားတဲ့ (၁၀၈) မှတ် ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ် (၁၀၀) ဖိုး ဖြေဆိုရပါမယ်။

မေးခွန်းပုံစံသစ်အရ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း(၂) ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် (၁) မှနံပါတ် (၄)အထိ (၁) မှတ်တန်မေးခွန်း (၇) ပုဒ်စီ အသီးသီးမေးထားပါတယ်။ နံပါတ် (၅) မှာ (၁) မှတ်တန် Definition or Explanation (၈) ပုဒ်မေးထားတဲ့အတွက် စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန် မေးခွန်း (၆) ပုဒ်ကို နံပါတ်(၆)မှာမေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇) မှာတော့ Medium question ဖြစ်တဲ့ (၄) မှတ်တန် မေးခွန်း (၈)ပုဒ် ထဲက (၅)ပုဒ်၊ နံပါတ် (၈) မှာ တော့ (၈) မှတ်တန် (၆)ပုဒ် ထဲက (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ ပေးထားတဲ့ (၉၂) မှတ် ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ် (၁၀၀) ဖိုး ဖြေဆိုရပါမယ်။ ရှင်းလင်းမြင်သာရန် နမူနာမေးခွန်းပုံစံဖြင့် ဖော်ပြထားပါတယ်။

> "ဦးတည်ချက်ကတော့ သင်ခန်းစာကို အလွတ်ကျက်မှတ်ခြင်းထက် သင်ယူလေ့လာဆည်းပူးထားသော သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုနှင့် ရေးသားတင်ပြမှုတို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မယ့်ပုံစံသို့ ပြောင်းလဲရန် ဖြစ်ပါတယ်။ အားသာချက်ကတော့ အမှတ် (၁၀၀) ဖြေဆိုရမယ့် မေးခွန်းတွင် ယခင်မေးခွန်းပုံစံအရ ပေးထားသည့်အမှတ်မှာ (၁၄၄) မှတ်ဖြစ်ပြီး ယခုမေးခွန်းပုံစံအရပေးထားသည့် အမှတ်မှာ (၁၂၈) မှတ်ဖြစ်လို့ အမှတ်ဖောင်းပွမှုကို လျှော့ချနိုင်ပါမယ်"

### အမှတ်ဖောင်းပွမှုကို လျှော့ချနိုင်

ဦးတည်ချက်ကတော့ သင်ခန်းစာကို အလွတ်ကျက်မှတ်ခြင်းထက် သင်ယူလေ့လာဆည်းပူးထားသော သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုနှင့် ရေးသားတင်ပြမှုတို့ဖြင့် ပေါင်းစပ်ကာဖြေဆိုနိုင်မယ့်ပုံစံသို့ ပြောင်းလဲရန်ဖြစ်ပါတယ်။

အားသာချက်ကတော့ အမှတ်(၁၀၀) ဖြေဆိုရမယ့် မေးခွန်းတွင် ယခင်မေးခွန်းပုံစံအရ ပေးထားသည့် အမှတ်မှာ (၁၄၄ ) မှတ်ဖြစ်ပြီး ယခုမေးခွန်းပုံစံအရပေးထားသည့်အမှတ်မှာ (၁၂၈) မှတ်ဖြစ်လို့ အမှတ်ဖောင်းပွမှုကို လျှော့ချနိုင်ပါမယ်။

နောက်အားသာချက်တစ်ခုကတော့ ယခင်မေးခွန်းပုံစံအရ ရွေးချယ်ရန်ပုဒ်ရေမှာ လိုအပ်တာထက် ပိုမိုများပြားနေတဲ့အတွက် ကျောင်းသားကျောင်းသူတို့ရဲ့ နှံ့စပ်စွာလေ့လာဆည်းပူးမှုကို အားနည်းစေပြီး ရွေးချယ်ကျက်မှတ်မှုကို အားပေးသလို ဖြစ်စေပါတယ်။

ဒါ့အပြင် ယခင်မေးခွန်းပုံစံအရ ရွေးချယ်ရန်ပုဒ်ရေမှာ လိုအပ်သည်ထက်ပိုမိုများပြားနေပြီး ယခုမေးခွန်းထုတ်ရန် ပုဒ်ရေနည်းပါးစေသည့်အတွက် ခန့်မှန်းရလွယ်ကူသော မေးခွန်းမျိုးဖြစ်စေပါတယ်။

ဒါကြောင့် ကျောင်းသူ ကျောင်းသားများအတွက် သာမကသင်ကြားသည့်ဆရာ ဆရာမများ စစ်ဆေးအကဲ ဖြတ်သည့် အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်ပါမယ်။

### နှံ့နှံ့စပ်စပ်သိထားဖို့လို

အကြံပေးချင်တာကတော့ အခန်းတစ်ခုချင်း အသေးစိတ်နှံ့နှံ့စပ်စပ်ကျက်မှတ်ရန်နှင့် ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့နဲ့ မေးခွန်းနံပါတ်(၁) မှ (၆) အထိ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်းအားလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ဆရာ ဆရာမများရဲ့သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ၂၀၁၉ ခုနှစ် မတ်လမှာ ဖြေဆိုရမယ့် ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှု ရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲ ရပ်နားလိုက်ပါမယ်။

(နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့ မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ နမူနာမေးခွန်း တည်ဆောက်ပုံကို လေ့လာနိုင်ရန်ပူးတွဲ ဖော်ပြထားပါသည်။)

### (နမူနာမေးခွန်း တည်ဆောက်ပုံ)

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**
**CHEMISTRY** **Time Allowed: 3 Hours**
**WRITE YOUR ANSWERS IN THE ANSWER BOOKLET**
**The symbols in this paper have their usual significance**

**SECTION (A)**
(Answer **ALL** questions)

1.Write **TRUE** or **FALSE** for each of the following statements. (7 marks)
(a)
(b)
(c)
(d)
(e)
(f)
(g)

2.Fill in the blanks with the correct word(s), phrase(s), term(s), unit(s), etc.,as necessary. (7 marks)
(a)
(b)
(c)
(d)
(e)
(f)
(g)

3.Select the correct word(s), notation(s), term(s), unit(s), etc., given in the brackets. (7 marks)
(a)
(b)
(c)
(d)
(e)
(f)
(g)

4.Match each of the items in **List A** with the appropriate items given in **List B.** (7 marks)

| **List A** | **List B** |
|---|---|
| (a) | (i) |
| (b) | (ii) |
| (c) | (iii) |
| (d) | (iv) |
| (e) | (v) |
| (f) | (vi) |
| (g) | (vii) |

5.Define or Explain or State the following: (8 marks)
(a)
(b)
(c)
(d)
(e)
(f)
(g)
(h)

Section-A မှာ မေးခွန်းအားလုံးဖြေဆိုရတဲ့ **Objective type** တွေဖြစ်တဲ့ **TRUE/FALSE, Fill in the blanks, Multiple choice** နဲ့ **Matching** တွေကိုမေးခွန်းနံပါတ် (၁) မှနံပါတ် (၄) အထိ (၁) မှတ်တန်မေးခွန်းခွဲ (၇) ပုဒ်စီ အသီးသီး မေးထားပါတယ်။ မေးခွန်းနံပါတ် (၅) မှာ (၁) မှတ်တန်**Definition or Explanation or Statement** မေးခွန်းခွဲ(၈) ပုဒ်မေးထားတဲ့အတွက်စုစုပေါင်း (၃၆) မှတ်ဖိုးဖြေဆိုရပါမယ်။

**SECTION (B)**

6.Answer **ALL** questions. (12 marks)
(a)
(b)
(c)
(d)
(e)
(f)

7. Answer any **FIVE** questions. (20 marks)
(a)
(b)
(c)
(d) (i)
(ii)
(e) (i)
(ii)
(f) (i)
(ii)
(g) (i)
(ii)
(h) (i)
(ii)

8.Answer any **FOUR** questions. (32 marks)
(a) (i)
(ii)
(b) (i)
(ii)
(iii)
(iv)
(c) (i)
(ii)
(iii)
(iv)
(d) (i)
(ii)
(e) (i)
(ii)
(f) (i)
(ii)

Section- B မှာတော့ Short Question ဆိုတဲ့ (၂) မှတ်တန် မေးခွန်းခွဲ (၆) ပုဒ်ကို မေးခွန်းနံပါတ်(၆)မှာမေးထားပါတယ်။အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ်(၇)မှာတော့ Medium Question ဖြစ်တဲ့ (၄) မှတ်တန်မေးခွန်းခွဲ (၈)ပုဒ်ထဲက နှစ်သက်ရာ(၅)ပုဒ်၊ မေးခွန်းနံပါတ် (၈) မှာတော့ (၈) မှတ်တန် မေးခွန်းခွဲ (၆)ပုဒ် ထဲက နှစ်သက်ရာ (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-Bမှာ ပေးထားတဲ့ (၉၂) မှတ်ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ တစ်နည်းအားဖြင့် (Section-A)ပေးမှတ် ၃၆ +Section-B ပေးမှတ် (၉၂) မှတ် စုစုပေါင်းပေးမှတ်(၁၂၈)မှတ်ထဲက စုစုပေါင်းအမှတ် (၁၀၀) ဖိုး ဖြေဆိုရပါမယ်။

* ကျောဖုံးမှ

မြန်မာနိုင်ငံအနေဖြင့် ယခုလို စာကြည့်တိုက်မှူးများဆိုင်ရာ အထွေထွေ ညီလာခံကြီးကို ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အထွေထွေညီလာခံကြီးနှင့်အတူ တတိယအကြိမ် အမှုဆောင်အဖွဲ့ အစည်းအဝေး (3rd Executive Board Meeting)နှင့် (၂၆)ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသမှ အမျိုးသား စာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများနီးနှောဖလှယ်ပွဲ (26th Congress of Directors of National Libraries of Asia and Oceania Meeting - CDNLAO) နှင့်အခြားဆက်စပ် အစည်းအဝေးများကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပပြီးစီးခဲ့ပါကြောင်း။

**လက်ခံကျင်းပ**

မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် အမှုဆောင်အစည်းအဝေးများကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ် အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများဆိုင်ရာ အထွေထွေညီလာခံကြီးကို နေပြည်တော်တွင် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

**စတင်ကျင်းပ**

ပထမအကြိမ် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံကို အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)၏ ဦးဆောင်မှုဖြင့် အရှေ့တောင်အာရှ သွင်ပြင်လက္ခဏာနှင့်လျော်ညီစွာ စင်ကာပူနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်ထိ Congress of Southeast Asian Librarians (CONSAL)တွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့်အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်ခဲ့ပြီး အဆိုပါနိုင်ငံများမှ စာကြည့်တိုက် အဖွဲ့အစည်းများနှင့် စာကြည့်တိုက်မှူးများက အဖွဲ့ဝင်အဖြစ် ပါဝင်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ မိတ်ဖက်နိုင်ငံများအနေဖြင့် CONSAL အစည်းအဝေးများနှင့် လှုပ်ရှားမှုများတွင် လွှန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ပူးပေါင်းပါဝင်ခဲ့မှုများအတွက်လည်း ဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း။

**အရေးကြီးဆုံးအချိန်ရောက်**

နေပြည်တော်တွင် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံတွင် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ကြပါကြောင်း၊ ယခုအထွေထွေညီလာခံကြီးတွင် စာတမ်းဖတ်ပွဲများကို "မျိုးဆက်သစ်စာကြည့်တိုက်များ၊ ပူးပေါင်းမှုနှင့် ဆက်သွယ်မှု" ခေါင်းစဉ်ဖြင့် အဓိကထား ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများ၏ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နေမှု အစီရင်ခံစာများ၊ CONSAL ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကိုလည်း တင်ပြခဲ့ကြပါကြောင်း၊ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၊ လေ့လာသူများအနေဖြင့်လည်း တွေ့ရှိလာသည့် ပြဿနာအချက်အလက်များအပေါ် တက်ကြွစွာပါဝင်ပြီး အဖြေရှာဆွေးနွေးခဲ့ကြပါကြောင်း၊ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ခေတ်မီဒီဂျစ်တယ်နည်းပညာများ အသုံးပြုမှုကို မြှင့်တင်ပြီး အချက်အလက်များ ဖြန့်ဝေရန်နှင့် အများသုံးစာပေ အချက်အလက်များ၊ ဒေသတွင်း စာကြည့်တိုက်များ၏ အတွေ့အကြုံများမြှင့်တင်နိုင်ရန် အရေးကြီးဆုံးအချိန်သို့ ရောက်ရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ပါကြောင်း။

**အလှည့်ကျကျင်းပ**

CONSAL ၏အထွေထွေညီလာခံကို အဖွဲ့ဝင်နိုင်ငံများတွင် သုံးနှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိပါကြောင်း၊ CONSAL ကျင်းပခြင်း၏ အကျိုးရလဒ်အနေဖြင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများအကြား စာကြည့်တိုက်ပညာရပ်များ၊ စာစုစာရင်းများ၊ အထောက်အထားများနှင့် ဆက်စပ်လှုပ်ရှားမှု နည်းလမ်းများ ဆောင်ရွက်ခြင်းတို့ကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ CONSAL ၏ ချမှတ်ခဲ့သည့် ရည်မှန်းချက်နှင့် ပန်းတိုင်ကိုရောက်ရှိရန် စာကြည့်တိုက် အဖွဲ့အစည်းများအနေဖြင့် ခိုင်မာထိရောက်သည့် မိတ်ဖက်ဆက်ဆံမှုကို ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အောင်မြင်စွာဆောင်ရွက်**

ယခုညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဒေသတွင်းနှင့်မိတ်ဖက်နိုင်ငံများမှ စာကြည့်တိုက်မှူးများနှင့် ပါဝင်တက်ရောက်သူများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနဲ့ မိတ်ဆွေတို့၏ ကူညီမှုကြောင့် ယခုညီလာခံကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များအသင်းဥက္ကဋ္ဌ ဦးသန်းအောင်က CONSAL XVII Outstanding Librarian Award ဆုရရှိသူများစာရင်းနှင့် ၎င်းတို့၏ ရမှတ်များအား ကြေညာသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က CONSAL XVII Outstanding Librarian Award ရွှေတံဆိပ်ဆုရရှိသူ ဖိလစ်ပိုင်နိုင်ငံသူတစ်ဦးနှင့် ဗီယက်နမ်၊ ထိုင်း၊ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ငွေတံဆိပ်ဆုရရှိကြသူ လေးဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ တာဝန်ရှိသူတစ်ဦးက (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ CONSAL XVIII ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ CONSAL အလံနှင့် ရန်ပုံငွေကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအလှရှုခင်းများအား စုစည်းထားသည့် Video Clip ကိုပြသသည်။

ပိတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ International Federation of Library Associations (IFLA) ဥက္ကဋ္ဌ Ms.Christine Mackenzie၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ညီလာခံ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်မှူးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**မြန်မာနိုင်ငံစာကြည့်တိုက် အသင်းမှ တာဝန်ရှိသူတစ်ဦးက ၁၈ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ CONSAL XVIII ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ CONSAL အလံ လွှဲပြောင်းပေးအပ်စဉ်။**
သတင်းစဉ်

# လူရည်ချွန် အပန်းဖြေစခန်းများ စခန်းသိမ်းပွဲ ကျင်းပ



**နေပြည်တော် မေ ၄**

၂၀၁၈ ခုနှစ် ဒသမတန်း၊ နဝမတန်း၊ အဋ္ဌမတန်း လူရည်ချွန်စခန်း၊ စခန်းသိမ်းပွဲများကို ယနေ့ ညပိုင်းတွင် ငွေဆောင်၊ အင်းလေး၊ ပုဂံတို့တွင် အသီးသီး ကျင်းပသည်။

ငွေဆောင်အပန်းဖြေစခန်းမှ ဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် ပညာဗဟုသုတ တိုးပွားစေရန် IT ပညာရပ်ဆိုင်ရာ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ကျွမ်းကျင်ပညာရှင်များက ဟောပြော ပို့ချခဲ့ကြပြီး ငွေဆောင်ကမ်းခြေသမိုင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ကြသည်။

ဆက်လက်၍ ညပိုင်းတွင် ၂၀၁၈ ခုနှစ် ငွေဆောင် လူရည်ချွန် အပန်းဖြေစခန်း၊ စခန်းသိမ်းပွဲနှင့် မီးပုံပွဲ အခမ်းအနားကို ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ် သဲသောင်ပြင်၌ ကျင်းပသည်။

စခန်းသိမ်းပွဲတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများက ပါဆယ်ဂိမ်းကစားခြင်း၊ သီချင်းများသီဆိုခြင်း၊ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခြင်းတို့ ပြုလုပ်ကြပြီး မြန်နန္ဒာသီချင်းကို စုပေါင်းသီဆိုခဲ့ကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

အလားတူ နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ထမ်ဆမ်းဂူ၊ တောင်ကြီးမြို့နယ်အတွင်းရှိ မွေတော်ကက္ကုစေတီတော် **(ဝဲပုံ)**၊ တောင်ကြီးမြို့၏ သမိုင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည့် စူဠာမုနိလောကချမ်းသာစေတီတော်တို့သို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး တောင်ကြီးမြို့မဈေးအတွင်း ရောင်းဝယ်ဖောက်ကားမှု များကို လေ့လာခဲ့ကြသည်။

ညပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်းတွင် မီးပုံပွဲကျင်းပပေးကာ စခန်းပိတ်သိမ်းလိုက်ကြောင်း သိရသည်။

ထို့အတူ ပုဂံမြို့၌ ရောက်ရှိနေကြသည့် ပုဂံလူရည်ချွန် အပန်းဖြေစခန်းမှ အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့ပေါ်ရှိ ပခုက္ကူသီဟိုဠ်ရှင်ဘုရားအား ဖူးမြော်ကြပြီး ပခုက္ကူရွှေမုဋ္ဌောဘုရားသို့ ရောက်ရှိကာ ဘုရားကြီးနှင့် သမိုင်းပြခန်းတို့အား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ပခန်းကြီး စည်သူရှင် သရက္ခန်ဘုရားအား ဖူးမြော်ကြကာ ပခန်းရှေးဟောင်းကျောင်းတော်ကြီးသို့ သွားရောက် လေ့လာကြသည်။**(အောက်ပုံ)** ညနေပိုင်းတွင် စခန်းသိမ်းပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## စဉ်ဆက်မပြတ် ဆေးပညာ လှည်းကူး၌ ဟောပြောမည်

**လှည်းကူး မေ ၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို မေ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံ၊ ဆေးရုံခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ ရဲမြက NCD Update on Management of Hypertension၊ ပါမောက္ခ ထင်အောင်စောက CD- Current Management of Tuberculosis၊ ဒေါက်တာ သက်စံမျိုးက Acute Respiratory Tract Infection in Children ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**ဗထူး**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈) ကို ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ ၂၀၁၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သော နိုင်ငံတော်အခြေပြမိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ယုံကြည်ချက် ခံယူချက်မြင့်မြင့်မားမားထားရှိ၍ အတွေးအခေါ် အယူအဆကောင်းကောင်းဖြင့် မိမိတို့ လုပ်ငန်းများအား စိတ်ဝင်တစား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လျာထားဆောင်ရွက်ပေးနေသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဒေသနှင့်ပြည်သူလူထုအပေါ် ရေရှည်စဉ်ဆက် အမှန်တကယ်အကျိုးပြုမည့် လုပ်ငန်းများဖြစ်စေရေး၊ ခွင့်ပြုပေးထားသော နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လိုက်နာသုံးစွဲဆောင်ရွက်ကြရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများအလိုက် တာဝန်ပေးအပ်ထားသော အင်ဂျင်နီယာအဖွဲ့များအနေဖြင့်လည်း စဉ်ဆက်မပြတ်ကွင်းဆင်းကြီးကြပ်၍ လုပ်ငန်းများ အရည်အသွေးမြင့်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။



ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက မိမိတို့ ဒေသအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ပထမ ၆ လ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဒုတိယ ၁၂ လ၌ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (၂၀၁၈)အခမ်းအနား ရန်ကုန်တွင် ကျင်းပ

**ရန်ကုန် မေ ၄**

ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က ကြီးမှူး၍ မေ ၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (၂၀၁၈) (World Press Freedom Day-2018) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Pan Pacific Hotel ၌ ကျင်းပသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (၂၀၁၈) ၏ ဆောင်ပုဒ်မှာ "မီဒီယာ၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး၊ အစိုးရအာဏာကိုထိန်းကျောင်းပေး"ဖြစ်သည်။

အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်၏ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အတွက် ပေးပို့သည့် ဗီဒီယိုဖိုင်အား ပြသပြီး ယူနက်စကို မြန်မာ၏ အကြီးအကဲ မစ္စ မင်ဂျောင်ကင်က အဖွင့်အမှာစကား ပြောကြားသည်။

မစ္စတာ အန်တိုနီယိုဂူတာရက် ပေးပို့သည့် ဗီဒီယိုဖိုင်တွင် ဒီမိုကရေစီသည် မရှိမဖြစ် လိုအပ်ပြီး တကယ့်ကို တာဝန်ယူဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယေဘုယျအားဖြင့် သတင်းမီဒီယာသမားများအတွက် စိန်ခေါ်မှုအများအပြားရှိပြီး ဥပဒေမှ အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များ သေချာစွာ ရရှိစေရန် ဥပဒေတစ်ခု ပြုလုပ်၍ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ (၂၀၁၈) တွင် အစိုးရအနေဖြင့် သတင်းလွတ်လပ်ခွင့်ရရှိအောင် လုပ်ပြီး အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ သတင်းလွတ်လပ်ခွင့်သည် အခွင့်အရေးတစ်ခုပင် ဖြစ်ကြောင်းတို့ ပါဝင်သည်။




ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို မြန်မာနိုင်ငံတွင် ကျင်းပလာသည်မှာ ၆ ကြိမ်မြောက်ဖြစ်ပြီး နိုင်ငံတကာတွင် ကျင်းပလာသည်မှာ ၂၅ ကြိမ်ရှိပြီ ဖြစ်သည်။

ယင်းနောက် Myanmar Now သတင်းဌာန အယ်ဒီတာချုပ် ဦးဆွေဝင်းက မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့် လိုအပ်မှုကို ပြောကြားပြီး Myanmar ICT မှ ဦးဆောင်ဒါရိုက်တာ ဒေါ်ထိုက်ထိုက်အောင် (MIDO)က မီဒီယာ၊ အင်တာနက်လွတ်လပ်ခွင့်နှင့် ဒစ်ဂျစ်တယ်အခွင့်အရေး၏ အရေးပါမှုအကြောင်းကို ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာ၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေး (Media, Justice and the Rule of Law) ခေါင်းစဉ်ကိုအခြေခံ၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဒေါက်တာမောင်မောင်စံက Moderator အဖြစ် ဆောင်ရွက်ပြီး မန္တလေးတရားဥပဒေစိုးမိုးရေးစင်တာမှ ဥပဒေအကြံပေး ဦးထိန်ဝင်း၊ The Voice ဂျာနယ်၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၊ ပဲန်အင်တာနေရှင်နယ် ဘုတ်အဖွဲ့ဝင် မသီတာ(စမ်းချောင်း)နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာရှေ့နေများ ကွန်ရက်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းဇော်အောင်တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ အမေးအဖြေကဏ္ဍကို ပြုလုပ်ရာ တက်ရောက်လာသူများက မီဒီယာနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ကျွမ်းကျင်သူတို့က ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ယူနက်စကို-မြန်မာ၏ ပြန်ကြားဆက်သွယ်ရေး စီမံကိန်းအရာရှိ Mikel Aguirre Idiaquez က "မြန်မာနိုင်ငံမှာ စာပေစိစစ်ရေးကို ရုပ်သိမ်းခဲ့တာလည်း ခြောက်နှစ်ရှိပြီဖြစ်ပါတယ်၊ မြန်မာနိုင်ငံရဲ့စာနယ်ဇင်းကဏ္ဍမှာ တိုးတက်မှုတွေရှိတယ်ဆိုတာ တွေ့ရပါတယ်၊ ဒါပေမယ့် လွတ်လပ်တဲ့ စာနယ်ဇင်းရဲ့ အရေးပါမှုကို ယခုထက်ပိုပြီး သတိပြုဖို့ လိုသေးတယ်လို့ ကျွန်တော့်အနေနဲ့ မြင်မိပါတယ်၊ အခု ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့နဲ့ နီးကပ်တဲ့ရက်တွေမှာ မြန်မာနိုင်ငံရဲ့စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ်မှာ မေးခွန်းထုတ်တဲ့အကြောင်းအရာတွေ၊ အခမ်းအနားတွေကို သတိထားမိပါလိမ့်မယ်၊ ကျွန်တော်တို့အနေနဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို သတိပြုမိပြီး ပိုပြီးလုပ်ဆောင်ဖို့ လိုမယ်လို့ မြင်မိပါတယ်"ဟုပြောသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် မြန်မာနိုင်ငံ၏ လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေအနေ အကဲဖြတ်အစီရင်ခံစာကို ပဲန်မြန်မာက ထုတ်ပြန်ခဲ့သည်။

အကဲဖြတ်အစီရင်ခံစာသည် ပဲန်မြန်မာနှင့် မိတ်ဖက်အဖွဲ့အစည်း ၁၈ ဖွဲ့တို့က ဆန်းစစ်လေ့လာခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့် အခြေအနေကို အကဲဖြတ်ရာတွင် ၂၀၁၇ ခုနှစ် အကဲဖြတ်ရမှတ်နှင့် နှိုင်းယှဉ်ပါက ရမှတ် ခြောက်မှတ် လျော့ကျခဲ့ကြောင်း အကဲဖြတ်ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယခုနှစ်တွင် ကျရောက်သည့် ၂၅ ကြိမ်မြောက် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယူနက်စကိုနှင့် ဂါနာသမ္မတနိုင်ငံတို့က မေ ၂ ရက်နှင့် ၃ ရက်တို့တွင် ပူးတွဲကျင်းပခဲ့ကြောင်း သိရှိရသည်။

**သတင်း-ရဲခေါင်ဝင်းမော်**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# မဟာဓာတ်အားလိုင်းပြင်ပလျှပ်စစ်မီးလင်းရေးအစီအစဉ်ဖြင့် တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်ခြင်းစီမံကိန်း ဒုတိယသုတ်စတင်တပ်ဆင်

**နေပြည်တော် မေ ၄**

အမျိုးသားလျှပ်စစ်ဓာတ်အား စီမံကိန်းမှ မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးအစီအစဉ်ဖြင့် ရှေ့ပြေး တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်ခြင်းလုပ်ငန်း ပထမအသုတ်သည် မတ်လကုန်တွင် ပြီးစီးခဲ့ရာ ဧပြီ ၁ ရက်မှစတင်၍ စီမံကိန်း ဒုတိယအသုတ် ICB-2 (International Competitive Bidding-2) အတွက် သတ်မှတ်ထားသော ကျေးရွာများတွင် ဆိုလာများ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အများပြည်သူသုံးနှင့် တစ်အိမ်သုံး ဆိုလာစနစ်များကို ဧပြီလဆန်းမှ စတင်ပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် လည်းကောင်း၊ ဧပြီလနောက်ဆုံးပတ်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ မေလ ဒုတိယပတ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် လည်းကောင်း တပ်ဆင်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့သည့် Poly Solar ကုမ္ပဏီက ဆောင်ရွက်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောသည်။

"ကျေးလက်ဒေသတွေမှာ ဆိုလာအသုံးပြုပုံအဆင့်ဆင့်ကိုလည်း တင်ဒါအောင်တဲ့ ကုမ္ပဏီကနေ သင်တန်းပို့ချပေးပြီး တာဝန်ယူ ဆောင်ရွက်မယ်၊ တစ်အိမ်ချင်းဖြစ်စေ၊ တစ်ရွာလုံးကို စုပြီးဖြစ်စေ သင်တန်းပေးရမယ်၊ သင်တန်းမပြီး သေးဘူးဆိုရင် သူတို့ အလုပ်မပြီးသေးပါဘူး၊ IJA ကနေ သွားစစ်ဆေးတဲ့အခါမှာ သင်တန်းပေးပြီးသွားပြီလား၊ ဆိုလာစနစ်ကို အသုံးပြုမယ့်သူတွေကို ဆောင်ရန် ရှောင်ရန်တွေပြောပြီးပြီလား စတာတွေကို သက်ဆိုင်ရာ ကုမ္ပဏီက လုပ်ပြီးသွားပြီလား၊ မလုပ်ရသေးဘူးဆိုရင် လုပ်ငန်းမပြီးသေးဘူးလို့ ယူဆပါတယ်၊ IPA သမားတွေရဲ့ထောက်ပြတာတွေကို နားထောင်ပြီးပြီဆိုမှ သက်ဆိုင်ရာကုမ္ပဏီကို ငွေပေးချေမှာ ဖြစ်ပါတယ်၊ တင်သွင်းတဲ့ကုမ္ပဏီအနေနဲ့ နိုင်ငံတကာကို ဖိတ်ခေါ်ထားတာဖြစ်ပါတယ်၊ အဲဒီထဲကမှ စံသတ်မှတ်ချက်နဲ့ စစ်လိုက်ပြီး သတ်မှတ်ချက်အောင်တဲ့ ကုမ္ပဏီကို ကြည့်ပြီး ရွေးချယ်ပါတယ်၊ ငွေကို လုံးဝမကြည့်ဘဲ သတ်မှတ်တဲ့ နည်းပညာတွေအောင်တဲ့ ကုမ္ပဏီကို ရွေးတာပါ၊ နည်းပညာ စံသတ်မှတ်ချက်တွေအောင်တဲ့ ကုမ္ပဏီ ၁၀ ခုထဲကမှ ငွေကြေးအသက်သာဆုံးဖြစ်တဲ့ တရုတ်ကုမ္ပဏီကို ရွေးထားတာပါ၊ ပြီးခဲ့တဲ့နှစ်က အိန္ဒိယကုမ္ပဏီလည်း ပါပါတယ်၊ ဒါပေမယ့် အဲဒီကုမ္ပဏီတွေက ဘက်ထရီမှာ ကျွန်တော်တို့လိုချင်တဲ့ စံမမီတဲ့အတွက် ကမ္ဘာ့ဘဏ်က လက်မခံဘူး၊ ရွေးထားပြီးသားတောင်မှ လက်မခံတာပါ၊ ရွေးတဲ့အချိန်မှာလည်း နိုင်ငံတကာပညာရှင်တွေက ခေါင်းဆောင်ပြီး စိစစ်ရွေးချယ်ထားတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့က ပြီးခဲ့တဲ့နှစ်က အတွေ့အကြုံ မရှိသေးတဲ့အတွက် International Solar Consultant တွေက အဓိကဦးဆောင်ပြီး နောက်ဆုံးရွေးထားပြီးသားကို ကမ္ဘာ့ဘဏ်ကို ပို့ရတယ်၊ ပို့တဲ့အချိန်မှာ ကမ္ဘာ့ဘဏ်က ဒါကို Review ပြန်လုပ်တယ်၊ technical ကတော့ စိတ်တိုင်းမကျဘူး၊ ဘာတွေလိုနေတယ် စတာတွေကို ပြန်လာတယ်၊ ဒါတွေကိုပြင်ဆင်ပြီး သဘောတူတယ်ဆိုမှ သက်ဆိုင်ရာကုမ္ပဏီနဲ့ စာချုပ်ချုပ်ရတာဖြစ်ပါတယ်၊ စာချုပ်ချုပ်တဲ့အခါမှာလည်း performance guarantee တင်ရတယ်၊ ငွေချေတဲ့အခါမှာလည်း



*စာမျက်နှာ ၁၀ သို့*

# လူနာတင်ယာဉ်များ အသွင်ပြောင်းထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံခြားငွေကို ချွေတာသုံးစွဲနိုင်

**၂၀၁၈ ခုနှစ် ဧပြီ ၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စက်မှုဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အထူးကဏ္ဍသတင်းစာမျက်နှာတွင် အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)မှ လူနာတင်ယာဉ်များ တပ်ဆင်ထုတ်နေသည်ကို ဖတ်မိလိုက်သည်။**

**ယခင်က အကြီးစားစက်မှုလုပ်ငန်းနှင့် မာဇဒါကားထုတ်လုပ်သူတို့ ပူးပေါင်းပြီး လူစီးကားတစ်စီးလုံးတင်သွင်းမည့်အစား ကားအစိတ်အပိုင်းများကို ပြည်တွင်း၌ တတ်နိုင်သမျှ ထုတ်လုပ်ကာ မြန်မာနိုင်ငံတွင် လူစီးကားတစ်စီးလုံး တပ်ဆင်မှုများ ပြုလုပ်၍ မာဇဒါအမှတ်တံဆိပ်နှင့်ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချအသုံးပြုနေမှုများ မြင်တွေ့ခဲ့ရဖူးသည်။ ယခုအစိုးရသစ်လက်ထက်တွင် လူနာတင်ယာဉ်အား မည်ကဲ့သို့ ထုတ်လုပ်နေသည်ကို သိရှိလို၍ အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)စက်ရုံမှူးထံ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး ။ ။ အရင်က ဒီစက်ရုံက ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားတွေ ထုတ်လုပ်တယ်လို့ သိထားပါတယ်၊ အခု လူနာတင်ယာဉ်ထုတ်လုပ်နေတာနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့က ၂၀၀၆ ခုနှစ်မှာ ဒီစက်ရုံ စတည်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ဖွင့်ပါတယ်။ ဖွင့်တုန်းက ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားတွေ ပြည်ပကနေ ဝယ်ရတဲ့အနေအထားကနေပြီး မိမိနိုင်ငံအတွင်းမှာ ထုတ်လုပ်သုံးစွဲနိုင်ဖို့ ရည်ရွယ်ပြီး ဒီစက်ရုံကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။ တံခါးပိတ်စီးပွားရေးကျင့်သုံးနေတဲ့ ကာလမှာ စက်ရုံကထုတ်လုပ်တဲ့ ယာဉ်ယန္တရားတော်တော်များများကို ရောင်းရပါတယ်။ အထူးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့တော်စည်ပင်၊ နယ်စပ်စည်ပင်နဲ့ တပ်မတော်တို့ ဝယ်ယူအားပေးကြပါတယ်။



လူနာတင်ယာဉ်၏ အတွင်းပိုင်းအပြင်အဆင်ကို တွေ့ရစဉ်။

၂၀၁၀ ပြည့်နှစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖွင့်လိုက်တဲ့အခါမှာ ဈေးကွက် စီးပွားရေးစနစ်အရ ကျွန်တော်တို့ ထုတ်လုပ်တဲ့ ယာဉ်ယန္တရားအသစ်တွေကို အားပေးတာ နည်းလာပြီးတော့ အသုံးပြုပြီးသား ယာဉ်ယန္တရားတွေကို အသစ်တစ်ဖန် ပြင်ဆင်မွမ်းမံပြီး ပြည်ပနိုင်ငံတွေက တင်သွင်းတာများလာပါတယ်။ အဲဒါတွေက ဈေးပိုချိုတယ်။ ဒီဇိုင်းပါ သစ်ဆန်းလာတယ်။ လေး၊ ငါးနှစ် သုံးပြီး ပစ်လိုက်တယ်။ ကျွန်တော်တို့ ယာဉ်ယန္တရားကတော့ ၁၀ နှစ် သုံးလည်း ကိစ္စမရှိဘူး။ ကြာရှည်ခံတယ်။ ဒါပေမယ့် ဈေးကွက်အရ ကျွန်တော်တို့ ယာဉ်ယန္တရားတွေဝယ်ယူသုံးစွဲတာ နည်းလာတယ်။ ဈေးကွက်မှာ မယှဉ်ပြိုင်နိုင်လို့ ထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရတယ်။ စက်ရုံကို အသုံးမချနိုင်တော့ဘူးပေါ့။



အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)မှ ထုတ်လုပ်သည့် လူနာတင်ယာဉ်များကို တွေ့ရစဉ်။

အခု အစိုးရသစ်လက်ထက်မှာ ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တို့ ဝန်ထမ်းတွေ နည်းပညာအသစ်များရရှိအောင်၊ စက်ရုံကို ပြန်လည်ရှင်သန်လာအောင် နိုင်ငံတော်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုမှာ မရှိမဖြစ်လိုအပ်နေတဲ့ လူနာတင်ယာဉ် ထုတ်လုပ်ဖို့ စီမံချက်အရ လွန်ခဲ့တဲ့ လေးလကစပြီး စမ်းသပ်ထုတ်လုပ်ခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ဒီဇိုင်းနဲ့ တပ်ဆင်မယ့် ပစ္စည်းတွေကို အသေးစိတ် ညှိနှိုင်းပြီး တိုယိုတာ လူနာတင်ယာဉ်တင်သွင်းဖို့ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လိုအပ်ချက်နဲ့အညီ ကျွမ်းကျင်သူ သမားတော်ကြီးတွေကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မယ့်အပြင် ဈေးနှုန်းအသက်သာဆုံးနဲ့ စွမ်းဆောင်ရည်အမြင့်မားဆုံးဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနက တာဝန်ယူ တပ်ဆင်ထုတ်လုပ်ခဲ့ပါတယ်။

**မေး ။ ။ တိုယိုတာလူနာတင်ယာဉ် အသွင်ပြောင်း တပ်ဆင်ထုတ်လုပ်မှုကို ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ နိုင်ငံတကာမော်တော်ယာဉ် ထုတ်လုပ်သူတွေဟာ ကုန်တင်ယာဉ်အမျိုးမျိုးနဲ့ လူစီးယာဉ်အမျိုးမျိုးကို မူရင်းထုတ်လုပ်သူမှ တိုက်ရိုက် ထုတ်လုပ်ပေးနေပေမယ့် နည်းပညာနဲ့ အသုံးချမှုဆိုင်ရာ သီးခြားသတ်မှတ်ချက်တွေရှိတဲ့ လူနာတင်ယာဉ်နဲ့ အခြားလုပ်ငန်းသုံးယာဉ်တွေကို သီးခြားတိုက်ရိုက်ထုတ်လုပ်ပေးနေခြင်း မရှိပါဘူး။ နိုင်ငံတကာမှာ လူနာတင်ယာဉ်အများအပြား တပ်ဆင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများဟာလည်း လူနာတင်ယာဉ် အမျိုးအစားအလိုက် သင့်လျော်ရာ အခြေခံမော်တော်ယာဉ်တွေကို ရွေးချယ်ပြီး လူနာတင်ယာဉ်များအဖြစ် အသွင်ပြောင်းထုတ်လုပ်လျက်ရှိပါတယ်။

ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကလည်း ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဝယ်ယူမယ့် တိုယိုတာလူနာတင်ယာဉ်တွေ ထုတ်လုပ်ပေးနိုင်ဖို့ တိုယိုတာ မော်တော်ယာဉ်ဖြန့်ဖြူးသူများထံကနေ သင့်လျော်ရာ Toyota Commuter ကားအမျိုးအစားကို တင်ဒါခေါ်ယူပြီး ဝယ်ယူတင်သွင်းပါတယ်။ ပြီးတော့ လူနာတင်ယာဉ်အဖြစ် ကျွန်တော်တို့ရဲ့ မူပိုင်ပုံစံဒီဇိုင်းအရ အသွင်ပြောင်း တပ်ဆင်ထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနက တပ်ဆင်ထုတ်လုပ်တဲ့ လူနာတင်ယာဉ် အမျိုးအစားဟာ (Standard Type) အဆင့်ဖြစ်ပါတယ်။

လူနာကုသရေးအတွက် ယာဉ်အတွင်း နှလုံးနှိုးဆွစက်၊ ချွဲစုပ်စက်၊ အောက်ဆီဂျင်အိုးနဲ့ ဖိအားထိန်းကိရိယာ၊ အသက်ရှူလမ်းကြောင်းဖွင့်ကိရိယာ၊ သွေးတိတ်မျှော့ ပတ်တီးနဲ့ အရေးပေါ်အခြေအနေမှာ အဆင်သင့်အသုံးပြုနိုင်မယ့် ဆေးနဲ့ ဆေးပစ္စည်း ၄၁ မျိုးပါဝင်တဲ့ အရေးပေါ်သုံး ရှေးဦးသူနာပြုဆေးအိတ်စတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့စိတ်ကြိုက် အမေရိကန်၊ အီတလီစတဲ့ အနောက် နိုင်ငံထုတ် ကုသရေးပစ္စည်းတွေ မှာယူပြီး တူရကီနိုင်ငံက ပညာရှင်တွေနဲ့ စက်ရုံဝန်ထမ်းတွေ ပူးပေါင်းတပ်ဆင်ကြပါတယ်။

မူလယာဉ်အမျိုးအစားကနေ အခြားယာဉ်အဖြစ် အသွင်ပြောင်းထုတ်လုပ်တဲ့အခါ မူလယာဉ်လိုပဲ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေဖို့နဲ့ လုပ်ငန်းသုံး သီးခြားသတ်မှတ်ချက်တွေ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးအတည်ပြုပေးဖို့ လိုအပ်လာပါတယ်။

အသွင်ပြောင်းတပ်ဆင်ထုတ်လုပ်တဲ့ မော်တော်ယာဉ်တွေကို အရည်အသွေးနဲ့ စံချိန်စံညွှန်းသတ်မှတ်ရေးနဲ့ အတည်ပြုစစ်ဆေးရေးပူးပေါင်းအဖွဲ့ကတော့ မြန်မာနိုင်ငံဆေးကောင်စီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အင်ဂျင်နီယာကောင်စီ၊ စက်မှုဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ဆက်စပ်အဖွဲ့အစည်းတွေက အတည်ပြုပေးမှာဖြစ်ပါတယ်။

**မေး ။ ။ အသွင်ပြောင်း တပ်ဆင်ထုတ်လုပ်တဲ့ အဓိက ရည်ရွယ်ချက်ကို သိပါရစေခင်ဗျာ။**

ဖြေ ။ ။ အဓိက ရည်ရွယ်ချက်ကတော့ စက်ရုံ ပြန်လည်ရှင်သန်လာအောင်လို့၊ လုံးဝအသုံးမပြုရသေးတဲ့ လူစီးမော်တော်ယာဉ် အသစ်စက်စက်တွေကို ပြည်ပကနေ ကာလတန်ဖိုး ငွေကျပ်သိန်း ၃၅၀ ခန့်နဲ့ ဝယ်ယူပါတယ်။ ပြည်ပက လူနာတင်ယာဉ်အတွင်း တပ်ဆင်မယ့် အရေးပေါ် လူနာကုသရေးပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနဲ့ တပ်ဆင်ထုတ်လုပ်ခကတော့ ငွေကျပ်သိန်း ၃၉၀ ခန့် ကုန်ကျခံပြီး အသွင်ပြောင်း တပ်ဆင်ထုတ်လုပ်ပါတယ်။ စုစုပေါင်းငွေကျပ်သိန်း ၇၄၀ နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ပြန်လည်ရောင်းချပါတယ်။

ပြည်ပကနေ လူနာတင်ယာဉ် မှာယူတင်သွင်းရင်တော့ ငွေကျပ်သိန်း ၁၂၀၀ ကျော်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ အခုလို လူနာတင်ယာဉ်အဖြစ် အသွင်ပြောင်းထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံခြားငွေကို ချွေတာသုံးစွဲနိုင်တဲ့အပြင် မိမိနိုင်ငံနဲ့ ကိုက်ညီတဲ့ လူနာတင်ယာဉ်တွေကို ပုဂ္ဂလိကနဲ့ ပြည်ပပညာရှင်တွေနဲ့အတူ ပူးပေါင်းထုတ်လုပ်နိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း အန္တရာယ်အမျိုးမျိုးကြောင့် အတွင်းလူနာနဲ့ အပြင်လူနာ နှစ်ဦးသာ သယ်ယူပို့ဆောင်နိုင်တဲ့ လူနာတင်ယာဉ်တွေအပြင် အတွင်းလူနာခြောက်ဦးနဲ့အထက် သယ်ယူပို့ဆောင်နိုင်တဲ့ လူနာတင်ယာဉ်ကားကြီးတွေကိုလည်း ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**တွေ့ဆုံမေးမြန်း-ကျော်ဇေယျ၊ ဓာတ်ပုံ-အေးသန်း**

# ဖားကန့်မြို့နယ်တွင် မြေပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၁၇ ဦး သေဆုံး

**ဖားကန့် မေ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ လုပ်ကွက်တစ်ခုတွင် ယနေ့နံနက် ၄ နာရီခွဲခန့်က မြေသားကမ်းပါးယံပြိုကျမှုကြောင့် မြေစာများ ပိမိပြီး ရေမဆေးကျောက်ရှာဖွေသူ ၁၇ ဦး သေဆုံးကာ ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ကျောက်မျက်ရွှေပြည်ကုမ္ပဏီလုပ်ကွက်အတွင်းမှ လုပ်ကွက်အမှတ် ၅၅၈ မှ အလျားပေ ၁၀၀ ထုထည် ပေ ၂၀ ခန့်ရှိ ကမ်းပါးသည် အမြင့်ပေ ၁၅၀ ခန့်မှ အောက်ဘက်ရှိ စိမ်းရွှေဝါကုမ္ပဏီလုပ်ကွက်အမှတ် ၄၄၄ အတွင်းသို့ ပြိုကျခဲ့ခြင်း ဖြစ်ကြောင်း၊ မြေပြိုကျမှုကြောင့် အဆိုပါနေရာတွင် ရေမဆေးကျောက် ရှာဖွေနေသူများ မြေစာပိမိခဲ့ခြင်းဖြစ်ကြောင်း ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အတည်ပြုပြောကြားသည်။

မြေပြိုမှုဖြစ်စဉ် ဖြစ်ပွားမှုအခြေအနေနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်အား မေးမြန်းရာ "အခင်းဖြစ်ပွားတာက ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီနှစ်ခုရဲ့ လုပ်ကွက်နှစ်ခုအတွင်းမှာ ဖြစ်တာပါ။ အပေါ်က ကျောက်မျက်ရွှေပြည်ကုမ္ပဏီနဲ့ အောက်ဘက်မှာက စိမ်းရွှေဝါကုမ္ပဏီပါ။ သက်ဆိုင်ရာ ကုမ္ပဏီတွေက ညပိုင်းဆင်း အလုပ်လုပ်ကြတယ်။ ညပိုင်းဆင်းပြီး နံနက် ၄ နာရီလောက်မှ နားတယ်။ နားပြီး နံနက် ၇ နာရီလောက်မှာ တစ်ဆိုင်း ပြန်ဝင်ကြတယ်၊ အဲဒီကြားမှာ ဖြစ်သွားတာပါ။

"ဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပူးပေါင်းအဖွဲ့တွေအနေနဲ့ ဆက်တိုက်ရှာဖွေနေတာ နံနက် ၁၁ နာရီခန့်အထိတော့ ရုပ်အလောင်း ၁၄ လောင်း ရှာဖွေတွေ့ရှိပါတယ်။ ပျောက်တဲ့သူတွေထဲက တချို့က အစုအဖွဲ့တွေရှိတယ်။ နယ်ဘက်ကနေ မိသားစုအလိုက် နှစ်ဦး၊ သုံးဦး တက်လာတာတွေရှိတယ်။ ပျောက်ဆုံးသူစာရင်းတွေ သူတို့နဲ့ နီးစပ်ရာသူတွေကနေ ကျွန်တော်တို့ဆီ လာရောက်သတင်းပို့ထားတာတွေ ရှိပါတယ်။ အဲဒီအတိုင်း ကျွန်တော်တို့ ပြန်တိုက်ပြီး ဆက်လက်ရှာဖွေလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နံနက် ၁၁ နာရီလောက်မှာ ခဏနားပြီး မွန်းလွဲပိုင်း ရှာဖွေရေး ဆက်လုပ်တော့ နောက်ထပ် သုံးဦး ထပ်တွေ့တယ်၊ ဒီနေ့မှာ သေဆုံးသူအားလုံး ၁၇ ဦးအထိရှိပြီး ဒဏ်ရာရသူ ရှစ်ဦးစုစုပေါင်း ၂၅ ဦး အထိ ကျွန်တော်တို့ တွေ့ရှိပါပြီ။ အားလုံးရှင်းသွားအောင် ကျွန်တော်တို့အနေနဲ့ ပြိုကျတဲ့နေရာက မြေစာတွေအားလုံးကို ဖယ်ထုတ်ရှင်းလင်းပစ်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

"အဲ့ဒီနေရာမှာ ကုမ္ပဏီတွေ တူးတယ်။ ကုမ္ပဏီတွေက နားထားပြီ၊ ရေမဆေးတွေ ဝင်ရောက်ရှာဖွေရင်းနဲ့ ဖြစ်သွားတာ။ ဒီမှာက မိုးတွေကလည်း တဖွဲဖွဲနဲ့ ဆက်တိုက်ရွာနေတယ်။ နှစ်ရက်၊ သုံးရက်လောက် ဆက်တိုက်ရွာနေတယ်။ အဲဒီတော့ ကမ်းပါးတွေကလည်း အိပြီးပဲ့ကျတယ်။ ဝေ့ခါမှော်က ကုမ္ပဏီတွေ တူးတာတောင် ခဏခဏ လျှောကျတာတွေဖြစ်တယ်။ သူတို့ကလည်း လောဘကြောင့် အခုလိုဖြစ်ရတာပါ" ဟု ကျောက်စိမ်းကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောသည်။

အဆိုပါဖြစ်စဉ်ကြောင့် သေဆုံးသူ ရုပ်အလောင်းများနှင့် ဒဏ်ရာရရှိသူများကို ဝေ့ခါကျေးရွာ လူမှုကူညီရေးအသင်းနှင့် သခ်ာ လူမှုကူညီရေးအသင်းမှ ယာဉ်များဖြင့် ဖားကန့်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာ နေရာသို့ ဖားကန့်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများနှင့် ရပ်မိရပ်ဖများ ပူပေါင်း၍ ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်များနှင့် ပျောက်ဆုံး ကျန်ရှိသူများ ရှိ မရှိ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အခင်းမဖြစ်မီအချိန် မေ ၄ ရက် နံနက် ၄ နာရီခန့်တွင် ကုမ္ပဏီမှ အလုပ်သမားများ ညပိုင်းအလုပ်ဆင်းပြီး ခေတ္တရပ်နားထားခြင်းဖြစ်ရာ နံနက် ၄ နာရီ ၅ မိနစ်ခန့်တွင် ရေမဆေးသမားများ စတင်ဝင်ရောက်ရှာဖွေခဲ့ကြောင်း နာရီဝက်ခန့်အကြာတွင် ကမ်းပါးယံမှ အနည်းငယ်ပြိုကျမှုကြောင့် ရေမဆေးသမားအချို့ ရှောင်ထွက်သွားသော်လည်း အချို့မှာ ရှောင်ရှားခြင်းမပြုဘဲ ပြိုကျမြေသားများအပေါ် ဆက်လက်ရှာဖွေနေစဉ် နံနက် ၄ နာရီခွဲခန့်တွင် ကမ်းပါးယံ ထပ်မံပြိုကျမှုဖြစ်ပွားကာ ထိုသို့ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ စစ်ဆေးတွေ့ရှိချက်အရ သိရသည်။

အဆိုပါမြေပြိုမှုဖြစ်စဉ် ဖြစ်ပွားသည့်နေရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အပေါ်ပိုင်းကျန်ရှိနေသည့် ကျောက်ရောမြေစာများအား ဖယ်ရှားရှင်းလင်းရန်နှင့် တရားမဝင် ရေမဆေးရှာဖွေသူများ ထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် အကာအရံများ၊ အတားအဆီးများ ပြုလုပ်ထားရှိရန်၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဝေ့ခါကျေးရွာအုပ်ချုပ်ရေးအဖွဲ့အား အန္တရာယ်ရှိနေရာများတွင် ရေမဆေးကျောက် ဝင်ရောက်ရှာဖွေခြင်း မပြုစေရေးအတွက် သတိပေးကြေညာခြင်းနှင့် စောင့်ကြည့်ခြင်းများ ဆောင်ရွက်ရန် တာဝန်ပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဝင်းနိုင်(ကချင်မြေ)**



# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပစနစ်)သည် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၉၀ အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နှစ်အလိုက်လျာထားဘတ်ဂျက်၊ ပြည်သူ့ထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်မီးလင်းရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပစနစ်) မှ တပ်ဆင်ပေးမည့် တစ်အိမ်သုံးဆိုလာစနစ်တင်ဒါခေါ်ယူရာတွင် ပြည်တွင်း ပြည်ပကုမ္ပဏီများဝင်ရောက်ယှဉ်ပြိုင်နိုင်သော နိုင်ငံတကာဈေးပြိုင်တင်ဒါစနစ် (International Competitive Bidding) ကို ကျင့်သုံးခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများသာမက နိုင်ငံတကာကုမ္ပဏီများပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

တင်ဒါခေါ်ယူနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်ဆိုင်ရာ Tender Document များကို စီမံကိန်း၏ဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်တို့နှင့် ညှိနှိုင်းရေးဆွဲပြီး ကမ္ဘာ့ဘဏ်သို့ ပေးပို့တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာ နိုင်ငံပိုင်သတင်းစာများတွင် နှစ်ရက်ခန့် ကြော်ငြာထည့်သွင်းဖော်ပြသကဲ့သို့ ကမ္ဘာ့ဘဏ်၏ UNDP Website တွင် တစ်ပတ်ခန့် ကြော်ငြာထည့်သွင်း၍ တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

တင်ဒါခေါ်ယူပြီးနောက် အဆိုပြုလွှာမတင်သွင်းရသေးမီကြားကာလတွင် Tender Document တွင်ပါဝင်သည့် တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တင်ဒါယှဉ်ပြိုင်သည့်ကုမ္ပဏီများ ကောင်းမွန်စွာသိရှိစေရန်အတွက် တင်ဒါအကြိုညှိနှိုင်းဆွေးနွေးပွဲ (Pre-Bid Meeting) များပြုလုပ်ပြီး စနစ်တကျညှိနှိုင်းဆွေးနွေးဆောင်ရွက်ပါသည်။ ထို့နောက် တင်ဒါဖွင့်ပွဲပြုလုပ်၍ တင်ဒါအဆိုပြုလွှာများအား အဆိုပြုလွှာတင်သွင်းသည့်ကုမ္ပဏီများ ရှေ့မှောက်တွင်ပင် ပွင့်လင်းမြင်သာမှုရှိစွာ ဖွင့်ဖောက်စိစစ်ခြင်းကို ဆောင်ရွက်ပြီး စည်းကမ်းချက်နှင့် ကိုက်ညီမှုရှိသည့် အဆိုပြုလွှာများကိုသာ တင်သွင်းခွင့်ပြုခြင်းဖြစ်သည်။

အရည်အသွေး အကဲဖြတ်စိစစ်ခံရမည့်အဆင့်သို့ ရောက်ရှိလာသည့် အဆိုပြုလွှာများကို ဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်၊ စီမံကိန်းနည်းပညာအဖွဲ့များမှ အကြိုအကဲဖြတ်စိစစ်ခြင်း(Pre Evaluation)၊ အပြီးသတ်အကဲဖြတ်စိစစ်ခြင်း (Final Evaluation) များဆောင်ရွက်၍ ဆိုလာစနစ်များအတွက် IEC/ISO စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းနိုင်သည့် ကုမ္ပဏီကိုသာ အတည်ပြုရွေးချယ်ပါသည်။ အတည်ပြုရွေးချယ်ထားသော ကုမ္ပဏီအနေဖြင့် စီမံကိန်းမှ သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာအတွေ့အကြုံများနှင့် ပြည့်စုံပြီး ခိုင်မာမှုရှိကြောင်း အထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်း စိစစ်အကဲဖြတ်ပြီးမှသာ ဆန်ခါတင်ရွေးချယ်ခြင်းခံရသည့် ကုမ္ပဏီများအား ကမ္ဘာ့ဘဏ်အဖွဲ့သို့ ပေးပို့အတည်ပြုချက်ရယူပါသည်။

ကမ္ဘာ့ဘဏ်၏ အတည်ပြုချက်ရရှိပြီးနောက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် သတ်မှတ်လမ်းညွှန်ချက်များနှင့်အညီ စာချုပ်ချုပ်ဆိုပါသည်။

နမူနာပစ္စည်းစမ်းသပ်စစ်ဆေးမှု အောင်မြင်မှသာလျှင် ရှေ့ပြေးစီမံကိန်းကျေးရွာများ ရွေးချယ်၍ အိမ်သုံးဆိုလာစနစ် ရှေ့ပြေးတပ်ဆင်ခြင်း (Pilot Installation) လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်းဖြစ်ပါသည်။ Pilot Installation တပ်ဆင်ဆောင်ရွက်ရာတွင် International Consultan အများ ဦးစီးပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့် တပ်ဆင်သည့် ကုမ္ပဏီများမှတာဝန်ခံများ အတူတကွကွင်းဆင်းစစ်ဆေးအတည်ပြုပြီးမှသာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအား ဆက်လက်တပ်ဆင်ခွင့်ပြုခြင်းဖြစ်ပါသည်။

စီမံကိန်းမှ တပ်ဆင်ပေးသည့် အိမ်သုံးဆိုလာစနစ်များသည် အာမခံသက်တမ်းအားဖြင့် ဆိုလာပြားအတွက် ၁၀ နှစ်၊ ဘက်ထရီ (၈၀ ရာခိုင်နှုန်း Output) အတွက် သုံးနှစ် စသည်ဖြင့် ပါဝင်ပစ္စည်းများကိုလိုက်၍ အာမခံသက်တမ်းများ အသီးသီးသတ်မှတ်ပေးထားပါသည်။

တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တင်သွင်းလာသည့် ပစ္စည်းများကို စီမံကိန်းဧရိယာများ၌ တပ်ဆင်ရာတွင်လည်း မှန်ကန်စွာတပ်ဆင်မှုရှိ၊ မရှိကို Management Information System (MIS) စနစ်အသုံးပြု၍ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

ပစ္စည်းများတပ်ဆင်ပြီးပါကလည်း လုပ်ငန်းများမှန်ကန်မှုရှိ၊ မရှိကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီများမှမဟုတ်သည့် တတိယအဖွဲ့အစည်းဖြစ်သည့် Inspection and Verification Agent မှ ထပ်မံစစ်ဆေးမှုများပြုလုပ်ပြီး ကွဲလွဲချက်များတွေ့ရှိပါက ပစ္စည်းသစ်များ ပြန်လည်လဲလှယ်တပ်ဆင်စေပါသည်။

တစ်အိမ်သုံးဆိုလာများအတွက် ဈေးနှုန်းအနည်းဆုံး တင်သွင်းသည့် မည်သည့်ကုမ္ပဏီမဆို သတ်မှတ်ထားသည့် Standard and Specification များနှင့် ကိုက်ညီသည့် ပစ္စည်းများကို တင်သွင်းလာပါက ရွေးချယ်လက်ခံမည်ဖြစ်ပါသည်။

စီမံကိန်းမှဆောင်ရွက်ပေးခဲ့သည့် အိမ်သုံးဆိုလာစနစ်များ၏ ပစ္စည်းအရည်အသွေး၊ အာမခံသက်တမ်းတို့နှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်စေရေး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပါကြောင်းဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ် နေပြည်တော် ဖုန်း- ၀၆၇-၃၄၀၉၅၂၉၊ ၀၆၇-၃၄၀၉၂၁၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ**

**၂၀၁၆ -၂၀၁၇ ICB-I ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု**

| နည်းလမ်း | ကျေးရွာ | လုပ်ငန်း (အိမ်ခြေ) | အများပိုင်အဆောက်အဦ (စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းမီး၊ ဘာသာရေး အဆောက်အဦ စသည်) |
|---|---|---|---|
| တစ်အိမ်သုံးဆိုလာစနစ် | ၂၇၀၈ | ၁၄၁၄၆၅ | ၁၉၁၉၅ |
| အသေးစားဓာတ်အားလိုင်းစနစ် | ၁၀ | ၁၅၀၃ | ၃၅၉ |
| စုစုပေါင်း | ၂၇၁၈ | ၁၄၂၉၆၈ | ၁၉၅၅၄ |

**၂၀၁၇-၂၀၁၈ ICB-II ဖြင့်အကောင်အထည်ဖော်မည့်လုပ်ငန်းများ**

| နည်းလမ်း | ကျေးရွာ | လုပ်ငန်း (အိမ်ခြေ) | အများပိုင်အဆောက်အဦ (စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းမီး၊ ဘာသာရေး အဆောက်အဦ စသည်) |
|---|---|---|---|
| တစ်အိမ်သုံးဆိုလာစနစ် | ၁၃၆၆ | ၈၈၀၁၉ | ၁၃၃၆၇ |
| အသေးစားဓာတ်အားလိုင်းစနစ် | ၁၆ | ၃၁၂၇ | ၉၉၁ |
| စုစုပေါင်း | ၁၃၈၂ | ၉၁၁၄၆ | ၁၄၃၅၈ |

# ထိန်ပင်အမှိုက်ပုံမီး အောက်ခြေမှထွက်ရှိသည့် အပူရှိန်များကြောင့် ဆက်လက်စောင့်ကြည့်မှုများပြုလုပ်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူရှိန်များကြောင့် ယနေ့တွင် (ဒုတိယနေ့အဖြစ်) ဆက်လက်စောင့်ကြည့်မှုများပြုလုပ်၍ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ အခြေအနေတွင် ဦးစီးဆောင်ရွက်နေသူ မှော်ဘီမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မင်းဦးက "ဒီကနေ့မှာတော့ ဇုန်တွေထဲက တချို့နေရာတွေရဲ့အောက်ခြေ



တွေမှာ အပူရှိန်ကြောင့် အပူငွေ့တွေ ထွက်နေတာမျိုးရှိပါတယ်၊ အဲဒီလို အပူငွေ့ထွက်တဲ့နေရာတွေကို အဖွဲ့လိုက် စောင့်ကြည့်ပြီး အပြီးသတ်ငြိမ်းသတ်မှုတွေ လုပ်နေပါတယ်၊ အခုလိုထွက်ရှိနေတဲ့အရာတွေဟာ မီးမဟုတ်ပါဘူး၊ မီးခိုးပုံစံ အပူငွေ့တွေပါ၊ မီးမဟုတ်ပေမယ့်လည်း အဲဒီအပူငွေ့ကြောင့် မီးဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ကြိုတင်စောင့်ကြည့်ပြီး ငြိမ်းသတ်နေရတာဖြစ်ပါတယ်၊ နောက်ထပ်လည်း အပူငွေ့ ထွက်ရှိနေတဲ့အပေါ်မှာ မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ အမှိုက်ပုံတည်ရှိရာ လှိုင်သာယာမြို့နယ်၌ နာရီဝက်ခန့် မိုးများရွာသွန်းခဲ့သော်လည်း မိုးရွာသွန်းမှုအပြီးတွင် အမှိုက်ပုံမှ တချို့နေရာများတွင် အပူငွေ့များ ဆက်လက်ထွက်ပေါ်ခဲ့သဖြင့် (A,B,C,D) ဇုန်များအတွင်း အဖွဲ့လိုက် စောင့်ကြည့်မှုများပြုလုပ်ကာ ချက်ချင်းငြိမ်းသတ်သည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က" ဒီကနေ့မှာတော့ တချို့ဇုန်တွေထဲမှာ အပူ၊ အငွေ့ထွက်တာတွေ ရှိနေပါသေးတယ်၊ အဲဒါတွေကို သွားရောက်ငြိမ်းသတ်ဖို့အတွက် ရေပိုက်တွေ ဆက်ပေးပါတယ်၊ မီးသတ်ကားတွေ သွားနိုင်ဖို့အတွက်ကိုလည်း စက်ယန္တရားကြီးတွေနဲ့ လမ်းဖောက်ပေးပါတယ်၊ အခြားသောလိုအပ်တဲ့အပိုင်းတွေမှာလည်း မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ကျွန်တော်တို့ YCDC ဝန်ထမ်းတွေက ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအပါအဝင် အင်အား ၁၀၀ ကျော်က မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများပြုလုပ်လျက်ရှိရာ ပရဟိတအသင်းများနှင့် စေတနာရှင်ပြည်သူများက အစားအသောက်များ လာရောက်လှူဒါန်းကြသည်။

ရုပ်ရှင်သရုပ်ဆောင် မတူးက " ဒီအမှိုက်ပုံကြီး မီးလောင်နေတုန်းက ရခိုင်ပြည်နယ်မှာ ကားရိုက်နေတာပါ၊ အကူအညီတွေ ပေးချင်ခဲ့ပါတယ်၊ အခုအချိန်မှာတော့ မီးငြိမ်းသွားပြီဆိုပေမယ့် ကျန်ရှိနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နေသူတွေကို စိန်ဂျွန်း လသာ(၂)ကလှူတဲ့ အစားအသောက်၊ အလှူပစ္စည်းတွေကို ကိုယ်စားလာရောက်လှူဒါန်းပေးတာပါ၊ အခုလို လာရောက်လှူဒါန်းရတဲ့အတွက်လည်း အလှူရှင်တွေကိုယ်စား ပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

ယခုအခါ မီးခိုးထွက်ရှိမှုနှင့် မီးကြွင်းမီးကျန်များ မရှိစေရန် ပူးပေါင်းအင်အား ၁၀၀ ကျော်ဖြင့် မီးလောင်ပြင်အား စောင့်ကြည့်မှုများပြုလုပ်၍ အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူအငွေ့များကို ငြိမ်းသတ်ရသည့်အဆင့်သာ ရှိတော့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

*စာမျက်နှာ ၈ မှ*

ပစ္စည်းရောက်တဲ့အခါမှ ငွေချေတာဖြစ်ပါတယ်၊ ရွာတွေကို ကောက်တဲ့အခါမှာလည်း ပြီးခဲ့တဲ့ ICB -1 တုန်းက မသေချာမှာကြောက်လို့ ငွေကို ပထမအကြိမ်ကောက်လိုက်တယ်၊ ICB -1 တုန်းက သုံးရစ်ခွဲ ပေးလိုက်တယ်၊ အဲဒီမှာ ပြဿနာက တင်ဒါကြော်ငြာတာရယ် ကြော်ငြာ evalution လုပ်တာရယ်ကြောင့် ကြားမှာ ကိုးလ လောက်ကွာသွားတယ်၊ ကျွန်တော်တို့မှာလည်း အဲဒီအတွေ့အကြုံမရှိတဲ့အတွက် ငွေကို သွားကောက်လိုက်မိတာကြောင့် ပြည်သူတွေရဲ့ ထင်မြင်ချက် အမျိုးမျိုးထွက်လာတဲ့အတွက် လွှတ်တော်မှာ ရှင်းခဲ့ရပါတယ်၊ ဒီနှစ်မှာတော့ ငွေကို ကြိုမကောက်တော့ပါဘူး၊ လိုချင်တဲ့သူတွေကို လက်မှတ်ထိုးပြီး ပုံစံတွေကို ပေးလိုက်တယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကနေ ဘယ်နှအိမ်ယူမယ်၊ ဘယ်သူက ဝပ်ဘယ်လောက်ဆိုတာကို ပြုစုပြီးမှ တင်ဒါ document လုပ်ရတယ်၊ နောက်ပြီး သက်ဆိုင်ကျေးရွာအလိုက်ကို ပစ္စည်းရောက်မှ ပထမအရစ်အနေနဲ့ ငွေကောက်ခံမှာဖြစ်ပြီး တပ်ဆင်ပြီးမှ ဒုတိယအကြိမ် ကောက်ခံမှာဖြစ်ပါတယ်၊ အခုတင်ဒါအောင် ကုမ္ပဏီကတော့ အာဖရိကနိုင်ငံတွေမှာ ဆိုလာတွေ တပ်ဆင်နေတဲ့ကုမ္ပဏီတွေဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်အတွက် ဆိုလာများ တပ်ဆင်ခြင်းကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့၊ မြောက်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူး၊ မန္တလေး၊ ရှော ဝတီ၊ စစ်ကိုင်း၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် lot ၁၂ ခု ဆောင်ရွက်ရန်လျာထားပြီး Poly Solar ကုမ္ပဏီနှင့် Complant Lemi ကုမ္ပဏီတို့က အကောင်အထည်ဖော် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ၁၂၅ မြို့နယ်များထဲမှ ကျေးရွာပေါင်းမှာ ၁၃၆၆ ရွာဖြစ်ပြီး အိမ်ခြေပေါင်း ၈၈၀၁၉ အိမ်ဖြစ်ကြောင်း၊ ထိုရွာများအတွက် စီမံကိန်းမှ ရာနှုန်းပြည့် တပ်ဆင်ပေးမည့် အများပြည်သူသုံးဆိုလာစနစ် (ဘာသာရေးအဆောက်အအုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းနှင့် လမ်းမီး) များမှာ စုစုပေါင်း ၁၃၃၆၇ ခုဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်း ( Project Deputy Director) ထံမှ သိရသည်။

"မီဒီယာတွေနဲ့ ပတ်သက်ပြီး Information ကို မှန်မှန်ကန်ကန်နဲ့ ထုတ်ပြန်နိုင်ဖို့ communication strategy ဆွဲထားပြီးဖြစ်ပါတယ်၊ သက်ဆိုင်ရာ အောက်ခြေအဆင့်အထိပေးချင်သည့် သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန်ရောက်ဖို့အတွက် strategy ထဲကမှ ဘယ်ဟာက အကောင်းဆုံးဖြစ်လဲ ဆိုတာကို ရွေးထုတ်ပြီးတော့ ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးမောင်ဝင်းက ဆက်လက်ပြောသည်။

မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ပထမငါးနှစ်(၂၀၁၆ မှ ၂၀၂၁ ခုနှစ်အထိ)စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာသန်း ၉၀ ကို မဟာဓာတ်အားလိုင်းပြင်ပမီးလင်းရေးလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မြန်မာ တစ်နိုင်ငံလုံးအနှံ့ လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ပေးရာတွင် ကျန်အမေရိကန်ဒေါ်လာ သန်း ၃၁၀ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်း လုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# နေရပ်တိမ်းရှောင်ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့




**မိုးကောင်း မေ ၄**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်အဆင့် ဝန်ကြီးများနှင့်အတူ ကဆုန်နှဗ်မိုင်ကျေးရွာများမှ ခေတ္တနေရပ်တိမ်းရှောင်ပြည်သူများအား လမ်းခွကျေးရွာ လမ်ဘရေ့ယန် နှစ်ခြင်းဘုရားကျောင်း၌ ယနေ့နံနက် ၁၀ နာရီတွင် တွေ့ဆုံထောက်ပံ့သည်။

အဆိုပါ ထောက်ပံ့ရာတွင် အိမ်ထောင်စု ၂၆၁ စုအတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ် သုံးသောင်းစီကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးအဖွဲ့နှင့် Unicefတို့ ပူးပေါင်းမှုဖြင့်လည်း ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လမ်ဘရေ့ယန်နှစ်ခြင်းဘုရားကျောင်းရှိ အိမ်ထောင်စု ၁၆၅ စုအတွက် ငွေကျပ် ၄၉ သိန်း ငါးသောင်း၊ စိန်ပေါလု ကက်သလစ်ဘုရားကျောင်းရှိ အိမ်ထောင်စု ၂၄ စုအတွက် ငွေကျပ် ခုနစ်သိန်းနှစ်သောင်း၊ စိန်ဒေါမနစ်ကက်သလစ်ဘုရားကျောင်းရှိ အိမ်ထောင်စု ၄၂ စု အတွက် ငွေကျပ် ၁၂ သိန်း ခြောက်သောင်း၊ မောခွေလဘုရားကျောင်းရှိ အိမ်ထောင်စု ၃၀ အတွက် ငွေကျပ် ကိုးသိန်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့ရာ အိမ်ထောင်စုများကိုယ်စား သိက္ခာတော်ရဆရာ တာဝန်ခံများက လက်ခံရယူပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများကို အားပေးစကားပြောကြားပြီး အမှတ် ၃ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုစကခမှူး ဗိုလ်မှူးကြီးကျော်ခိုင်ထွန်းက ကျေးရွာများသို့ ပြန်လည်နေထိုင်နိုင်ရေး ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# အာရှဖွံ့ဖြိုးရေးဘဏ်မှ အထောက်အပံ့များ တောင်သူလယ်သမားများထံသို့ လွှဲပြောင်းပေးအပ်

**တပ်ကုန်း မေ ၄**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော "မိုးရေကို အကျိုးရှိစွာ စီမံခန့်ခွဲခြင်း စီမံကိန်း (GWM)" ဆောင်ရွက်မှု အစီအစဉ်အဖြစ် နဝင်းချောင်းမှ ရေကို ရေစုပ်စက်တပ်ဆင်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်သော GAP စိုက်ခင်းများသို့ ရေပေးဝေမှုအဆောက်အအုံနှင့် ရေစုပ်စက်တပ်ဆင်ခြင်း၊ အုတ်စီရေသွင်းမြောင်းပေအရှည် ပေ ၁၃၅၀ တည်ဆောက်ခြင်းကို နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရှောက်ကုန်းကျေးရွာမှ တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို မေ ၄ ရက် နံနက်က ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ Dr. Apichai Thirathon (WGA secretariat, Agronomist from ADB )၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနနှင့် မြေအသုံးချရေးဌာနခွဲတို့မှ ညွှန်ကြားရေးမှူးနှင့် အဖွဲ့များ၊ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ရှောက်ကုန်းကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ကြကာ Dr. Apichai Thirathon က Pump Irrigation ကို တောင်သူများကိုယ်စား မြို့နယ်ဦးစီးမှူး၊ တပ်ကုန်း စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

❍ *ရှေ့ဖုံးမှ*

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မကွေးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ၊ အမ်းမြို့နှင့် သာယာဝတီမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မဒေါက်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ သီပေါမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ရွှေကျင်မြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ကျောက်မဲမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ပလက်ဝမြို့နှင့် ဖျာပုံမြို့တို့တွင် ၀ ဒသမ ၅၁ လက်မစီ၊ ပေါင်မြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မိုင်းဆတ်မြို့၊ ဟားခါးမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၀ ဒသမ ၃၉ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

**၅ -၅-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (မွန်ပြည်နယ်)
- ၉း၃၀ - **စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့**
- ၁၀း၄၅ - ကဗျာရိပ်မြုံ **ကျောင်းမှန်မှန်တက်မယ်**
- ၁၀း၅၅ - NHK Program "Pythagora Switch 2"(နောက်ကို ပြန်စဉ်းစားခြင်း)(အပိုင်း-၃)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၁၉) (မင်းဦး၊ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
- ၁၃း၃၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၂) (ဒုတိယမျက်နှာ၊ ခြားနားခြင်း)

**ညပိုင်း**

- ၁၆း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၁)**
- ၁၇း၀၅ - **ချိန်ခါမရွေးအန္တရာယ်ပေး သတိပြုပါမနေး**
- ၁၇း၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **မုန်းလို့ရရင် မုန်းချင်တယ်** (နေတိုး၊ မင်းဦး၊ သင်ဇာဝင့်ကျော်၊ ရတနာမိုင်) (ဒါရိုက်တာ-အောင်ဇော်လင်း)
- ၁၇း၄၅ - NHK Program Mathematic (တြိဂံတွေကိုလေ့လာကြမယ်)
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၈၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ချင်းပြည်နယ် (ဟားခါး))
- Big Step (Singer-KyawThiha)
- (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **မီးလျှံဒိုင်ယာရီ** (ထွန်းကိုကို၊ မင်းတော်ဝင်၊ နေဆန်း၊ ယုသန္တာတင်၊ မြတ်နိုးအေး) (ဒါရိုက်တာ- တုနှိုင်းခ)

❖ *ကျောဖုံးမှ*

ထိုင်းကလပ်အသင်း၊ ဇွန် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် မတ်လကတည်းက စခန်းဝင်လေ့ကျင့်မှု ပြုလုပ်ခဲ့ပြီး ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်မှုစတင်ခဲ့ကာ လက်ရှိတွင် ၂၆ ဦးသာ ထားရှိထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲကစားထားပြီး မေ ၁၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးနှင့် မန္တလေးမြို့သို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စုစုပေါင်း ခြောက်ပွဲကစားရန် စီစဉ်ထားသည်။ မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြများ**အဖြစ် ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုး-** ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ **အလယ်တန်း** - ခင်မာလာထွန်း၊ သင်းသင်းယု၊ ရူပါခိုင်၊ ခင်မိုမိုထွန်း၊ နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ **ရှေ့တန်း** - နုနုရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် အဓိက နိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်မီ ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် အခါအားလျော်စွာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလေ့ရှိပြီး ထိုင်းအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်လက ယှဉ်ပြိုင်ခဲ့သည့် အာရှဖလားအမျိုးသမီးပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် အသင်းလည်းဖြစ်သည်။ ထိုင်းအမျိုးသမီးအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရထားရာ မြန်မာအသင်းအတွက် အကျိုးရှိမည့် ခြေစမ်းခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ပထမထပ်(ခ)၊ အမှတ် (၂၇၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှစ်လေးလုံးပြည်သူ့ပါတီ (The Four Eights People's Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂-၅-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှစ်လေးလုံးပြည်သူ့ပါတီ (The Four Eights People's Party)၏ အလံပုံစံ**



**ရှစ်လေးလုံးပြည်သူ့ပါတီ (The Four Eights People's Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် **ရှစ်လေးလုံးပြည်သူ့ပါတီ (The Four Eights People's Party)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နေပြည်တော် ဇေယျာသီရိမြို့နယ် အောင်သာကျေးရွာ၌ မှုခင်းအသိပညာပေး ဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၁ ရက်က ကျင်းပရာ ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဇော်ဦးက ဟောပြောဆွေးနွေးစဉ်။** ဟိန်းထက်ဇော် (မြန်မာ့အလင်း)

# ငွေကျပ် ၂၅၇ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ထိုင်းဘတ်ငွေများ သိမ်းဆည်းရမိ



**ဘုရားသုံးဆူ မေ ၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ မေ ၃ ရက်ကငွေကျပ် ၂၅၇၃၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၇၈ အပါအဝင် ထိုင်းဘတ်တစ်သောင်း ငါးထောင်ရှစ်ရာနှင့် မြန်မာငွေကျပ်ရှစ်သောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မေ ၃ ရက်က ဗိုလ်ကြီးရဲသူအောင်ဦးစီးသော အဖွဲ့နှင့် ဘုရားသုံးဆူနယ်မြေစခန်းမှူး ရဲအုပ်အောင်မြတ်မိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဒေါ်လှလှအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၅၇၈ ပြား အလေးချိန် (၇၇၂ ဒသမ ၀၂)ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၅၇၃၄၀၀၀ ခန့် အပါအဝင် ထိုင်းဘတ်တစ်သောင်းငါးထောင်ရှစ်ရာနှင့် မြန်မာငွေကျပ်ရှစ်သောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ဒေါ်လှလှအေး (၅၆ နှစ်)အား ဘုရားသုံးဆူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# သားမယားပြုကျင့်ခဲ့သူအား ထောင်အနှစ် ၂၀ ချမှတ်

**တောင်တွင်းကြီး မေ ၄**

တောင်တွင်းကြီးမြို့နယ်၌ ၂၀၁၇ ခုနှစ်က မိန်းကလေးငယ်ကို သားမယားပြုကျင့်ခဲ့သည့် အမျိုးသားအား မကွေးခရိုင်တရားရုံးမှ မေ ၃ ရက်တွင် ထောင်အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ်နေ ဒေါ်------ (၄၄ နှစ်)သည် ၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်ညနေ ၄ နာရီက နေအိမ်မှရွာအပြင်သို့သွားနေစဉ် သမီးကြီးဖြစ်သူက ဖုန်းဆက်၍ သမီးငယ်ဖြစ်သူ မ------ (၁၇ နှစ်)အား အိမ်မှာအလုပ်လုပ်သူ တစ်ရွာတည်းနေ ရွှေမန်းကြည် (၄၉ နှစ်)က နေအိမ်၏ မီးဖိုခန်းအတွင်း သားမယားအဖြစ်ပြုကျင့်ပြီး နေအိမ်မှ ထွက်သွားသည်ကို မြင်ရကြောင်း ဖုန်းဖြင့်ပြောပြသဖြင့် နေအိမ်သို့ချက်ချင်းပြန်လာခဲ့ပြီး သမီးမ------- (၁၇ နှစ်) အားမေးမြန်းရာ ရွှေမန်းကြည်က သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ ယခင်ကလည်းသုံးကြိမ် ပြုကျင့်ဖူးကြောင်း ပြောပြသိရှိရသဖြင့် ရွှေမန်းကြည်အား အရေးယူပေးရန် တိုင်ကြားခဲ့၍ တောင်တွင်းကြီး မြို့နယ် မြို့မရဲစခန်း မှအမှုဖွင့်စစ်ဆေးခဲ့ပြီး မကွေးခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ မကွေးခရိုင်တရားရုံးမှ ၂၀၁၈ ခုနှစ် မေ ၃ ရက်နေ့တွင် တရားခံရွှေမန်းကြည်အား အလုပ်နှင့်ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဦးကိုနီလုပ်ကြံမှုနှင့် ပတ်သက်၍ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားခြင်းကို မေ ၂၅ ရက်နေ့၌ ကြားနာမည်

**ရန်ကုန် မေ ၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက သေနတ်သမား ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)/၃၄နှင့်ပုဒ်မ ၃၀၂(၂) အရလည်းကောင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းကို ရာဇသတ်ကြီးပုဒ်မ ၂၁၂ အရလည်းကောင်းစွဲချက်တင်သည့် အမိန့်၊ ကြည်လင်း(ခ) ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့ အပေါ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အရ စွဲချက်တင်သည့်အမိန့်တို့အား ပြစ်မှုကျူးလွန်သူများဘက် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားခြင်းနှင့် သေဆုံးသူဦးနေဝင်း၏ဇနီး ဒေါ်စုသက်ခိုင်ဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားခြင်းတို့အပေါ်ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၁၈ ခုနှစ်မေ ၂၅ ရက် သောကြာနေ့၌ ကြားနာမည်ဟု အဆိုပါတိုင်းတရားလွှတ်တော်မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ရက်သတ္တတစ်ပတ်အတွက် (ရာဇဝတ်ဆိုင်ရာ) ကြိုတင်သတိပေးအမှုစာရင်း ကြော်ငြာအရ ၂၀၁၈ ခုနှစ် မေလ ၂၅ ရက် သောကြာနေ့တွင် ကြားနာမည့် ရာဇဝတ်ပြင်ဆင်မှုများ အမှုအမှတ် ၁၄၃(ခ)/၂၀၁၈ အယူခံတရားလို လျှောက်ထားသူ ဒေါ်တင်အေး၊ အယူခံတရားလိုရှေ့နေ လျှောက်ထားသူတရားလွှတ်တော်ရှေ့နေ ဦးနေလနှင့် ဦးခင်မောင်ဌေး၊ အမှုအမှတ် ၅၇(ခ)/၂၀၁၈ အယူခံတရားလိုလျှောက်ထားသူ ဒေါ်စုသက်ခိုင်၊အယူခံတရားလိုရှေ့နေ လျှောက်ထားသူတရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်၊ အမှုအမှတ် ၆၀(ခ)/၂၀၁၈အယူခံတရားလို လျှောက်ထားသူ ကြည်လင်း(ခ)ဖိုးထူး၊ အမှုအမှတ် ၆၂(ခ)/၂၀၁၈အယူခံတရားလိုလျှောက်ထားသူအောင်ဝင်းဇော်၊ အမှုအမှတ် ၅၄(ခ)/ ၂၀၁၈အယူခံတရားလိုလျှောက်ထားသူ ဇေယျာဖြိုး၊အမှုအမှတ် ၆၃(ခ)/၂၀၁၈ အယူခံတရားလို လျှောက်ထားသူ အောင်ဝင်းထွန်း၊ အမှုအမှတ် ၆၅(ခ)/၂၀၁၈ အယူခံတရားလို လျှောက်ထားသူ ကြည်လင်း(ခ)ဖိုးထူး၊ အမှုအမှတ် ၆၄(ခ)/၂၀၁၈အယူခံတရားလို လျှောက်ထားသူ အောင်ဝင်းဇော်တို့၏ အယူခံတရားလိုရှေ့နေ လျှောက်ထားသူမှာ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပလိပ်ဘူတာရွာအနီး ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေ

**စဉ့်ကိုင် မေ ၄**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရန်ကုန်- မန္တလေးသွားကားလမ်းမိုင်တိုင်အမှတ် ၄၁၈-၁/၂ ပလိပ်ဘူတာရွာအနီး ထမင်းဆိုင်ရှေ့၌ မေ ၄ ရက် နံနက် ၁၀ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပလိပ်ဘူတာရွာအနီး အောင်ခန့်ကျော်(၂၀ နှစ်) စဉ့်ကိုင်မြို့နေသူ မောင်းနှင်လာသော ၄၃ဃ /------- ဆိုင်ကယ်မှာတစ်ဖက်မှယာဉ်အား တိမ်းရှောင်စဉ် လမ်းဝဲဘက်ဘေးလမ်းလယ်ကျွန်းရှိ မီးတိုင်အား ဝင်ရောက်တိုက်မိပြီး အောင်ခန့်ကျော်တွင် ဒဏ်ရာများရရှိ၍ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသစဉ် သေဆုံးသွားခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်ခန့်ကျော်အား ပလိပ်နယ်မြေစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင်)**

# ချမ်းမြသာစည်မြို့နယ်၌ မူးယစ်ဆေးများ ဖမ်းမိ

**မန္တလေး မေ ၄**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကော်ဖီဆိုင်အတွင်း မေ ၂ ရက်က မူးယစ်ဆေးဝါး ရောင်းဝယ်နေသူများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ် မြို့သစ် ၁ ရပ်ကွက်၊ ၆၂ လမ်းနှင့် ငုပြာလမ်းထောင့်ရှိ ကော်ဖီဆိုင်၌ မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းအရ မေ ၂ ရက်က အမှတ် ၁၈ မူးယစ်တပ်စုမှ ရဲအုပ်လင်းထွန်း ဦးဆောင်သောအဖွဲ့သည် တာဝန်ရှိသူ များနှင့်အတူ သွားရောက်စုံစမ်းရာ ဖယ်ခုံမြို့နယ် မိုးပြဲမြို့နေ ပန်းအောင်ကို တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ ဘိန်းဆီခဲ ဟုယူဆရသည့် အမည်းရောင်အစေးအခဲ ၁၇ ထုပ် အလေးချိန် ၂၅ ဒသမ ၂ ကီလိုဂရမ်ခန့် (ငွေကျပ်တန်ဖိုး ၁ ဒသမ ၁၃၄ သိန်း)ကို သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှတ် (၁၁)ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

# မိုင်းဖြတ်မြို့နယ်တွင် တံတားပေါ်မှ မော်တော်ယာဉ်ထိုးကျ၍ ဆရာတော်တစ်ပါးပျံလွန်



**မိုင်းဖြတ် မေ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် တာကျောက်ကျေးရွာအနီးရှိ တာကျောက်တံတားပေါ်မှ မော်တော်ယာဉ်တစ်စီး မေ ၃ ရက်က ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသည့် ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရီးသည်လေးဦးနှင့်အတူ တာချီလိတ်ဘက်မှ ကျိုင်းတုံဘက်သို့ ယာဉ်မောင်း စုလင်မောင်းနှင်သည့် ပရိဘောက်ယာဉ်သည် မိုင်းဖြတ်မြို့တာကျောက်ကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲအမြင့် ၁၅ ပေရှိ တာကျောက်တံတားအောက် ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသည့် မိုင်းပျဉ်းမြို့ ယန်းမိုင်ကျောင်းတိုက်ဆရာတော်သည် အခင်းဖြစ်ပွားရာနေရာတွင် ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ စုလင်အား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ပင်လည်ဘူး၌ မူးယစ်ဆေးဝါးငွေကျပ်သိန်း ၃၀၀ ကျော်ဖိုးဖမ်းမိ

**ကသာ မေ ၄**

ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းကျေးရွာအနီးတောင်ပေါ်မှ ဘိန်းဖြူ ၂၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက်ညနေ ၆ နာရီက ပင်လည်ဘူးမြို့နယ်ရဲတပ်မှူး ရဲမှူးအောင်မင်းစိန်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူး- ဖောင်းပြင်သွားကားလမ်း၊ ဝါးဘိုးချောင်းကျေးရွာအနီး တောင်ပေါ်တွင် မသင်္ကာဖွယ်ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်သမားမှာ ထွက်ပြေးသွားသဖြင့် ၎င်းဆိုင်ကယ်အားရှာဖွေစစ်ဆေးခဲ့ရာ ဘိန်းဖြူ ၂၂၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀ ကျော်နှင့် ချိုဦးအမည်ပါ လက်ကိုင်ဖုန်းတစ်လုံးရှာဖွေစစ်ဆေးတွေ့ရှိရပြီး လက်ကိုင်ဖုန်းတွင် ဖုန်းဝင်လာသဖြင့် နားထောင်ခဲ့ရာတောင်အောက်ဈေးဆိုင်မှချိုဦးဆိုသူဖြစ်ပြီး သွားရောက်ဖမ်းဆီးခဲ့ရာထွက်ပြေးသွားသူ အောင်ဘိုနှင့် ညီအစ်ကိုအရင်းဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ညီအစ်ကိုနှစ်ဦးအား မြို့မရဲစခန်းက ဥပဒေအရဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## တာလေမြို့၌ နမ့်မဲဟန်ချောင်း ရေလျှံ၍ သီးနှံများပျက်စီး

**တာချီလိတ် မေ ၄**-တာချီလိတ်မြို့နယ် တာလေမြို့မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု၌ မေ ၄ ရက် နံနက် ၂ နာရီခန့်ကစတင်ကာ မိုးသည်းထန်စွာရွာသွန်းသဖြင့် နမ့်မဲဟန်ချောင်းရေ လျှမ်းမိုးမှုကြောင့်မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု နားဟိုင်းလုံ -ဝိန်းမနော်ကျေးရွာချင်းဆက်လမ်းမှာပေ ၄၀၀ ခန့် သဲနုန်းများဖုံးလွှမ်းသွားခဲ့သည်။ နားဟိုင်းလုံကျေးရွာရှိ ဦးအိုက်တို့ ၊ ဦးအိုက်ကျိုင်း၊ ဦးအိုက်လျန်း၊ ဦးအိုက်လာကျောက်တို့၏ အိမ်လေးလုံးတွင် ရေဝင်သဖြင့် အိမ်သုံးပစ္စည်းများ၊ စိုက်ပျိုးထားသောသီးနှံများ ပျက်စီးပြီး အိမ်တွင် မွေးမြူထားသော ကြက်အရွယ်စုံ ၁၇၅ ကောင်ခန့် ဆုံးရှုံးပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလွှမ်းမိုးမှုဖြစ်ပွားသည့် နားဟိုင်းလုံကျေးရွာသို့ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူ၊ မိုင်းလင်းနယ်မြေရဲစခန်းမှူးနှင့် ကျကူနီလူပ်ရှားပြည်သူ့စစ်အဖွဲ့ဝင်များသွားရောက်ပြီး လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၄ စီး၊ သွင်းကုန် ၉၀၆ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၁၆၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၀၅ သန်းခန့် စုစုပေါင်း တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၈၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Aromatic Organic Solvent (25 Kg)၊ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၀၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

**သတင်းစဉ်**



# (၇၂)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဂုဏ်ပြုမှတ်တမ်းတင် ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အမိုက်ပုံကြီးမှ ၂၁-၄-၂၀၁၈ရက်နေ့ နေ့လယ်မှစတင်၍ မီးလောင်ကျွမ်းရာ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် စွမ်းစွမ်းတမံဝိုင်းဝန်းငြိမ်းသတ်ဆောင်ရွက်ခဲ့သဖြင့် ၂-၅-၂၀၁၈ရက် ည ၁၀ နာရီအချိန်တွင် အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ပါသည်။

အဆိုပါအမိုက်ပုံကြီး မီးလောင်ကျွမ်းမှုတွင်(၁၂)ရက်တိုင်တိုင် အားကြိုးမာန်တက် ရှပ်ရှပ်ချွံချွံ မီးငြိမ်းသတ်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ အမှတ်(၁/၁၀၀၀) တပ်မတော်ဆေးရုံမှ ပါရဂူများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ အုပ်ချုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ အားလည်းကောင်း၊ မီးငြိမ်းသတ်ရာတွင်အသုံးပြုရန်အတွက် လိုအပ်သည့် Bio Foam ဆေးရည် ထောက်ပံ့လှူဒါန်းပေးပါသော ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများ၊ National Infrastructure Holdings Co.,Ltd.၊ ငွေကြေးလှူဒါန်းပေးပါသော အခြားအလှူရှင်များအားလည်းကောင်း၊ ကွပ်ကဲရေးရုံးတွင် အစားအသောက်၊ ဆေးဝါး၊ ငွေကြေးများ လာရောက်လှူဒါန်းကြပါသော စေတနာရှင်၊ အလှူရှင်များအားလည်းကောင်း၊ မီးငြိမ်းသတ်မည့် နည်းလမ်းအကြံဉာဏ်ပေးကြပါသော ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ပညာရှင်များ၊ စင်ကာပူနိုင်ငံ AHA Centerနှင့် Singapore Civil Defence Force မှ ပညာရှင်များ အားလည်းကောင်း၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအားဆောင်ရွက်ပေးပါသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှဝန်ထမ်းများ၊ YBS မှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

---


ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်နှင့် စက်ပစ္စည်းများ
ဝယ်ယူမှုစိစစ်ရေးကော်မတီ

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ ၂၀၁၈ ခု၊ ဧပြီလ(၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ထိ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်နှင့် စက်ပစ္စည်း ဝယ်ယူရေးလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များ အား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာ (Profile) အဆိုပြုတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ အဆိုပြုလွှာ (Profile) အောင်မြင်သည့်ကုမ္ပဏီ အမည်စာရင်းအား ၄.၅.၂၀၁၈ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့နှင့် မီးသတ်ဦးစီးဌာန၊ နေပြည်တော်တို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ တည်ဆောက်ရေးလုပ်ငန်းများ၏ ဈေးနှုန်းလွှာတင်သွင်းခြင်းအား တင်သွင်းရမည့် ကုမ္ပဏီ များအနေဖြင့် လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ၈.၅.၂၀၁၈ ရက်နေ့ ၀၉ ၀၀ နာရီမှ ၁၆ ၀၀ အချိန်ထိ မီးသတ်ဦးစီးဌာန၊ နေပြည်တော်တွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းလွှာနှင့် အဆိုပြုလွှာ များကို လက်ခံစဉ်းစားမည် မပြုပါ။) ဈေးနှုန်းလွှာ ဖွင့်ဖောက်စိစစ်ခြင်းအခမ်းအနားအား ၁၀.၅.၂၀၁၈ ရက်နေ့ ၀၉ ၀၀ အချိန်တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ၏ ဈေးနှုန်းလွှာတင်သွင်းခြင်းအား တင်သွင်း ရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ၁၁.၅.၂၀၁၈ ရက်နေ့ ၀၉ ၀၀ နာရီမှ (၁၂ ၀၀) အချိန်ထိ မီးသတ်ဦးစီးဌာန၊ နေပြည်တော်တွင် တင်သွင်း ရမည်ဖြစ်ပြီး ဈေးနှုန်းလွှာ ဖွင့်ဖောက်စိစစ်ခြင်းအခမ်းအနားအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်း လွှာနှင့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မပြုပါ။)

၅။ အသေးစိတ် အချက်အလက်များသိရှိလိုပါက စုံစမ်းရန် ဖုန်း ၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄၊ ၀၆၇-၄၂၀၀၂၅ နှင့် ၀၆၇-၄၂၀၅၈၇ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလ)အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ယာဉ်၊ စက်ယန္တရားများနှင့် ဖျော်စပ်ပြီး ကွန်ကရစ် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Excavator(Mini) | ၂ စီး |
| (ခ) | Vibratory Soil Compactor | ၂ စီး |
| (ဂ) | ဖျော်စပ်ပြီး Concrete | ၁၉၈၈ $m^3$ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၄-၅-၂၀၁၈ ရက်မှ စတင်၍ ရုံးချိန်အတွင်းရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၅-၂၀၁၈ရက် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်းနံပါတ်- ၀၅၂-၂၂၂၁၂၈၆ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို တိုင်းဒေသကြီးကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၅၂-၂၂၂၁၂၈၆သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**
**နေပြည်တော်-ရေဆင်း**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း
- Lab Equipment (၅၇)မျိုး — Lot - ၈ခု

(ခ) အခြားစက်ပစ္စည်း (၄၀)မျိုး — Lot -၅ခု

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ရက်(ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)စီမံခန့်ခွဲရေးဌာနစု
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ ဗလီခြံလမ်းနေ မောင်သန်းဇော်ထွေး၏ဖခင် ဦးစိုးဝင်းနှင့် ဦးဘာလားဆာမိသည် တစ်ဦးတည်းဖြစ်ပါကြောင်း။



## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ရန်ကုန်မြို့ Down Town ဧရိယာတွင် ဘဏ်အသစ်ဖွင့်လိုသူများ၊ ဖွင့်ပြီးဘဏ်အသစ်တိုးချဲ့ ဖွင့်လှစ်လိုသူများ၊ ကုမ္ပဏီရုံးခန်း၊ ရွှေဆိုင်ဖွင့်လှစ်လိုသူများ၊ အထပ်မြင့်ဆောက်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ ဘဏ်များဖွင့်လှစ်ခြင်းမရှိသေးသည့်နေရာကောင်း၊ သမိန်ဗရမ်းလမ်းမကျယ်၊ လမ်းမကြီးဘေး၊ မြေအကျယ် 3710 sqft, မျက်နှာစာ(၂)ဖက်ပါ၊ ဂရန်အမည်ပေါက်။ **ကျပ်သိန်း (8500)**

၂။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ (80'x100')၊ အိမ်နှင့်ခြံရောင်းမည်၊ ရုံးပေါင်းစုံအနီး၊ ပဲခူးလေယာဉ်ကွင်းအသစ်သွားသော လမ်းမကြီးအနီး၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပတ်ဝန်းကျင်ကောင်း၊ ပဲခူးလေယာဉ်ကွင်းစီမံကိန်းတွင် လုပ်ငန်းလုပ်ကိုင်လိုသူများ အတွက် အထူးသက်သာသော ဈေးနှုန်းဖြင့်ရောင်းမည်။ **ကျပ်သိန်း(750)**

၃။ တိတ်ဆိတ်အေးချမ်းစွာတရားအားထုတ်လိုသူများ၊ ဘုန်းကြီးကျောင်း တရားရိပ်သာ စုပေါင်းဝယ်ယူလှူဒါန်းလိုသူများ၊ စမ်းမြသီတာရိပ်သာကျောင်း(မုံရွာ)တိုက်ခွဲအနီး၊ အပူရှောင်နိုင်ရန် ရာသီဥတုအေးအေးဖြင့် တရားအားထုတ်ရင်းကျောင်းအနီး အနားတွင် ကိုယ့်ခြံကိုယ့်ဝင်းနှင့် နေထိုင်လိုသူများအတွက် ပြင်ဦးလွင်မြို့၊ အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ခြံကျယ်ကျယ်၊ ပတ်ဝန်းကျင်ဆိတ်ငြိမ်၊ မျက်နှာစာ(၃)ဖက်၊ လမ်းကျယ်၊ လမ်းအဝင်အထွက်ကောင်း၊ ကတ္တရာခင်းထားပြီး၊မြေပြင်ညီ၊ မြေဧရိယာ(6.5)ဧကအကျယ် မြေကွက် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။ **ကျပ်သိန်း(9000)**

**ဖုန်း- 09-5178979, 09-43022828, 09-43292929, 09-420182934, 09-451146685**

# ရေကာတာတည်ဆောက်မှုကြောင့် အီဂျစ်နိုင်ငံ၏ ရေအရင်းအမြစ်ထိခိုက်မှုမရှိစေရန် ဆူဒန်နှင့်အီသီယိုးပီးယား ကတိပြု

**ခါတွမ် မေ ၄**

မဟာအီသီယိုးပီးယားပြန်လည်ဆန်းသစ်ခြင်းအမည်ရ ရေမဆည်ကြီး တည်ဆောက်မှုကြောင့် အီဂျစ်နိုင်ငံ၏ရေအရင်းအမြစ်ကို မထိခိုက်စေရန် ဆူဒန်နှင့် အီသီယိုးပီးယားနိုင်ငံတို့ ကြာသပတေးနေ့က ကတိပြုခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှီယာနှင့် အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက်တို့က အာမက်၏ခရီးစဉ်အပြီးတွင် ခါတွမ်၌ ကျင်းပသည့်ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ထိုသို့ကတိပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



အယ်လ်ဘာရှီယာက GERD ရေကာတာတည်ဆောက်မှုသည် သုံးနိုင်ငံအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

ဂရ်ဒ်ရေကာတာတည်ဆောက်မှုကြောင့် အီဂျစ်ရှိကျွန်ုပ်တို့၏ ညီနောင်များ၏ ရေပေးဝေမှုကို ထိခိုက်စေလိမ့်မည်မဟုတ်ကြောင်း အခိုင်အမာကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။ ရေကာတာတည်ဆောက်မှုသည် သုံးနိုင်ငံအကျိုးစီးပွားကို တစ်ဆက်တည်းမြှင့်တင်ရန် စီမံကိန်းဆောင်ရွက်မှုဖြစ်သည်ဟု အယ်လ်ဘာရှီယာက ပြောကြားခဲ့သည်။

အာမက်က ၎င်းတို့သည် သာတူညီမျှရှိမှုနှင့် ကျိုးကြောင်းဆီလျော်သည့် နိုင်းမြစ်ရေအသုံးချမှုကိုလည်း ဆွေးနွေးခဲ့ကြကြောင်းပြောကြားခဲ့သည်။ အီသီယိုးပီးယား၊ ဆူဒန်နှင့် အီဂျစ်နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများအားလုံးကို အကျိုးရှိရှိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆူဒန်နိုင်ငံသာမက အီဂျစ်နိုင်ငံကိုပါ ထိခိုက်စေလိုသော ရည်ရွယ်ချက်မျိုးမရှိကြောင်း အီသီယိုးပီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

သို့သော် ဆူဒန်ဝန်ကြီးချုပ် အယ်လ်ဘာရှီယာသည် ရာဇဝတ်မှုကျူးလွန်ခဲ့သည်ဟုဆိုကာ ဆူဒန်၌ဖမ်းဆီးခြင်းခံခဲ့ရသည့် အီသီယိုးပီးယားနိုင်ငံသားများ အားလုံးကို ချမ်းသာပေးရန်ဆုံးဖြတ်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာမက်သည် ကြာသပတေးနေ့တွင် ဆူဒန်နိုင်ငံသို့ နှစ်ရက်ကြာ ခရီးသွားရောက်မှုပြီးဆုံးခဲ့သည်။ ခရီးစဉ်အတွင်း၌ ဆူဒန်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး ဂရ်ဒ်ရေ ကာတာစီမံကိန်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်စက်မှုပညာရေးသင်ရိုးစနစ် ထိုင်းနိုင်ငံ၌ စတင်ကျင့်သုံး

**ဗန်ကောက် မေ ၄**

ထိုင်းနိုင်ငံရှိ ကျောင်းသားအမြောက်အမြားတို့သည် ဂျပန်စက်မှုလက်မှုတက္ကသိုလ်ပညာရေးစနစ်ကို စတင်လက်ခံ ကျင့်သုံးရန် လုပ်ဆောင်နေပြီဖြစ်ကြောင်းသိရသည်။

ဂျပန်စက်မှုပညာရေးသင်ရိုးစနစ်စတင်ကျင့်သုံးသည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ကြာသပတေးနေ့က ဗန်ကောက်၌ ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံရှိ ကျောင်းနှစ်ကျောင်းတို့တွင် ကျောင်းသားအယောက် ၄၀အတွက်စက်မှုလက်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းအသစ်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းသားများသည် အီလက်ထရွန်နစ်နှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်ကို ဂျပန်နည်းပညာကောလိပ်မှ အထောက်အပံ့ဖြင့် သင်ယူလေ့လာကြမည်ဖြစ်သည်။ ဂျပန်သင်ရိုးစနစ်သည် နိုင်ငံတကာ၏အသိအမှတ်ပြု ချီးကျူးမှုများကိုရရှိထားသည်။ ယင်းစနစ်အားဖြင့် အငယ်တန်းအဆင့်အထက်တန်းဘွဲ့ရများကို ငါးနှစ်တာလက်တွေ့သင်ကြားမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

အမျိုးသားနည်းပညာအဖွဲ့အစည်းက အဆိုပါကောလိပ်များကို ဂျပန်၌ စီစဉ်ဆောင်ရွက်ခဲ့သည်။ အဖွဲ့သည် ပညာရေးနှင့် အမှုထမ်းများအား လေ့ကျင့်ရာတွင် အထောက်အကူပြုရန် ယင်းသင်ကြားမှုစနစ်ကို ပင်လယ်ရပ်ခြားအထိ တိုးချဲ့ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားအေးဂျင့်များ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသူများ၏ မိသားစုဝင်များ အကူအညီတောင်းခံ

**ဝါရှင်တန် မေ ၄**

မြောက်ကိုရီးယားထောက်လှမ်းရေးသမားများ၏ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုခံရသည့် နယူးယောက်ရှိ ဂျပန်နိုင်ငံသား မိသားစုဝင်များသည် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ပထမဆုံးအကြိမ်မကျင်းပမီ ၎င်းတို့ချစ်ခင်ရသူများအား အိမ်သို့ ပြန်လည်ခေါ်ဆောင်လာပေးရန်အတွက် အကူအညီတောင်းခံခဲ့ကြကြောင်း သိရသည်။

ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် ဂျပန်နိုင်ငံသားများ၏မိသားစုဝင်များသည် ဂျပန်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာပုဂ္ဂိုလ်များက နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ စီစဉ်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲ၌ ထိုသို့မေတ္တာရပ်ခံတောင်းဆိုခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် တိုက်တွန်း

**ဟာဝိုင်ယီ မေ ၄**

ငလျင်လှုပ်မှုများ မကြာခဏဖြစ်ပွားပြီးနောက် ဟာဝိုင်ယီကျွန်း Kilauea မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ၊ အဆိုပါကျွန်း၌ နေထိုင်သူ ၁၀၀၀၀ ခန့်ကို ၎င်းတို့၏ နေရပ်များမှ စွန့်ခွာကြရန် မေ ၄ ရက်က တိုက်တွန်းထားကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြည်သူ့ဆောက်လုပ်ရေးဌာန၏ ဖော်ပြချက်အရ မီးတောင်ပေါက်ကွဲမှုကြောင့် အငွေ့များနှင့် ချော်ရည်များ ထွက်လာခဲ့သည်ဟု ဟာဝိုင်ယီစီရင်စု အရပ်ဘက်ကာကွယ်ရေး အေဂျင်စီက ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ ဒေသ၌ ကူညီကယ်ဆယ်မှုများ လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များကို စေလွှတ်ထားကြောင်း သိရသည်။

ဟာဝိုင်ယီမီးတောင်ပေါက်ကွဲမှုစောင့်ကြည့်ရေး အမေရိကန်ဘူမိဗေဒ လေ့လာရေးအာဏာပိုင်အဖွဲ့က မီးတောင်ပေါက်ကွဲရာနေရာကို ဝေဟင်မှလည်း လှည့်လည်ကြည့်ရှုစစ်ဆေးနေကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အိန္ဒိယနိုင်ငံတစ်ဝန်း အင်အားပြင်းမုန်တိုင်းများ မရပ်မနားတိုက်ခတ်ခဲ့ရာ ၁၄၃ ဦးသေဆုံး



**နယူးဒေလီ မေ ၄**

ယခုတစ်ပတ် အိန္ဒိယနိုင်ငံတစ်ဝန်း အင်အားပြင်းမုန်တိုင်းများ တစ်ခုပြီးတစ်ခုတိုက်ခတ်ခဲ့ရာ ယင်းမုန်တိုင်းများကြောင့် စုစုပေါင်း ၁၄၃ ဦး သေဆုံးခဲ့ကြောင်း၊ သို့သော်လည်း နောက်ထပ်ဆိုးရွားသော ရာသီဥတုအခြေအနေများ ကြုံတွေ့နိုင်သောကြောင့် သေဆုံးသူဦးရေမှာ ယခုထက် ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ရာဂျက်စတန်နှင့် ဥတ္တရာခန်အပါအဝင် ပန်ဂျပ်ပြည်နယ်တွင် အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ လူပေါင်း ၁၂၁ ဦး သေဆုံးခဲ့ကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင်လည်း လျှပ်စီးလက်၊ မိုးကြိုးများ အကြိမ် ၄၀၀၀ ခန့်ပစ်ခဲ့ရာ လူပေါင်း ၂၀ ဦးခန့် သေဆုံးခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ထို့အတူ ဥတ္တရာပရာဒေ့ရှ် ရာဂျက်စတန်တို့တွင် နေထိုင်ကြသော မိသားစုထောင်ပေါင်းများစွာတို့၏ အိုးအိမ်များလည်း မုန်တိုင်းများကြောင့် ပျက်စီးသွားခဲ့ပြီး၊ အဆိုပါမုန်တိုင်းများမှာ တစ်နာရီလျှင် မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးပြည်နယ်ဖြစ်သည့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် စုစုပေါင်း လူ ၇၆ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အရေးပေါ် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနက ပြောခဲ့သည်။ ထို့အတူ အာဂရာဒေသသည်လည်း အဆိုးရွားဆုံးမုန်တိုင်းဒဏ်ခံစားခဲ့ရသော ဒေသတစ်ခုဖြစ်ပြီး သေဆုံးသူ ၄၃ ဦးရှိခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားခဲ့သည်။

နောက်တစ်ကြိမ် မုန်တိုင်းတိုက်မည်ကို စိုးရိမ်နေရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုနှင့် ပတ်သက်ပြီး ဘေးကင်းလုံခြုံအောင် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြောင်း အသက် ၄၀ ခန့်ရှိ အာဂရာဒေသခံ တစ်ဦးဖြစ်သူ မွမ်နာလယ်ဂျဟာက အေအက်ဖ်ပီသို့ ပြောခဲ့သည်။ လာမည့်စနေနေ့တွင် နောက်ထပ်မုန်တိုင်းတိုက် ခတ်လာနိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်ခဲ့ရာ အနည်းဆုံး ၇၇ ဦးသေဆုံး

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်ခဲ့ရာ လူအနည်းဆုံး ၇၇ ဦး သေဆုံးခဲ့ပြီး ၁၄၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အတူ မုန်တိုင်းအရှိန်ကြောင့် သစ်ပင်များနှင့် အကာအကွယ်နံရံများလည်း ပျက်စီးခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် မေ ၃ ရက်က ဖော်ပြခဲ့သည်။

ညလုံးပေါက် တိုက်ခိုက်ခဲ့သော မုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တရပရာဒေ့ရှ်နှင့် ရာဂျက်စတန်ပြည်နယ်များ၌ ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လူဦးရေမှာလည်း ဆက်လက် မြင့်တက်လာနိုင်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။ ဥတ္တရပရာဒေ့ရှ် မြောက်ပိုင်း၌ လူ ၄၆ဦးသေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ ရာဂျက်စတန်အနောက်ပိုင်း၌ ၃၁ ဦး သေဆုံးကြောင်း အတည်ပြုခဲ့သည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် အာဂရာဒေသသည် အပူပိုင်း မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရပြီး လူအယောက် ၃၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။ အာဂရာဒေသရှိ ကမ္ဘာ့နာမည်အကြီးဆုံး တာ့ချ်မဟာ အဆောက်အအုံသည် မုန်တိုင်းဒဏ်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

သေဆုံးသူအများစုမှာ နံရံများပိမိခြင်း၊ သစ်ပင်များပိမိခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များ ပိမိခြင်းတို့အပြင် အိမ်များပိခြင်းတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အနည်းဆုံး ၄၆ ဦးသေဆုံးခဲ့သည်ကို မိမိတို့ အတည်ပြုကြောင်း၊ လူပေါင်း ၄၁ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဥတ္တရပရာဒေ့ရှ် ကယ်ဆယ်ရေးမင်းကြီးရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် တီပီဂုပ္ပတက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

**အေအက်ဖ်ပီ**

### လန်ဒန်မြောက်ပိုင်း ပွဲတော်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား

**လန်ဒန် မေ ၄**

လန်ဒန်မြောက်ပိုင်း၌ မေ ၃ ရက်က ပွဲတော်တစ်ခုကျင်းပနေစဉ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၃၀နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဂျူးဘာသာဝင်များ၏ နှစ်ပတ်လည်ရိုးရာပွဲတော်ဖြစ်သော လက်ဘာအိုမာအတွင်း တွင်ပြုလုပ်သည့် မီးပုံများအတွင်းသို့ မိုဘိုင်းဖုန်းများပစ်ထည့်သဖြင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအချိန်တွင် စတမ်းဖို့ဒ်တောင်ဟေးလ်တွင် လူများစွာ စုဝေးနေခဲ့သည်။ ၎င်းတို့အနက်မှ လူ ၁၀ ဦးမှာ မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး အခြားသူ ၂၀ မှာ လွတ်မြောက်ရေးအတွက် ကြိုးပမ်းစဉ် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# အာမေးနီးယားနိုင်ငံအတွင်းမှ ဆူပူအုံကြွမှုများ

**တင်လင်းအောင်**



အာရှ အနောက်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အာမေးနီးယားနိုင်ငံသားများဟာ မေ ၂ ရက်က မြို့တော်မှာ ဆုံတွေ့ခဲ့ကြပြီး အဓိက သယ်ယူပို့ဆောင်ရေးကွန်ရက်တွေနဲ့ အစိုးရအဆောက်အအုံတွေကို ပိတ်ဆို့ခဲ့ကြပါတယ်။ သူတို့ဘာလို့ အဲလို လုပ်တာလဲ။ ဖြစ်ရပ်တိုင်းမှာ ခိုင်လုံတဲ့အကြောင်းပြချက်ကတော့ ရှိစမြဲပါ။

**ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပွား**

အခုလို အာမေးနီးယန်းတွေ အုပ်စုလိုက် စုစည်းပြီး ဒေါသအိုးပေါက်ကွဲတဲ့ အကြောင်းကတော့ လက်ရှိအာဏာရပါတီဟာ အတိုက်အခံ ခေါင်းဆောင် နီကိုးလ်ပါ့ရှိရှင်ယန်ရဲ့ ဝန်ကြီးချုပ်ဖြစ်ရေး ကြိုးပမ်းမှုကို ကန့်ကွက်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒီလို ကန့်ကွက်တာကို သဘောမတူဆန့်ကျင်တာကို ပြသတဲ့အနေနဲ့ အသက်အရွယ်ကြီးသူတွေ၊ ကျောင်းသားတွေ၊ အိမ်ရှင်မတွေပါမကျန် ပါဝင်တဲ့ဆန္ဒပြသူတွေဟာ အာမေးနီးယားမြို့ယာရီဗန်မှာစုဝေးဆန္ဒပြခဲ့ကြတာကြောင့် မြေအောက်ရထားလိုင်းတွေ၊ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပွားခဲ့ရုံတင်မက စတိုးဆိုင်တွေကလည်း လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေကို စိုးရိမ်ကြတာကြောင့် ဆိုင်တွေ ပိတ်သိမ်းလိုက်ရတဲ့အထိ ဖြစ်ပွားခဲ့ပါတယ်။

> "အခုလို အာမေးနီးယန်းတွေ အုပ်စုလိုက်စုစည်းပြီး ဒေါသအိုးပေါက်ကွဲတဲ့အကြောင်းကတော့ လက်ရှိအာဏာရပါတီဟာ အတိုက်အခံ ခေါင်းဆောင် နီကိုးလ်ပါ့ရှိ ရှင်ယန်ရဲ့ ဝန်ကြီးချုပ်ဖြစ်ရေး ကြိုးပမ်းမှုကို ကန့်ကွက်ခဲ့လို့ပဲဖြစ်"

လွန်ခဲ့တဲ့လက အတိုက်အခံ ခေါင်းဆောင် ပါ့ရှိရှင်ယန်ဦးဆောင်တဲ့ ဆန္ဒပြသူတွေဟာ ကာလရှည်ကြာ အာဏာဆုပ်ကိုင်ထားတဲ့ လက်ရှိ အာဏာရပါတီခေါင်းဆောင် ဆာ့ဇ်ဇာကီဆီယန်ကို ရာထူးမှဆင်းပေးရေး တောင်းဆိုဆန္ဒပြမှုတွေ ပြုလုပ်ရာမှတစ်ဆင့် ရုရှားမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အာမေးနီးယားနိုင်ငံဟာ ပြင်းထန်တဲ့ နိုင်ငံရေး အကျပ်အတည်း ပဋိပက္ခတွေဖြစ်ပွားခဲ့ပါတယ်။

ယာရီဗန်အနီးမှာရှိတဲ့ ထောင်သောင်းချီတဲ့ ဆန္ဒပြလူအုပ်ကြီးဟာ နိုင်ငံတော်အလံတွေ ဝှေ့ယမ်းပြီး ခရာတွေမှုတ်ကာ အာမေးနီးယားကို လွတ်လပ်ခွင့်ပေးကြဆိုတဲ့ ဟစ်ကြွေးသံတွေကို အော်ဟစ်ခဲ့ကြပါတယ်။

ချီတက်ဆန္ဒပြမှုကို အဓိက ထောက်ခံတဲ့ အတိုက်အခံ ခေါင်းဆောင် နီကိုးလ်ပါ့ရှိရှင်ယန်က အာဏာပိုင်တွေကို ဖိအားတွေပေးဖို့ ကတိပြုခဲ့ပါတယ်။

ဖြစ်ရပ်ပေါင်း သောင်းခြောက်ထောင်ကို ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဖို့လိုအပ်ကြောင်း၊ ဖြစ်ရပ်တစ်ခုစီတိုင်းတွင် ပြည်သူက အနိုင်ရစမြဲဖြစ်ကြောင်း ကာကီ တီရှပ်ကို အမြဲတမ်း ဝတ်ဆင်လေ့ရှိတဲ့ အတိုက်အခံခေါင်းဆောင် နီကိုးလ်ပါ့ရှိရှင်ယန်က ပြောခဲ့ပါတယ်။

**ပိတ်ဆို့မှုတွေဖြစ်ပွား**

အခုလိုထောင်သောင်းချီတဲ့ လူတွေ မြို့တော် ယာရီဗန်မှာ ဆန္ဒပြမှုတွေပြုလုပ်ခဲ့တာကြောင့် ဆင်ခြေဖုံးသွားတဲ့ ရထား ခရီးစဉ်တွေ နှောင့်နှေးကြန့်ကြာခဲ့ရပြီး လေဆိပ်သို့သွားရာ လမ်းကွန်ရက်တွေလည်း ပိတ်ဆို့မှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ဘဏ်စနစ်လုပ်ဆောင်တာကို ဆန့်ကျင်တဲ့ အာမေးနီးယားပြည်သူတွေကို ဘဏ်တွေက နိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာတွေကို တည်ငြိမ်သွားအောင် လုပ်ဆောင်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါသေးတယ်။ နိုင်ငံရဲ့ဆင်းရဲမွဲတေမှု၊ အကျင့်ပျက် ခြစားမှုတွေကို ဖယ်ရှားရှင်းလင်းရန် လက်ရှိအာဏာရ လူ့မလိုင်တွေ အာဏာက ဆင်းပေးတဲ့အချိန်အထိ ဆက်လက်တောင့်ခံ ဆန္ဒပြသွားမှာဖြစ်ကြောင်း ဆန္ဒပြသူတွေက မလျှော့သောဇွဲနဲ့ ပြောကြားခဲ့ပါတယ်။

**ပြည်သူတွေ ဘယ်တော့မှအရှုံးမပေး**

ပြည်သူတွေဟာ ဘယ်တော့မှ အရှုံးပေးမှာ မဟုတ်ပါဘူး။ ထို့အတူပဲ ဆန္ဒပြသူတွေကလည်း ဆက်လက်တောင့်ခံထားမှာ ဖြစ်ပါတယ်လို့ အသက် ၄၅ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင် ဆာဂျေးအမီရာ ဂျန်က ပြောခဲ့ပါတယ်။

အာမေးနီးယားပြည်သူတစ်ရပ်လုံး စည်းလုံးပါတယ်။ ဒါကြောင့် အရေးတော်ပုံအောင်မှာဖြစ်တယ်လို့ ပြောလာသူကတော့ အသက် ၁၉ နှစ်ရှိ ဂါယိန်းအမီရာဂျန်ပဲ ဖြစ်ပါတယ်။

**လှုပ်ရှားမှုတစ်ခု စတင်ခဲ့**

လူမှုမီဒီယာတွေမှာတော့ အာမေးနီးယားပြည်သူတွေဟာ ဥပဒေပြုသူတွေကို ဆန့်ကျင်တာတွေလုပ်ဖို့ ရည်ရွယ်ချက်တွေနဲ့ လှုပ်ရှားမှုတစ်ခု စတင်ခဲ့ပါတယ်။

ထို့အတူ ဥပဒေပြုသူတွေကို စွပ်စွဲတာတွေရပ်တန့်ဖို့ တိုက်တွန်းတဲ့သူတွေ ရှိသလို၊ ဥပဒေပြုသူတွေကို လူမှုမီဒီယာတွေနဲ့ အများပြည်သူထင်သာမြင်သာရှိမယ့် နေရာတွေမှာ သူတို့ရဲ့လိပ်စာတွေနဲ့ ဖုန်းနံပါတ်တွေ ဖော်ပြတာမျိုးမလုပ်ဖို့ လိုလားသူတွေလည်းရှိပါတယ်။

**ကြေညာခဲ့**

လွှတ်တော် (ပါလီမန်)မှာ ဥပဒေပြုသူတွေဟာ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး လိုအပ်တဲ့ လူဦးရေမရှိဘဲ အစည်းအဝေးကို ကျင်းပလို့ မရပါဘူး။ ပြည့်စုံကြွယ်ဝတဲ့ အာမေးနီးယားဆိုတဲ့ ပါတီကတော့ နိုင်ငံအတွင်းမှာဖြစ်နေတဲ့ အရေးပေါ်အခြေအနေအပေါ် ကန့်ကွက်ကြောင်း ကြေညာခဲ့ပါတယ်။

ဘယ်လိုပဲပြောပြော ဥပဒေပြုသူတွေဟာ လာမယ့် အင်္ဂါနေ့မှာ ဝန်ကြီးချုပ်တစ်ဦးကို ရွေးပေးရမှာဖြစ်ပါတယ်။ အကယ်၍ အဲဒီလိုလုပ်ဖို့ ထပ်မံပျက်ယွင်းခဲ့မယ်ဆိုပါက ဥပဒေပြုအဖွဲ့ကို ဖျက်သိမ်းရမှာဖြစ်ပြီး ရွေးကောက်ပွဲကို ဆောလျင်စွာ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။

**တိုက်တွန်းခဲ့**

ရုရှားစစ်အခြေစိုက်စခန်းတည်ရှိရာ အာမေးနီးယားနိုင်ငံ ဒုတိယမြို့တော်ဖြစ်တဲ့ ဂျူမရီနဲ့ မာရာလိခ်မြို့လေးမှာ ဆန္ဒပြသူတွေဟာ မြို့တော်ဝန်ရုံးတွေအထိသွားရောက်ပြီး ဒေသဆိုင်ရာ အာဏာပိုင်တွေကို ဆန္ဒပြမှုမှာ ပူးပေါင်းပါဝင်ဖို့အထိ တိုက်တွန်းခဲ့ပါတယ်။ ခေတ္တအစိုးရအဖွဲ့အကြီးအကဲ ကာရန် ကာရာပက်ရန်ကတော့ အခုလိုမျိုး ဆူပူအုံကြွမှုတွေ အဆုံးသတ်ဖို့ တိုက်တွန်းခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လွှတ်တော် (ပါလီမန်) က ဝန်ကြီးချုပ်တစ်ဦးကို ရွေးချယ်တင်မြှောက်ပေးမှာဖြစ်တယ်လို့ ခေတ္တအစိုးရအဖွဲ့အကြီးအကဲ ကာရန် ကာရာပက်ရန်က ပြောခဲ့ပါတယ်။

**ဝန်ကြီးချုပ်တစ်ဦး တင်မြှောက်ရမယ်**

အားမေးနီးယား ပြည်သူတွေရဲ့ မကျေမနပ် ပေါက်ကွဲမှုတွေကတော့ သပိတ်မှောက်ပွဲ အသွင်ဆောင်ခဲ့ပြီး နိုင်ငံတော်ကို ချိန်ညှိမှုတွေ ပြန်လည်လုပ်ဆောင်ပေးရမှာဖြစ်ပြီးတော့ ဝန်ကြီးချုပ်တစ်ဦးကိုလည်း အမြန်ရွေးချယ်တင်မြှောက်ပေးရမှာ ဖြစ်ပါတယ်။

ကလေးတစ်ယောက် သူ့ရဲ့အရုပ်ကားလေးတွေနဲ့ လမ်းပိတ်ပြီး ဆန္ဒပြနေတဲ့ ပုံလေးဟာ လူမှုမီဒီယာမှာ ဗိုင်းရပ်စ်လိုပဲ အလျင်အမြန်ပျံ့နှံ့သွားခဲ့ပါတယ်။ ထို့အတူ အာတစ်မြို့လေးရဲ့ အာဏာရပါတီရုံးရှေ့မှာရှိတဲ့ ခေါင်းတလားကြီးပုံကလည်း တောမီးပမာ ပျံ့နှံ့သွားခဲ့ပါတယ်။ ထိုထိုသော အခြင်းအရာတွေကိုကြည့်ရင် အာမေးနီးယားနိုင်ငံလေးဟာ နိုင်ငံအတွင်းမှာ မကျေနပ်ချက်တွေ ပေါက်ကွဲပြီး ဆူပူအုံကြွမှုတွေ ဖြစ်နေတယ်ဆိုတာ ငြင်းနိုင်တော့မှာမဟုတ်ပါဘူး။

လွန်ခဲ့တဲ့ ရက်သတ္တပတ်အတော်များများက ဆာကီဆန်နှင့် အာမေးနီးယား အကျင့်ပျက်ခြစား လူ့မလိုင်အသိုင်းအဝိုင်းကို ဆန့်ကျင်တဲ့ ဆန္ဒပြမှုတွေဖြစ်ပြီးမကြာမီ အာဏာရ ရီပတ်ဘလစ် ကန်ပါတီက အင်္ဂါနေ့က ဝန်ကြီးချုပ်ဖြစ်ရေး ပါ့ရှိရှင်ယန်ရဲ့ ကြိုးစားမှုတွေကို မထီမဲ့မြင် လုပ်ခဲ့ပြီးနောက် ပါ့ရှိရှင်ယန်ဟာ အာမေးနီးယန်းတွေကို သပိတ်မှောက်ပွဲပြုလုပ်ဖို့ တိုက်တွန်းပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။

နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် တစ်ဦးတည်းဝင်ရောက် အရွေးခံတဲ့ အတိုက်အခံခေါင်းဆောင် နီကိုးလ်ပါ့ရှိရှင်ယန်ဟာ ဝန်ကြီးချုပ်အဖြစ် အရွေးခံရဖို့သေချာ သလောက်ရှိသော်လည်း သူ့ရဲ့ကြိုးစားမှုတွေက အရာမရောက်ခဲ့တဲ့ အခါမှာတော့ ရုရှားမဟာမိတ်နိုင်ငံလေးဟာ မသေချာမှုတွေနဲ့ ပြည့်နှက်နေပါတော့တယ်။ အာမေးနီးယားနိုင်ငံကို လေ့လာစောင့်ကြည့်နေသူတွေကတော့ အခုလို သပိတ်မှောက် ဆန္ဒပြမှုတွေကတစ်ဆင့် နိုင်ငံတော်ရဲ့ တည်ငြိမ်မှုပျက်ပြားလာနိုင်တဲ့ အခြေအနေအပေါ် စိုးရိမ်မကင်း ဖြစ်မိတယ်လို့ ဆိုပါတယ်။

**ပိုင်နက်အငြင်းပွားမှုတွေ ဖြစ်နေ**

အတိုက်အခံ ခေါင်းဆောင် နီကိုးလ်ပါ့ရှိ ရှင်ယန်ဟာ ဆန္ဒပြသူတွေနဲ့ အာဏာပိုင်တွေအကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေအပေါ် ဖြစ်နိုင်တဲ့ အကောင်းဆုံးနည်းလမ်းတွေနဲ့ ထိန်းကျောင်းမှုတွေ လုပ်ဆောင်သွားဖို့ လိုအပ်သလို ဆန္ဒပြမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ နိုင်ငံရေးသမားတွေကြားမှာ ပိုမိုကြီးထွားလာနိုင်ပြီး ကာလရှည်ကြာ အဇာဘိုင်ဂျန်နဲ့ ပိုင်နက်အငြင်းပွားမှုတွေ ဖြစ်နေတာကိုလည်း ထည့်သွင်းစဉ်းစားရဦးမှာ ဖြစ်ပါတယ်။

အတိုက်အခံ ခေါင်းဆောင် နီကိုးလ်ပါ့ရှိရှင်ယန်ရဲ့ ဆန္ဒပြလှုပ်ရှားသူတွေဟာ ဆာကီဆန်နဲ့သူ့ပါတီကို အာဏာလက်ဝါးကြီးအုပ်ထားတယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ ယခင် ခေါင်းဆောင်ဟောင်းဟာ သမ္မတအဖြစ်ဆောင်ရွက်ပြီးနောက် သူ့ရဲ့အာဏာကို ဝန်ကြီးချုပ်ရာထူးအဖြစ် တစ်မျိုးတစ်မည်ပြောင်းကာ ထပ်မံ ဆောင်ရွက်ချင်နေကြောင်း၊ သို့သော်လည်း နိုင်ငံမှာ လိုအပ်တာတွေကို ဖြည့်ဆည်းဖို့ ပျက်ကွက်နေတယ်လို့ ဆန္ဒပြလှုပ်ရှားသူတွေက ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# သက်ရှိအားလုံးအတွက် အဖိုးတန်ရေကို ချွေတာကြပါစို့

*မောင်သောင်းဝင်း(တမန်ဟောင်း)*

မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် မတ်လဆန်း ကတည်းကပင် ညပိုင်း၌ အအေးပေ့ါလာပြီး နေ့ခင်းဘက်တွင် အပူချိန်သိသိသာသာမြင့်တက်လာသည်။ ဧပြီလအတွင်း တချို့သောဒေသများ၌ နေ့အပူချိန်သည် ၄၃ ဒီဂရီ စင်တီဂရိတ်ပင် ကျော်လွန်ခဲ့သည်။ မေလတွင် အပူချိန်ဆက်လက်မြင့်တက်နေဦးမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။ နွေရာသီရောက်ပြီဆိုသည်နှင့်ကျေးလက်နေပြည်သူများ၊ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့်ဝေးကွာသောဒေသများတွင် နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင် ဖြစ်သည်။

### ကြုံတွေ့ရ

နွေရာသီ၌ ရေရှားပါးမှုကြုံတွေ့ရသည့် တချို့သော ဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြပါသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံး၊ တစ်အိုး ရရှိရေးအတွက် မိုင်ပေါင်းများစွာဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာသွားရောက်ကာ ရေခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့်မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ရှိသောနေရာများသို့ သွားရောက်နေခိုရလေ့ရှိပါသည်။

### ရေလှူဒါန်းမှုများ

မတ်လဆန်းကတည်းက တချို့သော ဒေသများသည် သောက်သုံးရေ ပြတ်လပ်နေပြီဖြစ်သည်။ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် မြို့နယ်အလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက ရေရှားပါးပြတ်လပ်သော ဒေသများသို့ သွားရောက်ကာ သောက်သုံးရေ လှူဒါန်းလျက်ရှိကြသည်။ ရေလှူဒါန်းမှုသတင်းများကို ဖတ်ရသည့်အခါ ပြည်သူများအတွက် များစွာ ဝမ်းမြောက်မိပါသည်။ အလှူရှင်များလည်း ကုသိုလ်များစွာရရှိကြမည် ဖြစ်သည်။

### ရေရှည်စီမံမှုများလို

စင်စစ်အားဖြင့် နှစ်စဉ် ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်တတ်သည့်နေရာများတွင် ရေလှူဒါန်းနေရုံမျှဖြင့် လုံလောက်မှုမရှိနိုင်ပေ။ ထိုအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကို မျှော်တွေးကာ သောက်သုံးရေဖူလုံရေးအတွက် ထိရောက်သော ရေရှည်စီမံချက်များချမှတ် အကောင်အထည်ဖော်ပေးသင့်သည်။ သာဓက အနေဖြင့် စက်ရေတွင်းများ တူးခြင်း၊ ကန်များတူးဖော်၍ မိုးရာသီတွင် ရေများသိုလှောင်ထားခြင်း၊ နေအိမ်များအလိုက် မိုးရေများခံကာ သိုလှောင်ထားခြင်း စသည့်အစီအမံများ ပြုလုပ်သင့်ပေသည်။

### ရေဆိုသည်မှာ

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်နံနက်" ဆိုသည့်အတိုင်း သက်ရှိများအတွက် အရေးပါဆုံးသောအရာသည်လည်း "ရေ"ပင်ဖြစ်နေသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ်နှစ်ခု ($H_2O$) တို့ ပေါင်းစပ်ပါဝင်နေကြောင်းကို ငယ်စဉ်ကတည်းက ဓာတုဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသည်။ ရေကို သတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင် အရည်အဖြစ် တွေ့ရလေ့ရှိသည်။ ထို့အပြင် ရေခဲ၊ ရေခိုးရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်း ရပ်တည်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

### ရေဘယ်လောက်သောက်မလဲ

လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာ သောက်သုံးသည့် ရေပမာဏသည် ထိုသူ၏ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာကို ထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နေ့စဉ်သောက်ရေ ဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်အထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများကဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက် (သုံးလီတာခန့်) အထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂ လီတာခန့်) အထိ သောက်သင့်သည်ဟုလည်း ဆိုထားသည်။

> **"လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်၊ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားရှိသည်၊ ထို့ကြောင့် ရေအရင်းမြစ်များကို အချိန်မီစနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်"**

မည်သို့ပင်ဆိုစေကာမူ ရေသည် လူတစ်ဦး၏ ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့အပြင် ရေသည် လူ့ကိုယ်ခန္ဓာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအရွယ်အစားပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ဦးနှောက်နှင့် နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး၊ အဆုတ်တွင် ၈၃ ရာခိုင်နှုန်းအထိ ပါဝင်သည်ဟု ဆိုသည်။

### အကျိုးကျေးဇူးများ

ရေတွင်ကယ်လိုရီနှင့် အာဟာရများ ပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသောသောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ သက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူတစ်ဦးသည် ရေကိုဖူလုံစွာ သောက်သုံးထားပါက ဦးနှောက်၊ ကိုယ်ခန္ဓာဆဲလ်များ၊ အစာချေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားအရေခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ကိုယ်ခန္ဓာအပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။

ထို့အပြင် ရေကိုလုံလောက်စွာ သောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှု လျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်း စသည့်အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။

အထူးသဖြင့် ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများစွာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူသားတို့သည် ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသည်လည်း ရေရှိမှသာ လည်ပတ်နိုင်မည်ဖြစ်သည်။

### သန့်ရှင်းသော ရေရှားပါးလာ

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေ သန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေ မရှိနိုင်သေးသည့်အပြင် ကျန် သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့် ညီညွတ်သောရေကို ဖူလုံစွာမရှိကြသေးပါ။ ထို့အပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေကိုအခြေခံသည့်ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု လေ့လာ သုံးသပ်သူများက ဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟု ဆိုသည်။

လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခု ဖြစ်သည်။ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ထို့ကြောင့် ရေအရင်းမြစ်များကို အချိန်မီစနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

### ရေရှားပါးဖြစ်ရသည့် အကြောင်းတရားများ

မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းနှင့် သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည် ရေရှားပါးရခြင်း၏ အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့ သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်း နည်းပါးလာပြီး ရေရှားပါးခြင်းဆိုသော နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေပါသည်။

ထို့အပြင် မြို့ပြများတွင် စက်ရေတွင်းများ လွန်ကဲစွာ တူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းအမြစ်ကို ဆုတ်ယုတ်စေပါသည်။ ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှ ထုတ်လွှတ်သော စွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများအား အအေးခံခြင်းနှင့် ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာ အသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျ စီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ်ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်သည်။

ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားရေးသည်လည်း လူသားအားလုံး၏ တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှ စွန့်ပစ်ပစ္စည်းများအား မြစ်၊ ချောင်းများအတွင်းသို့ စည်းမဲ့၊ ကမ်းမဲ့ စွန့်ပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သော လက်နက်များအား ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည် ရေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာ ပဋိညာဉ်များနှင့် ကတိကဝတ်များကို လိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှုအန္တရာယ်အား ကြိုတင်ကာကွယ်သွားသင့်သည်။

### ခြိုးခြံချွေတာရေး နည်းလမ်းများ

လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကိုသုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့ သုံးစွဲရာတွင် လူတစ်ဦး၊ တစ်ယောက်ချင်းစီမှ အဖိုးတန်ရေကို ချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိ ပြည်သူများကို ကူညီရာရောက်ပါသည်။ ရေကို အောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသွားသင့်ပါသည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း။
(၃) နေအိမ်ရှိ ရေပိုက်ခေါင်းအားလုံးကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းတွင် ရေပန်းခေါင်းတိုတို ကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာ ဖွင့်၍ ရေချိုးခြင်း။
(၆) ပန်းဥယျာဉ်များကို မိုးရေနှင့်သာ ပက်ဖျန်းခြင်း။
(၇) အိမ်သာရေစိမ့်မှုကို ပြုပြင်ထားခြင်း။
(၈) ရေစိမ့်နေသည့် နေရာများကို စစ်ဆေးခြင်း။
(၉) မိုးရေကို ခံထားခြင်း။
(၁၀) ရေအိမ်ကို အမှိုက်ပုံးကဲ့သို့ အသုံးမပြုခြင်း။
(၁၁) ရေချွေတာသည့် စက်များ ဝယ်ထားခြင်း (ဥပမာ- ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)။
(၁၂) မည်သည့်အခါမျှ ရေကို မသွန်ပစ်ရန်။

ခြုံ၍ဆိုရလျှင် ယခုနှစ်နွေရာသီတွင် အပူချိန်ပိုမိုပြင်းထန်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။ အပူချိန်မြင့်မားလာခြင်းနှင့်အတူ နွေရာသီတွင် ကြုံတွေ့ရသည့် ပြဿနာသည် သောက်သုံးရေရှားပါးမှုပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။

ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ် နွေရာသီတွင် သောက်သုံးရေရှားပါးမှုဒဏ်ကို ခါးစည်းခံရလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားတစ်ဦး၊ တစ်ယောက်ချင်းစီအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာရနိုင်သည့် ရေရှားပါးမှုပြဿနာ၊ အထူးသဖြင့် နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်မျှော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာဖြင့် **သက်ရှိအားလုံးအတွက် တန်ဖိုးရှိသောရေကို စနစ်တကျ ချွေတာသုံးစွဲ**သွားနိုင်ကြပါစေ။ ။

## လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမည့် စီမံကိန်းရှင်းလင်း

**ဘားအံ မေ ၄**

ကန်ပေါက် LNG မှ ထုတ်လုပ်မည့် လျှပ်စစ်အားဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းသွယ်တန်းမည့် စီမံကိန်းများကို လူမှုအဖွဲ့အစည်းများထံ ချပြရှင်းလင်းခြင်းအခမ်းအနားကို ဘားအံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မေ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် TOTAL ကုမ္ပဏီမှ လူထုဆက်ဆံရေးအရာရှိ ဒေါက်တာအောင်ဇော်ဝင်းက "ကန်ပေါက်ဓာတ်အားပေးစက်ရုံ ဓာတ်ငွေ့အရည်နဲ့ လည်ပတ်ပြီး လျှပ်စစ်ထုတ်လုပ်မယ့် စီမံကိန်းပဲဖြစ်ပါတယ်၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်မှ ပြုလုပ်ဖို့ရှိပါတယ်၊ ထွက်ရှိတဲ့ လျှပ်စစ်ကို နိုင်ငံတော်ရဲ့လျှပ်စစ်ကွန်ရက်ထဲကို ထည့်ပေးသွားမှာဖြစ်ပြီး ဒီလျှပ်စစ်တွေကိုတော့ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီး အထိ သွယ်တန်းသွားမှာပါ"ဟု ပြောသည်။

ထို့နောက် လူမှုအဖွဲ့အစည်းများမှ တက်ရောက်လာကြသူများက အကြံပြုတင်ပြဆွေးနွေးခဲ့ကြပြီး ကန်ပေါက်လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသော လျှပ်စစ်ကို ဓာတ်ငွေ့အရည်ကနေဓာတ်ငွေ့ကိုပြောင်းပြီး လည်ပတ်ထုတ်လုပ်မှာဖြစ်ကြောင်း၊ စက်ရုံအား ၂၀၁၉ ခုနှစ်တွင် စတင်ဆောက်လုပ်ရန် ရည်မှန်းထားပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဓာတ်အားလိုင်းဖြန့်ဝေနိုင်ရန် မျှော်လင့်ထားကြောင်း၊ စက်ရုံမှ ၁၂၃၀ မဂ္ဂါဝပ်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း၊ သွယ်တန်းမည့်အရှည်မှာ ကီလိုမီတာ ၄၅၀ ရှိကြောင်း သိရသည်။ လုပ်ငန်းများ မလုပ်ဆောင်မည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းနေသလို ဆက်လက်ချပြရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ**



# လေဘာစာရွက်လုပ်ဆောင်ရာတွင် ပွဲစားများကြောင့် စောစီးစွာမှတ်ပုံတင်ထပ်ထားသူများ အခက်အခဲကြုံတွေ့နေ

**ရန်ကုန် မေ ၄**

သကြင်္န်ကာလ နောက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများမှ အလုပ်သမား ခေါ်ယူမှုများသည့်အတွက် ဒေသအသီးသီးမှလာရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိရာ ထိုသို့ အလုပ်ဝင်ရောက်ရန် လေဘာစာရွက်လုပ်ဆောင်ရာ၌ ပွဲစားများက ငွေတောင်းခံ၍ မှတ်ပုံတင်ထပ်ပေးသောကြောင့် ငွေကြေးမတတ်နိုင်သော လေဘာစာရွက်လျှောက်ထားသည့် အလုပ်သမားများ အခက်အခဲကြုံတွေ့နေရကြောင်း မတ် ၂ရက်က သိရသည်။

မေလမှစ၍ ယခင်ကဲ့သို့ မှတ်ပုံတင်မူရင်းဖြင့် လေဘာစာရွက်လျှောက်ထားခွင့်မပြုဘဲ မိတ္တူဖြင့်သာ ခွင့်ပြုသောကြောင့် ပွဲစားများက မိတ္တူစာရွက်တစ်စောင်လျှင် ငွေကျပ် ၂၅၀၀မှ ငွေကျပ် ၅၀၀၀ အထိကောက်ခံ၍ တစ်အုပ်စုလျှင် ၂၅ ယောက်ပါဝင်သော စီနီယာအုပ်စု တွင် ရရှိနိုင်ရန် ငွေတောင်းခံလျက်ရှိကြောင်း သိရသည်။

"သမီးတို့က အခု အသံချဲ့စက်နဲ့ အော်နေတဲ့သူကို တစ်ယောက် ငွေကျပ် ၂၅၀၀ ပေးရတယ်၊ မှတ်ပုံတင်မိတ္တူပေးပြီး စောင့်နေရုံပဲ၊ ဒီမနက်မှာ ၃၈ အုပ်စုအထိရောက်နေပြီ၊ အုပ်စု ၂ မှာပါအောင် မှတ်ပုံတင်ကိုကြားထိုးပေးတာ၊ နံနက် ၁၀ နာရီကျော်တော့ တစ်ယောက်ကို ငွေကျပ် ၅၀၀၀ ကနေ ၆၀၀၀ အထိ ပွဲစားကိုပေးရတယ်၊ နောက်ရက်တွေ ဒုက္ခမခံချင်တော့ တတ်နိုင်တဲ့သူတွေက ပေးနိုင်ပေမယ့် အဆောင် စရိတ်၊ စားစရိတ်ချင့်ချိန်နေရတဲ့သူတွေက မပေးနိုင်ဘူး" ဟု အလုပ်လျှောက်ရန် လေဘာစာရွက်စောင့်ဆိုင်းနေသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် လှိုင်သာယာသည် လုပ်သားအင်အားအများဆုံးတည်ရှိရာ စက်မှုဇုန်ဖြစ်ပြီး လေဘာစာရွက်ရရှိပါက ရဲစခန်းထောက်ခံစာရယူရသောကြောင့် လေဘာရုံးရှေ့တွင် ရဲစခန်းထောက်ခံစာ တစ်ရွက်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ပွဲစားများက ရောင်းချလျက်ရှိပြီး ငွေကြေးယူ၍ မှတ်ပုံတင်မိတ္တူ ကြားညှပ်ထပ်ပေးသော ပွဲစားများမှာလည်း အုပ်စုလိုက်လုပ်ကိုင်နေကြသည့်အတွက်ကြောင့် အမှန်တကယ်စောစီးစွာ မှတ်ပုံတင်မိတ္တူထပ်ထားသော အလုပ်လျှောက်ထားသူများ များစွာ နစ်နာလျက်ရှိကြောင်း သိရသည်။



**၁၆၄**

# ပူတာအိုမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းအတွက် ကွင်းဆင်းဆောင်ရွက်

**ပူတာအို မေ ၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းများ စတင်နိုင်ရန်အတွက် မေ ၂ ရက်က ပူတာအိုမြို့နယ် မူလာဒီကျေးရွာသို့ လူထုစည်းရုံးရေးမှူးများ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ လက်တွေ့ကွင်းဆင်းရာတွင် လူထုဗဟိုပြု စီမံကိန်းအတွက် ခန့်အပ်ထားသည့် လူထုစည်းရုံးရေးမှူးများ၊ နည်းပညာအကြံပေးအဖွဲ့များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်း တွဲဖက်ဝန်ထမ်းများက ဒေသခံကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းနှင့် ကျေးရွာလူထု အားလုံးပါဝင်သော လူမှုဆန်းစစ်ခြင်း စသည့်တို့ကို လုပ်ကိုင်ဆောင်ရွက်ကြသည်။

လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာ ၁၁၀ တို့တွင် ကျေးရွာလူထုက တင်ပြတောင်းဆိုသော ဖွံ့ဖြိုးရေးဦးစားပေးအလိုက် အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားနှင့် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘိုဘို (မလှိုင်)**



# ဆိပ်ဖြူ - ပခုက္ကူ ရထားစီးခရီးသွားများ ဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ လှူဒါန်း

**ဆိပ်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့ကို နေ့စဉ်အချိန်မှန် ပြေးဆွဲနေသည့် မြန်မာ့မီးရထား တိုင်းအမှတ် (၁၀) RBE လူစီးရထားကို စီးနင်းသည့် ခရီးသည်များ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသစာအုပ်၊ စာစောင်များကို မေ ၂ ရက်က ဆိပ်ဖြူဘူတာ၌ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရထားစီးခရီးသည်များအား လိုရာခရီးသို့မရောက်မီအချိန်တွင် သုတ ရသ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်ရန် RBE လူစီးရထားပေါ်တွင် ရထားစီးသည့်ခရီးသည်များ စာပေဖတ်ရှုလေ့လာနိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# မိန်းကလေးနှစ်ဦးအား ကျောက်မဲမြို့နေအဒေါ်ဖြစ်သူထံပြန်လည်အပ်နှံ

**လားရှိုး မေ ၄**

ရထားရဲတပ်ဖွဲ့အမှတ် ၅ တပ်ခွဲမှူးရုံး (လားရှိုး)အပိုင်နယ်မြေအတွင်း ပြေးဆွဲလျက်ရှိသော အမှတ် ၁၃၁ အဆန် မန္တလေး-လားရှိုးရထား သည် မေ ၃ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ ၌ သီပေါဘူတာသို့ဆိုက်ရောက်ခဲ့ရာရထားလုံခြုံရေးလိုက်ပါလာသည့် တပ်ခွဲ ၅ တပ်စု ၃ (နောင်ချို)မှ ရဲဒုတပ်ကြပ်ထွန်းထွန်းဝင်းနှင့်တပ်ဖွဲ့ဝင်များသည် ဘူတာရုံတွင် တွေ့ရှိသော မ-----(၂၀နှစ်) နှင့် မ-----(၂၁နှစ်) မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေသူတို့နှစ်ဦးအား မသင်္ကာ၍စစ်ဆေးမေးမြန်းခဲ့ရာမှ ဧပြီ ၂၄ ရက်က အုန်းချောရဲစခန်း၏ လူပျောက် အမှတ်စဉ် ၄/၂၀၁၈ ဖြင့်ကြေညာထားသူများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် ဆက်သွယ်ပြီး အဒေါ်ဖြစ်သူ ဒေါ်အိအိချို (၃၇နှစ်)ကျောက်မဲမြို့ အမှတ် ၉ ရပ်ကွက်နေသူထံသို့ သီပေါဘူတာဒုရုံပိုင် ဦးဆန်းမင်းအောင်ရှေ့တွင် မေ ၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ၌ အဆိုပါ ရဲဒုတပ်ကြပ်ထွန်းထွန်းဝင်းနှင့်အဖွဲ့မှ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုဂုဏ်ပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ မေ ၄**

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်နေ့တွင် ကျရောက်သည့် (၇၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၃ ရက်က ပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ ဦးစီးပြီး သန္နေတပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဘားအံမြို့ရှိ သေဠမန်အောင်ဘုရားကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် တပ်ဖွဲ့ဝင် ၅၀ က သွေးအမျိုးအစားပေါင်း ပုလင်း ၅၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ်၌ ပေါ့ဆ မီး ၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ကော့ကရိတ်မြို့နယ်တွင် မီးလောင်မှု ၁၀ ကြိမ်၊ လှိုင်းဘွဲ့မြို့နယ်တွင် တစ်ကြိမ်၊ ဘားအံ မြို့နယ်တွင် ၁၈ ကြိမ်၊ သံတောင်ကြီးတွင် ခြောက်ကြိမ်၊ ဖာပွန်တွင် တစ်ကြိမ်၊ မြဝတီတွင် ကိုးကြိမ် မီးလောင်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ **မင်းရာဇာ**



# မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းစည်းရုံးရေးနှင့် လုပ်ငန်းစဉ်ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း (Law Graduates Assoication of Myanmar - LGAM) သည် တစ်နိုင်ငံလုံးအတိုင်းအတာအသင်းအဖွဲ့တစ်ရပ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှတရားဝင် ခွင့်ပြုချက် ရရှိထားပြီးဖြစ်သည်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးများဆီ သွားရောက်ကာ အသင်း၏ စည်းရုံးရေးနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သော ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

မိမိတို့အသင်းအနေဖြင့် ဥပဒေပညာရပ်ဆိုင်ရာ အသင်းအဖွဲ့တစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ ဥပဒေပညာရပ်ဖြင့် ဥပဒေဆိုင်ရာ အခွင့်အရေးများ မဆုံးရှုံးစေရန် လိုအပ်သော အကူအညီများ ပေးနိုင်ရေးနှင့်ဥပဒေဘွဲ့ရများ တပေါင်းတစည်းတည်း ညီညွတ်စွာစုစည်းနိုင်ရေးတို့ကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့ကို သွားရောက်ပြီးအသင်း၏ စည်းရုံးရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကာ အသင်းဝင်များကို စုစည်းနိုင်ခဲ့ကြောင်း၊ အသင်းအနေဖြင့် ဆက်လက်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို သွားရောက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အဆိုပါ ပြည်နယ်များရှိ ဥပဒေဘွဲ့ရများ၊ ရှေ့နေအဖွဲ့အစည်းများ နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက်က ရန်ကုန်တက္ကသိုလ် ဓမ္မာရုံတွင် ကျင်းပသော အသင်း၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦး ကဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းသည် အဆိုပါမွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်သော် (ကမာရွတ်)**

## မိဘမေတ္တာကိုအခြေခံသည့် ဇာတ်ကားရိုက်ကူးမည်



သီဟရတနာထုတ်လုပ်ရေးမှ တတိယမြောက်ကားဖြစ်သည့် Cover ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျိုးက ရိုက်ကူးပြီး အကယ်ဒမီရန်အောင်၊ အကယ်ဒမီလူမင်း၊ ရဲမင်းပိုင်၊ နေဆန်း၊ သတ္တိ၊ ထူးခြား၊ မော်ဒယ် တိုင်ရွှန်၊ ဟန်နီတို့က ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့ရဲ့ ဒီဇာတ်ကားကတော့ အရင်ကအက်ရှင်ကားတွေလို တစ်နေရာတည်းရပ်ပြီးတော့ ထိုးနေမှာတော့ မဟုတ်ပါဘူး၊ စတန့်နဲ့ ထိုးတာတွေလည်းပါမယ်၊ ဖိုက်တင်ပိုင်းကို ကျွန်တော်က အရင်တုန်းကလည်း ရိုက်တယ်၊ ဒါပေမယ့် အက်ရှင်ပိုင်း ရိုက်ကူးသူလည်း နည်းတယ်၊ နောက်ပြီး ရိုက်ကူးရေးပိုင်းမှာလည်း လိုအပ်တဲ့ စက်ပစ္စည်းတွေလည်း ရှိတာပေါ့၊ ဖိုက်တင်ပိုင်းမှာ တစ်ယောက်နဲ့တစ်ယောက် ခွင်ဆင်ထိုးရတာ ထိမိခိုက်မိတာတွေလည်းရှိတယ်၊ သက်ကြီးပိုင်းလူကြီးတွေ မြန်မာပြည်မှာအက်ရှင်ရိုက်တယ်ဆိုတာ ကျန်းမာရေးအရရော၊ ရာသီဥတုအနေအထားအရ ပံ့ပိုးမှုအားနည်းတဲ့အတွက် ရိုက်ကူးမှုအားနည်းကြတာလည်း ပါပါတယ်၊ လူငယ်ပိုင်းဖြစ်တဲ့ ကျွန်တော်တို့ကိုယ်တိုင်က ဒီလို အက်ရှင်ကားတွေကို မရိုက်ဘူးဆိုရင် ရိုက်မယ့်သူလည်း ရှိမှာမဟုတ်တော့ပါဘူး၊ ယောကျ်ားလေးပရိသတ်တွေ ကြည့်ရှုလို့ရဖို့အတွက် အက်ရှင်ကားတွေ ရိုက်ဖြစ်တာပါ၊ ဒီဇာတ်ကားရဲ့ ရည်ရွယ်ချက်လေးကတော့ ကာဗာဆိုတဲ့အတိုင်း တံတိုင်းတစ်ခုလို မိဘတွေက သားသမီးတွေကို ကာကွယ်စောင့်ရှောက်မယ်ပေါ့၊ သူငယ်ချင်းအချင်းချင်းတွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် ကာကွယ်စောင့်ရှောက်မှုလုပ်ပေးမယ်ဆိုတာကို ပုံဖော်ဖန်တီးထားတာပါ"ဟု ဒါရိုက်တာ ဂျိုးက ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို အက်ရှင်ဒရမ်မာ ၅၂၈ မေတ္တာရသသုံးမျိုးကို ပုံဖော်ရိုက်ကူးထားပြီး မေလ ပထမအပတ်တွင် စတင်ရိုက်ကူးမည်ဟု သိရှိရသည်။

**ကိုလင်း**

## စစ်ကိုင်းမြို့ မဟာသိမ်တော်ကျောင်းပြုပြင်ရန် လှူဒါန်းခဲ့သူ ဝတ်မှုန်ရွှေရည်

နှစ်ပေါင်း ၂၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သည့် စစ်ကိုင်းမြို့ရှိ မဟာသိမ်တော်ကျောင်း ပြန်လည်ပြုပြင်ရန်အတွက် အကယ်ဒမီ ဝတ်မှုန်ရွှေရည်က From Bangkok to Mandalay ရုပ်ရှင်အဖွဲ့သားများနှင့် စုပေါင်းကုသိုလ်ပြုခဲ့ကြောင်း သိရှိရသည်။



"မဟာသိမ်တော်ကျောင်းကြီးက ရှေးဟောင်းသမိုင်းဝင် ကျောင်းကြီးတစ်ကျောင်းလည်း ဖြစ်ပါတယ်၊ နှစ်ပေါင်း ၂၀၀ ကျော်အထိ သက်တမ်းလည်းရှိခဲ့ပြီး မြန်မာလူမျိုးတွေပိုင်ဆိုင်တဲ့ အမွေအနှစ်ကြီးတစ်ခုလည်း ဖြစ်တယ်၊ သိမ်ထဲမှာ ထိုင်းတွေရေးခဲ့တဲ့ နံရံပန်းချီတွေလည်း အများကြီးတွေ့ရတယ်၊ ဒီဒေသရဲ့သမိုင်းမှာ ထိုင်းတွေလည်း အများကြီးနေခဲ့ဖူးတယ်လို့ သိရပါတယ်၊ အခုလိုလာပြီး လှူဒါန်းခွင့်ရတဲ့အတွက် ပဋ္ဌာန်းဆက်ပါတယ်လို့ ခံစားရပါတယ်၊ အားလုံးပဲ မဟာသိမ်တော်ကြီး ရေရှည်ခိုင်မာအောင် စောင့်ရှောက်စေချင်တယ်"ဟု ဝတ်မှုန်ရွှေရည်က ပြောသည်။

အဆိုပါ သိမ်တော်ကြီးအတွင်းရှိ နံရံပန်းချီများသည် ဆင်ဖြူရှင်မင်းလက်ထက်က ခေါ်ဆောင်ခဲ့သည့် ထိုင်းလူမျိုးပန်းချီပညာရှင်များ ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရှိရပြီး ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် အလှူရှင်များလည်း လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

**မယ်နု**

## သဘင်သမားအပေါ် ကြိုးကိုင်သူများအား ဖယ်ရှားပေးမည်

**မယ်နု**



သဘင်သမားများအပေါ် ခေါင်းပုံဖြတ်တတ်သည့် သဘင်ပွဲဖြစ်မြောက်ရေး ကန်ထရိုက်များကို မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပြင်းပြင်းထန်ထန် ကိုင်တွယ်သွားရန်ရှိပြီး သဘင်လောကသားများ အကျိုးအတွက် ယခင်ထက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းသွားမည်ဟု သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က ပြောကြားသည်။

ဦးဖိုးချစ်သည် ဗဟိုသဘင်အလုပ်အမှုဆောင်များနှင့် ယခု သီတင်းပတ်အတွင်း မန္တလေးမြို့တွင် တွေ့ဆုံခဲ့ပြီး ယင်းတွေ့ဆုံပွဲအတွင်း သဘင်ပညာသည်များ ကြုံတွေ့နေရသည့် အခက်အခဲများဖြစ်သော လုပ်ခလစာများ၊ အပိုကြေးများနှင့်ပတ်သက်၍လည်းကောင်း၊ ပွဲကန်ထရိုက်နှင့် သဘင်ပညာသည်များအကြား အလုပ်တာဝန်သတ်မှတ်မှုနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကိုလည်းကောင်း၊ သဘင်ပညာသည်များနှင့် မိသားစုများအတွက် နေထိုင်စားသောက်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစသည့် လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားစေရန် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းဖော်ပြနိုင်ရန်အပါအဝင် သဘင်ပညာရှင်များ၏ အသက်အာမခံများ၊ ယာဉ်အာမခံများကို ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း အဆိုပါ ဆွေးနွေးပွဲမှ သိရှိရသည်။

## အစဉ်လတ်ဆတ်နေသည့် အချစ်နှင့် ချောစုခင်

●ကိုလင်း



၁၉၉၇၊ ၁၉၉၈ ခုနှစ်များဆီမှ စတင်ကာ နေရောင်ခြည်ရဲ့အနမ်း အမည်ရသည့် ပထမဆုံးတစ်ကိုယ်တော်ခွေကို ဖန်တီးတင်ဆက်ခဲ့ပြီး တစ်ကိုယ်တော်ခွေ ၁၃ ခွေခန့်ကို သီဆိုထားခဲ့သည့် ချောစုခင်က ယခုအခါ ပရိသတ်ကြီးနှင့် နီးစပ်မှုရရှိစေရန်ရည်ရွယ်ပြီး ယခုနှစ်ဇွန်လတွင် အဆိုတော် ထျန်ခေးဖန်တီးထားသည့် "တောင်းဆိုချက်"အမည်ရှိ တေးသီချင်းကို သီဆိုထားကြောင်း သိရသည်။

"သီချင်းအခွေသစ်သာ မထွက်ဖြစ်ခဲ့တာပါ၊ သီချင်းတွေကတော့ ဆက်တိုက်ဆိုဖြစ်ခဲ့ပါတယ်၊ အထူးသဖြင့်တော့ နယ်ပွဲတွေ အများဆုံးသီဆိုဖြစ်တယ်၊ အခွေမထွက်နိုင်တဲ့ အဓိကအကြောင်းကတော့ အများကြီးပါပဲ၊ အခုအချိန်မှာဆိုရင် နည်းနည်းလည်း စိုးရိမ်တာမျိုးရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရင်က ကျွန်မက ကော်ပီတွေကို အများကြီးဆိုခဲ့တာလေ၊ အခုကိုယ်ပိုင်သံစဉ်တွေဆိုရမှာဆိုတော့ နည်းနည်းစိုးရိမ်တာလည်းရှိတယ်၊ အခုနောက်ထွက်မယ့်အခွေက ကိုယ်ပိုင်သံစဉ်တွေ သီဆိုထားတယ်၊ ရှေ့ပြေးအနေနဲ့ ထျန်ခေး ကိုယ်တိုင်ရေးထားတဲ့ သီချင်းလေးတစ်ပုဒ်ကို အွန်လိုင်းကနေ ဖြန့်ချိပေးသွားမယ်"ဟု ချောစုခင်က ပြောကြားသည်။

လက်ရှိတွင် အဆိုပါ သီချင်းစီးရီးအတွက် အချိန်ပေးလုပ်ဆောင်နေကာ သီချင်းများ ရွေးချယ်နေပြီး အွန်လိုင်းက အမြည်းသဘောဖြန့်ချိကာ ပရိသတ်ကြီးထံမှ တုံ့ပြန်သံများကိုလည်း ပြန်လည်သိရှိလိုကြောင်း ချောစုခင်ထံမှ သိရှိရသည်။

"အခု အွန်လိုင်းမှာတင်တဲ့သီချင်းလေးက အချစ်သီချင်းလေးပါပဲ၊ ထွက်သွားတဲ့ချစ်သူကိုပြန်လာဖို့ မျှော်လင့်ရည်ရွယ်ပြီး သီဆိုထားပါတယ်၊ အငှားခံစားချက်ပေါ့နော်၊ ကိုယ်ပိုင်ခံစားချက်တော့ မဟုတ်ခဲ့ပါဘူး"ဟု ချောစုခင်က ပြောသည်။

ယင်းသီချင်းမှာ အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်ကာလကို ဖြတ်သန်းပြီးကြသူများအတွက် အဓိကထား ရည်ရွယ်ရေးစပ်ထားခြင်းဖြစ်ပြီး အချစ်သည် အသက်အရွယ်အလိုက် အစဉ်နုပျိုတတ်သည်ဟု ချောစုခင်က ဆိုသည်။

အဆိုတော်ချောစုခင်က တေးသီချင်းပြိုင်ပွဲများနှင့် ပတ်သက်၍ "ချောစုကတော့ ပြိုင်ပွဲကို ဘယ်တုန်းကမှ မပြိုင်ခဲ့ဘူး၊ ပြိုင်ဖို့လည်း စိတ်ကူးမရှိခဲ့ပါဘူး၊ အကြောင်းကတော့ ကြောက်တာလည်းပါပါတယ်၊ ကြိုးစားနေတဲ့ ကလေးတွေကိုတကယ်ကိုလေးစားတယ်၊ လူဆိုတာ အိပ်မက်တွေ စိတ်ကူးတွေကို အကောင်အထည်ဖော်ကြရတာပါ၊ ဒါကြောင့် ကိုယ်နဲ့ကိုက်ညီ မှုရှိမရှိ၊ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဟုတ် မဟုတ်ဆိုတာမျိုးကို လေ့လာသင့်တယ်၊ ကိုယ်နဲ့မကိုက်ညီတဲ့ အရာတွေကို လုပ်မိရင် နောင်တရတာမျိုး၊ အဆင်မပြေတာမျိုး၊ မအောင်မြင်တာမျိုး ဖြစ်တတ်တာကြောင့် သတိထားစေချင်တယ်"ဟု ပြောသည်။

## ဝေဠုကျော်ဖောင်ဒေးရှင်းမှ တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်လှူဒါန်း



ကချင်ပြည်နယ် နမ္မတီးမြို့နှင့် မြစ်ကြီးနားမြစ်ဆုံရှိ တိုက်ပွဲရှောင်စခန်းများသို့ အနုပညာရှင်ဝေဠုကျော်နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းမှ စေတနာရှင်များ မေ ၁ ရက်တွင် စတင်ရောက်ရှိခဲ့ကြပြီး ဒေသခံများသို့ ဆန်၊ အဝတ်အထည်နှင့် အသုံးအဆောင်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ကချင်ပြည်နယ်အတွင်း ဒေသခံများ လိုအပ်ချက်အတွက် ယခုကဲ့သို့ သွားရောက်လှူဒါန်း ပေးခြင်းဖြစ်ပြီး ပစ္စည်းသယ်ယူမှု အခက်အခဲများကြောင့် အချို့အစားအသောက်နှင့် အသုံးအဆောင်များကို နီးစပ်ရာဒေသများမှ ဝယ်ယူလှူဒါန်းပေးလျက်ရှိသည်။

ဒေသခံများအတွက် အစားအသောက် အသုံးအဆောင်များအပြင် ရောက်ရှိစဉ်ကာလအတွင်း အာဟာရဒါနချက်ပြုတ်ပေးခဲ့ပြီး ကိုယ်တိုင်လှူဒါန်းပေးနိုင်ခဲ့ခြင်းကြောင့် ကျေနပ်အားရမိကြောင်း ဝေဠုကျော်က ပြောသည်။

လှူဒါန်းလိုသူများသည် ဝေဠုကျော်ဖောင်ဒေးရှင်း ဖုန်းနံပါတ် ၀၉-၄၅၅၅၀၀၀၁၀ နှင့် ၀၉-၄၅၅၅၀၀၀၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

**မယ်နု**

## နိုင်ငံတကာ အနုပညာသတင်း

# ဆယ်လီနာရဲ့ဆံပင်စတိုင်အသစ်ကို သဘောကျတဲ့ ဂျက်စတင်ဘီဘာ

ဆံပင်စတိုင်အသစ်နဲ့ အလွန်ကိုလှနေတဲ့ ဆယ်လီနာဂိုမက်ဇ်ကို မြင်ရတဲ့အခါ ဂျက်စတင်ဘီဘာတစ်ယောက်တော့ တကယ့်ကို လွမ်းနေတော့မှာပါပဲ။ အသက် ၂၄ နှစ်ရှိပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ သူ့ထက် အသက်တစ်နှစ်ကြီးတဲ့ ရည်စားဟောင်း ဆယ်လီနာရဲ့ ဆံပင်ပုံစံအသစ်ကို သဘောကျနေပါတယ်။ ဂျက်စတင်ဘီဘာဟာ ဆယ်လီနာနဲ့ လမ်းခွဲပြီးတဲ့နောက်ပိုင်း အပြင်မှာ လူချင်းမတွေ့ဖြစ်ကြပေမယ့် ဆယ်လီနာရဲ့ပုံတွေကိုတော့ ခဏခဏကြည့်ဖြစ်တယ်လို့ ဂျက်စတင်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦးက ဟောလီးဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ သူတို့ဟာ လူချင်းမတွေ့ဖြစ်ကြပေမယ့် ဆယ်လီနာဘာလုပ်နေသလဲဆိုတာကို ဂျက်စတင်က စောင့်ကြည့်လေ့ရှိတယ်လို့ ပြောပါတယ်။

ဆယ်လီနာနဲ့ ဂျက်စတင်တို့ဟာ တွဲလိုက် ခွဲလိုက် ခဏခဏဖြစ်နေပေမယ့် ဆယ်လီနာ့အပေါ်မှာ စိတ်လုံးလုံးပြတ်သွားတယ်လို့ မရှိပါဘူး။ ဒီလိုပါပဲ။ ဆယ်လီနာကလည်း သူ့ဆံပင်ပုံစံအသစ်ပြောင်းတိုင်း ဂျက်စတင်ဘီဘာ မြင်နိုင်မယ့် လူမှုကွန်ရက်တွေမှာ သူ့ပုံတွေ တင်လေ့ရှိပါတယ်။

ဒီလူငယ်အဆိုတော်နှစ်ဦးဟာ တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ပြတ်တယ်လို့ ပြောလို့မရပေမယ့် အခုအချိန်မှာ ပြန်တွဲဖို့ဆိုတာကတော့ မဖြစ်နိုင်သေးပါဘူး။ လက်ရှိမှာတော့ သူတို့နှစ်ယောက်စလုံးဟာ လမ်းခွဲပြီးနောက်ပိုင်း အရင်းနှီးဆုံး သူငယ်ချင်းတွေနဲ့ အပြင်ထွက်တာ၊ အလုပ်ကိစ္စတွေလုပ်ကိုင်နေတာတွေနဲ့ပဲ အချိန်ကုန်နေပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**

**ခြူး**



# လက်ထပ်ပွဲအတွက် ရထားလုံးရွေးချယ်ပြီးဖြစ်တဲ့ ဟယ်ရီတို့စုံတွဲ

မြင်းတွေနဲ့ဆွဲမယ့် ရထားလုံးသာမပါဘူးဆိုရင် တော်ဝင်မင်္ဂလာပွဲဟာ အထမြောက်မှာမဟုတ်ဘူး။ မင်းသားဟယ်ရီနှင့် ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့ရဲ့ လက်ထပ်ပွဲ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သလို သူတို့နှစ်ယောက်မင်္ဂလာပွဲမှာ စီးနင်းလိုက်ပါမယ့် ရထားလုံးကိုလည်း ရွေးချယ်ပြီးပြီလို့ တော်ဝင်မိသားစုရုံးကပြောပါတယ်။ ဒီရထားလုံးကို တော်ဝင်အခမ်းအနားတွေမှာသုံးတဲ့ ရထားလုံးတွေထဲက ရွေးချယ်ခဲ့တာပဲ ဖြစ်တယ်။ မေလ ၁၉ ရက်နေ့မှာ ကျင်းပမယ့် လက်ထပ်ပွဲမှာတော့ လက်ထပ်ပြီးစ မင်္ဂလာမောင်နှံကို မြင်းလေးကောင်ဆွဲတဲ့ အမိုးဖွင့်ရထားလုံးနဲ့ ဝင်ဆာရဲတိုက်ကနေ မြို့လည်ပြီးတော့ ညှော့ခံပွဲကျင်းပမယ့်နေရာထိ သယ်ဆောင်သွားမှာပဲဖြစ်တယ်။ လန်ဒန်မြို့အနောက်ပိုင်းမှာတော့ ဒီစုံတွဲကို တွေ့မြင်ချင်တဲ့ လူထောင်ပေါင်းများစွာတို့ဟာ လမ်းဘေးဝဲယာကနေ စောင့်မျှော် ကြည့်ရှုကြလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

“ ဒါဟာ လူတိုင်းလူတိုင်းအဖို့ မေ့မရတဲ့ နေ့လေးတစ်နေ့ဖြစ်လာဖို့ တော်ဝင်မင်းသားဟယ်ရီတို့စုံတွဲက မျှော်လင့်လျက်ရှိတယ်လို့လည်း ကင်းစတန်နန်းတော်ကပြောပါတယ်။ အခုရွေးချယ်ထားတဲ့ ရထားလုံးဟာ အမိုးဖွင့်ရထားလုံးဖြစ်ပြီး တကယ်လို့များ အဲဒီနေ့မှာ မိုးရွာခဲ့မယ်ဆိုရင် ဖန်အမိုးပါတဲ့ နောက်ထပ်ရထားလုံးကို အသုံးပြုသွားမယ်လို့ သိရပါတယ်။

တော်ဝင်ရထားလုံးတွေကတော့ အလုံး ၁၀၀ ခန့်ရှိပြီး အစ်ကိုတော်ဖြစ်သူ ဝီလျံရဲ့လက်ထပ်ပွဲမှာလည်း ဒီရထားလုံးတွေထဲက တစ်စီးကို ဟယ်ရီ အသုံးပြုဖူးပါတယ်။

**ယူအက်စ်အေတူဒေးဒေါ့ကွန်း**

**ခြူး**





# ကလေးငယ်များ စဉ်းစားတွေးခေါ်မှုစွမ်းရည် မြင့်မားလာစေရန် ပြိုင်ပွဲများ ပြုလုပ်ပေး

**ပဲခူး မေ ၄**

ကလေးငယ်များ စဉ်းစားတွေးခေါ်မှုစွမ်းရည် မြင့်မားလာစေရန်နှင့် အနာဂတ်တွင် ကိုယ်စွမ်းဉာဏ်စွမ်း ပြည့်ဝစွာဖြင့် မိမိတို့၏ ဘဝကို ပဲ့ကိုင်နိုင်လျက် ဘာသာ၊ သာသနာ၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ပဲခူးမြို့ သန္တိသုခ ဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာပြုအသင်းကြီး၏ ၁၃ နှစ်ပြည့်အထိမ်းအမှတ် ပထမအကြိမ် ကြီးမှူးကျင်းပသော သုတစုံလင်ဉာဏ်ကြီးရှင် ပဲခူးတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက်က ရွှေသာလျောင်းဘုရားဝင်း သုဝဏ္ဏရွှေဘုံဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် လူငယ်ဆွေးနွေးပွဲများ၊ ကလေးတရားပွဲများ၊ ဂိမ်းအစီအစဉ်များ၊ ကလေးစာဖတ်ခန်းနှင့် ပြခန်းများ၊ ကုမ္ပဏီအရောင်းဆိုင်များ၊ နိုင်ငံကျော်အနုပညာရှင်များ ပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် မေ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်အောင် ပြိုင်ပွဲဝင် ၅၀ ထဲမှ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆု ခုနစ်ဆုကို တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ သန္တိသုခအသင်း နာယကဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်လှကြည်၊ ဒေါက်တာ အောင်ခင်၊ ပြိုင်ပွဲဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မုနိလေးဆူနှင့် ဗုဒ္ဓမြတ်စွယ်တော်အား အများပူဇော်နိုင်ရန် ပင့်ဆောင်

**လက်ပံတန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ သဒ္ဓမောဒယ အဘိဓမ္မာညဝါတက္ကသိုလ် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်ကြီးအတွင်း ကိန်းဝပ်တော်မူမည့် မုနိလေးဆူနှင့် မြတ်ဗုဒ္ဓ၏စွယ်တော် ပင့်ဆောင်ခြင်း အခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က သုံးဆယ်မြို့ ထူပါရုံစာသင်တိုက်မှ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ မော်တော်ယာဉ်များဖြင့် သွားရောက်ပင့်ဆောင်ကာ ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ အပူဇော်ခံမဏ္ဍပ်တွင် အပူဇော်ခံထားရှိခဲ့သည်။ မုနိလေးဆူနှင့် မြတ်ဗုဒ္ဓ၏ စွယ်တော် ကိန်းဝပ်တော်မူမည့် ဂန္ဓကုဋိတိုက်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ပင့်ဆောင်ထားရှိကြောင်း သိရသည်။

**အောင်ဆင့်**

# ကယားပြည်နယ်အတွင်းရှိ သိမ်းဆည်းလယ်ယာမြေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် မေ ၄**

ကယားပြည်နယ်အတွင်းရှိ သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး လယ်ယာမြေနှင့် အခြားမြေများ၊ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်မှ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာန အဖွဲ့အစည်းများမှ သိမ်းဆည်းမြေများအား သက်ဆိုင်ရာ ပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်ပေးအပ်နိုင်ရေးလုပ်ငန်းစဉ်အား ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။



အဆိုပါ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) နှင့် ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့မှ သိမ်းဆည်းမြေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) အဖွဲ့ခေါင်းဆောင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းရှိ သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပြန်လည်စွန့်လွှတ်နိုင်ရေး ဗဟိုသို့ သုံး၊ လေးကြိမ် တင်ပြထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်း သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူများထံ ရရှိရေး လာရောက်ကူညီသည့် အဖွဲ့အား ကျေးဇူးတင်ရှိကြောင်း၊ လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ဗဟိုကော်မတီမှ ပြည်နယ်သို့ လွှဲပြောင်းပေးပို့သည့် အမှုတွဲ ၁၁ တွဲရှိရာ ဖြေရှင်းပြီး ကိုးမှု၊ ဖြေရှင်းရန်ကျန် နှစ်မှုဖြစ်ပြီး ပြည်နယ်မြေစစ်သို့ တိုက်ရိုက်တိုင်ကြားလာသော အမှုတွဲပေါင်း ၁၉ မှုရှိရာ ဖြေရှင်းပြီး ရှစ်မှု၊ ဖြေရှင်းရန်ကျန် ၁၁ မှုဖြစ်ကြောင်း၊ ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် ဧပြီ ၂၃ ရက်က အဆိုပါ အမှုတွဲပေါင်း ၃၀ အား ပြည်နယ်အစည်းအဝေးခန်းမတွင် ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ပြန်လည်စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရန် ၁၆ မှုကို ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) ဒုတိယအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒေသခံတောင်သူတစ်ဦးက သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်ရရှိရေး ယခုလို လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သန်းလွင်က တိုင်ကြားစာများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာသည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) နှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များက အမှုတွဲတစ်ခုချင်းစီအလိုက် အသေးစိတ်အချက်အလက်များဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြီးပြတ်အမှုတွဲများအား ပိတ်သိမ်းဆောင်ရွက်ခြင်း၊ သိမ်းဆည်းမြေခေါင်းစဉ်တွင် ပါဝင်ရန်မလိုအပ်သော အမှုတွဲများအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊ တပ်မှ ပြန်လည်စွန့်လွှတ်ရန် တင်ပြထားသော်လည်း အကြောင်းပြန်ကြားလာခြင်း မရှိသေးသည့် အမှုတွဲများနှင့် ပတ်သက်ပြီး ထပ်မံတင်ပြရန်နှင့် ကွင်းဆင်းစစ်ဆေးရန်လိုအပ်သည့် မြေနေရာများကို မေ ၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရခိုင်လူငယ်ညီလာခံ (AYC) ဒုတိယနေ့ စာတမ်းများဖတ်ပွဲ ကျင်းပ

**တောင်ကုတ် မေ ၄-** ရခိုင်လူငယ်ညီလာခံ ဒုတိယနေ့တွင် ရခိုင်မျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ တင်သွင်းလာသော စာတမ်းများ ဖတ်ပွဲကို မေ ၂ ရက်က ရခိုင်ညီလာခံ အခမ်းအနားကျင်းပရာ ကံပိုင်မဟာဝိဟာရကျောင်းတိုက် ရာပြည့်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် မြိုတိုင်းရင်းသားမျိုးနွယ်စု၊ သက်တိုင်းရင်းသားမျိုးနွယ်စု၊ ခမီတိုင်းရင်းသားမျိုးနွယ်စု၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် ပလက်ဝမြို့နယ်မှ လူငယ်ကိုယ်စားလှယ်များ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဖားကန့်မြို့နယ်ရှိ ရခိုင်လူငယ်ကိုယ်စားလှယ်တို့မှ ရခိုင်ညီလာခံကိုယ်စားလှယ်တစ်ဦးစီက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် နိုင်ငံရေး စသောသုံးသပ်ချက် စာတမ်းများကို ဖတ်ကြားရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# Esports အားကစားကဏ္ဍတိုးတက်လာရန် အူရီဒူးနှင့် HOG တို့ ပူးပေါင်းဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ် ဂိမ်းအားကစား (Esports)များ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အူရီဒူးမြန်မာနှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး Esports စင်တာဖြစ်သည့် HOG တို့ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုးပွဲကို မေ ၃ ရက်က ကျင်းပခဲ့ပြီး မြန်မာနိုင်ငံရှိ လူငယ်များအကြား Esports ဖွံ့ဖြိုးတိုးတက်မှု တိုးတက်ကာ နိုင်ငံတကာအဆင့်အထိ ရောက်ရှိနိုင်အောင် ပံ့ပိုးပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

HOG သည် ၂၀၁၇ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် အကြီးဆုံး အပြည်ပြည်ဆိုင်ရာ LAN-Gaming စင်တာဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲများ၊ အများစုပေါင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများနှင့် ပွဲတော်များအစရှိသည့် အစီအစဉ်များဖြင့် မြန်မာ့ Esports ကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိကာ အပြည်ပြည်ဆိုင်ရာ Esports ပြိုင်ပွဲများကို ကျင်းပနိုင်သည်အထိ နေရာနှင့် လိုအပ်သည့်ဝန်ဆောင်မှုများအားလုံး ရရှိနိုင်သည့် နေရာတစ်ခုဖြစ်သည်။

HOG နှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အူရီဒူးသည် HOG ၏ လိုအပ်ချက်ပေါ်မူတည်ပြီး စီစဉ်ပေးထားသည့် Bandwidth သုံး လုပ်ဆောင်ချက်နှင့် မြန်နှုန်းမြင့် dedicated ဖိုင်ဘာ အင်တာနက်တို့ကို အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အူရီဒူးအနေဖြင့် ဂိမ်းဝါသနာရှင်များအတွက် ၎င်း၏ ကွန်ရက်ပံ့ပိုးမှုဖြင့် အကောင်းဆုံး သုံးစွဲသူအတွေ့အကြုံကို ရရှိစေလို၍ ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ အူရီဒူး၏ ထုတ်ကုန်များရောင်းချရန်နှင့် သုံးစွဲသူဝန်ဆောင်မှုများပေးရန်အတွက် ဆိုင်ခန်းတစ်ခုကိုလည်း HOG Esports Center တွင် ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ CEO Mr. Vikram Sinha က"ကျွန်တော်တို့အနေနဲ့ HOG Esports Center နဲ့ ပူးပေါင်းဆောင်ရွက်မှုကနေပြီး မြန်မာနိုင်ငံရှိလူငယ်တွေအကြားမှာ Esports ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတကာအဆင့်အထိ ရောက်ရှိနိုင်အောင် ပံ့ပိုးပေးနိုင်မှာဖြစ်လို့ ဝမ်းသာပါတယ်၊ အူရီဒူးရဲ့ Dedicated ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကနေပေးအပ်မယ့် အင်တာနက်အမြန်နှုန်းနဲ့ Esports ဂိမ်းဝါသနာရှင်အားလုံး အင်တာနက်ရဲ့စွမ်းအားကို အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများစုတွင် အီလက်ထရွန်နစ်ဂိမ်းများကို အားကစားပြိုင်ပွဲကြီးများအသွင် ယှဉ်ပြိုင်သော ပြိုင်ပွဲများသည် Esports အမည်ဖြင့် အောင်မြင်ကျော်ကြားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း Esports များမှာ ဖွံ့ဖြိုးစပြုလာပြီဖြစ်သလို မြန်မာလူငယ်များအနေဖြင့်လည်း Esports တွင် စိတ်ပါဝင်စားမှု ရှိနေကြရာ သင့်တင့်လျော်ညီသည့် လေ့ကျင့်ရန်နေရာများ ရရှိပါက ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် Esports နှင့် ဂိမ်းပညာတို့ကို နိုင်ငံတကာအဆင့်အထိ ရောက်ရှိအောင် မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် HOG Esports စင်တာကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်များဖြင့် ရန်ကုန်မြို့ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီးတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **သူရဖြိုး**



# တစ်မိနစ်လျှင် ၆ ကျပ်သာကျသင့်မည့် ပျော်ပျော်သုံး ပက်ကေ့ချ်အသစ်ကို MPT မိတ်ဆက်

**ရန်ကုန် မေ ၄**

ကြိုးဖုန်းများသို့ ဖုန်းခေါ်ဆိုခြင်းနှင့် MPT ဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခြင်းအတွက် တစ်မိနစ်လျှင် ခြောက်ကျပ်သာ ကျသင့်မည့် အစီအစဉ်တစ်ခုကို ပျော်ပျော်သုံး ပက်ကေ့ချ် (Package ) အမည်ဖြင့် MPT က မေ ၂ ရက်မှ စတင်မိတ်ဆက်ထားကြောင်း သိရသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူ Mr.Reizo Umeda က "ဒီ ပက်ကေ့ချ်အသစ်မှာ MPT အချင်းချင်း မိနစ်ပေါင်း ၂၀၀ ဖုန်းခေါ်ဆိုနိုင်ရုံသာမက SMS အစောင် ၂၀၀ ပေးပို့ခြင်းကို ပြုလုပ်နိုင်မှာ ဖြစ်တာကြောင့် MPT ရဲ့ သန်းပေါင်းများစွာသော သုံးစွဲသူတွေအတွက် အကောင်းဆုံးသော ဝန်ဆောင်မှုတွေကို သယ်ဆောင်လာပေးခဲ့တာလည်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ပျော်ပျော်သုံးအစီအစဉ်ကို ရယူရန်အတွက် ၁၂၆၀ ကျပ် ကျသင့်မည်ဖြစ်ပြီး ရယူပြီးပါက MPT ဖုန်းအချင်းချင်းဖြစ်စေ၊ ကြိုးဖုန်းများကိုဖြစ်စေ မိနစ် ၂၀၀ အထိ ခေါ်ဆိုနိုင်မည်ဖြစ်ကာ MPT ဖုန်းအချင်းချင်း SMS အစောင် ၂၀၀ လည်း ပေးပို့နိုင်မည်ဖြစ်ကြောင်း၊ ပက်ကေ့ချ်တစ်ခုအတွက် သက်တမ်းမှာ ခုနစ်ရက်ဖြစ်ကြောင်း၊ ပက်ကေ့ချ်ကို ရယူရန်အတွက် *200# သို့ ဖုန်းခေါ်ဆို၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ပက်ကေ့ချ်ကို MPT ၏ GSM/WCDMA ဆင်းကတ်အသုံးပြုနေသူများအားလုံး ရယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# အင်တာနက်အမြန်နှုန်း တိုးမြှင့်နိုင်ရန် တယ်လီနောနှင့် Ericsson တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၄**

တယ်လီနောမြန်မာနှင့် Ericsson တို့ ပူးပေါင်းပြီး အင်တာနက်မြန်နှုန်း တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကာ ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းက ရန်ကုန်မြို့တွင် အင်တာနက်မြန်နှုန်းစမ်းသပ်မှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ရာတွင်လည်း မြန်မာနိုင်ငံတွင် အမြင့်ဆုံး မြန်နှုန်းစံချိန်သစ်ဖြစ်သည့် တစ်စက္ကန့်လျှင် 1 Gbps အထိ ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ မြန်နှုန်းစမ်းသပ်မှုတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးသော LTE လုပ်ဆောင်မှုတစ်ခုဖြစ်သည့် Licensed Assisted Access (LAA) အစရှိသည့် နည်းပညာများကို အသုံးပြုခဲ့ကြောင်း၊ ပုံမှန် စမတ်ဖုန်းတစ်ခုကိုအခြေခံကာ အဓိက LTE နည်းပညာများဖြစ်သည့် 256 QAM၊ 4x4 MIMO နှင့် Carrier Aggregation တို့ကို အသုံးပြုပြီး လိုင်စင်ရနှင့် ခွင့်ပြုချက်ရ လိုင်စင်မဲ့ လှိုင်းနှုန်းစဉ်များ ပေါင်းစပ်ကာ




စမ်းသပ်ခဲ့ရာမှ အမြန်နှုန်းစံချိန်သစ်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"Gigabit 4GLTE စမ်းသပ်မှုက မြန်မာနိုင်ငံနဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် မှတ်တမ်းတင်လောက်တဲ့ အောင်မြင်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ မြန်နှုန်းစမ်းသပ်မှုက ကျွန်တော်တို့ရဲ့ကွန်ရက်ဟာ အနာဂတ်ကာလမှာ ပိုမိုမြင့်မားလာမယ့် ဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေပြီ ဆိုတာကို ပြသနိုင်ခဲ့ပါတယ်။ အောင်အောင်မြင်မြင်ရရှိခဲ့တဲ့ ရလဒ်က 5G မြန်နှုန်းအဆင့်အထိ ရောက်ရှိခဲ့ပြီဖြစ်သလို တယ်လီနောရဲ့ကွန်ရက်တိုးတက်မှုအတွက်လည်း အရေးပါလှတဲ့ ခြေလှမ်းတစ်ရပ်ကို လှမ်းနိုင်ခဲ့တာပဲ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

"Ericsson Myanmar ၏ နိုင်ငံဆိုင်ရာတာဝန်ခံဖြစ်သူ Eric Timmer က လည်း ဗီဒီယိုအသုံးပြုမှု ပိုမိုမြင့်မားလာတာနဲ့အတူ ၂၀၂၂ ခုနှစ်မှာ ကမ္ဘာတစ်လွှား မိုဘိုင်းဒေတာ အသုံးပြုမှုက အခုထက် ရှစ်ဆပိုများလာမယ်လို့ မျှော်လင့်ပါတယ်။ အဲဒီခေတ်ရေစီးထဲမှာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံက သုံးစွဲသူတွေအတွက် ပြိုင်ဘက်ကင်းတဲ့စွမ်းဆောင်ရည်နဲ့ အတွေ့အကြုံတွေကို ပေးစွမ်းနိုင်ဖို့ အတွက် Licensed Assisted Access (LAA) အပါအဝင် Ericsson ရဲ့ Gigabit LTE နည်းပညာတွေက စွမ်းဆောင်ပေးနိုင်မှာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် စမတ်ဖုန်းသုံးပြီး ဒေတာအသုံးပြုသူ အရေအတွက်မှာ တိုးတက်လာလျက်ရှိသလို အင်တာနက်သုံးကြသူများအနေဖြင့် ဒေတာသုံးစွဲမှုမြင့်မားသည့် အပလီကေးရှင်းများကို အသုံးပြုမှုကလည်း ဆက်လက်တိုးတက်နေမည်ဟု လေ့လာချက်များအရ သိရပြီး တယ်လီနော၏ 4G အင်တာနက်ကို သုံးစွဲနေသူများ၏ လစဉ်အင်တာနက်အသုံးပြုမှုပမာဏမှာလည်း 5.5GB အထိရောက်ရှိနေပြီဖြစ်ကြောင်း တယ်လီနောမှ သိရသည်။ **သူရဖြိုး**

# ဒစ်ဂျစ်တယ်နည်းပညာများ ပို့ချမည့် တယ်လီနောအလင်းအိမ်စင်တာများ ချင်းပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်

**ရန်ကုန် မေ ၄**

လူငယ်လူရွယ်များအတွက် အခမဲ့ ဒစ်ဂျစ်တယ်နည်းပညာများ သင်ကြားပေးနေသည့် တယ်လီနောမြန်မာ၏ အလင်းအိမ်စင်တာများကို ချင်းပြည်နယ် မင်းတပ်နှင့် မတူပီမြို့နယ်တို့တွင် ဧပြီလနောက်ဆုံးပတ်အတွင်းက ဖွင့်လှစ်ခဲ့ပြီး ကန်ပက်လက်မြို့တွင် မေလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကာ အဆိုပါ အလင်းအိမ်စင်တာများမှာ ချင်းပြည်နယ် အတွင်း ပထမဆုံးဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကျေးလက်နဲ့မြို့ပြ နည်းပညာကွာဟချက်ကို လျှော့ချနိုင်ဖို့ရည်မှန်းပြီး အလင်းအိမ် ဒစ်ဂျစ်တယ်နည်းပညာ အစီအစဉ်ကို ရည်ရွယ်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ကျေးလက်လူဦးရေက ၈၀ ရာခိုင်နှုန်းနီးပါးရှိတယ်လို့ သိရပါတယ်။ ဝေးလံခေါင်သီပြီး သွားလာရခက်ခဲတဲ့ဒေသမှာ နေထိုင်တဲ့သူတွေ ဒစ်ဂျစ်တယ်တတ်ကျွမ်းမှုတွေ ပိုမိုတိုးတက်လာစေနိုင်ဖို့ အလင်းအိမ်အစီအစဉ်က အထောက်အကူပြုနိုင်ပြီဖြစ်လို့ တကယ်ကို ဝမ်းမြောက်မိပါတယ်"ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍတာဝန်ခံ ဦးမင်းသူက ပြောသည်။

နိုင်ငံအနှံ့ရှိ ကျေးလက်နေပြည်သူများ၏ ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု တိုးတက်လာစေရန် ရည်ရွယ်ပြီး အခြေခံကွန်ပျူတာနှင့် စမတ်ဖုန်းအသုံးပြုနည်းနှင့် ဘေးကင်းသော အင်တာနက်အသုံးပြုနည်းတို့ကို သင်ကြားပေးရန်အတွက် တယ်လီနောမြန်မာက MIDO နှင့် ပူးပေါင်းကာ အလင်းအိမ်ဒစ်ဂျစ်တယ်နည်းပညာအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး အခမဲ့ ဒစ်ဂျစ်တယ်နည်းပညာ သင်တန်းများ ပို့ချပေးလျက်ရှိရာ ယခု ချင်းပြည်နယ်တွင် စတင်ဖွင့်လှစ်သော စင်တာများအပါအဝင် မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အလင်းအိမ်စင်တာ စုစုပေါင်း ၆၂ ခုအထိ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ အလင်းအိမ်စင်တာများကို စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ကျောင်းသား ကျောင်းသူပေါင်း တစ်သိန်းခန့်ကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကာ ယခုနှစ်မကုန်မီအတွင်း နောက်ထပ်ကျောင်းသား ကျောင်းသူ ငါးသောင်းအား ထပ်မံသင်ကြားပေးနိုင်ရန် တယ်လီနောက ရည်မှန်းထားကြောင်း သိရသည်။

တယ်လီနောသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ချင်းအမျိုးသားနေ့တွင် ဟားခါးမြို့၌ တယ်လီနော၏ 4G ကွန်ရက်ကိုလည်း စတင်မိတ်ဆက်ထားခဲ့ပြီး ဒေသခံများအနေဖြင့် ယခုလို ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီလာခြင်းသည် ဒေသခံ ပြည်သူများ၏ဘဝကို အဆင့်မြှင့်တင်ရာတွင် အထောက်အကူပြုမည်ဖြစ်၍ ချင်းပြည်နယ်ရှိ မြို့နယ် ကိုးခုစလုံးတွင် 2G နှင့် 3G ဝန်ဆောင်မှုများ ပေးအပ်ထားကာ 4G ဝန်ဆောင်မှုကိုလည်း တိုးချဲ့ပေးနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ **သူရဖြိုး**

## New Product

# ပြည်တွင်းဈေးကွက်မှာ ကြိုတင်စိတ်ဝင်စားမှုရနေတဲ့ Vivo V9 စမတ်ဖုန်းသစ်

Vivo V9 ဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့ ဧပြီလကုန်ပိုင်းက စတင်မိတ်ဆက်ရောင်းချခဲ့တဲ့ Vivo ရဲ့ နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဝင်မလာသေးဘဲ လက်ရှိအချိန်မှာ Pre order မှာယူမှု လက်ခံနေဆဲဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းဟာ ထူးခြားသလို စွမ်းဆောင်ရည်ပိုင်းမှာ အတော်ကောင်းမွန်ပြီး ဈေးနှုန်းလည်း မများတာကြောင့် ပြည်တွင်းဈေးကွက်မှာ ကြိုတင်စိတ်ဝင်စားမှုများနေတဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပါတယ်။

Vivo V9 ရဲ့ မျက်နှာပြင်အကျယ်က ၆ ဒသမ ၃ လက်မရှိပြီး မျက်နှာပြင်ဟာ iPhone X လို ဖုန်းရဲ့ speaker ပေါက်နေရာကလွဲရင် မျက်နှာပြင်အပြည့် ဖြစ်ပါတယ်။ Screen resolution ကလည်း 1080 x 2280 pixels ရှိလို့ ရုပ်ထွက်အထူးကောင်းမွန်ပါတယ်။ ဖုန်းရဲ့ကိုယ်ထည်ကလည်း အလူမီနီယမ်ကိုယ်ထည်ဖြစ်လို့ ပေါ့ပါးခိုင်ခံ့သလို ဒီဇိုင်းကိုလည်း ပိုလှပအောင် ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်တဲ့ 8.1(Oreo)ကို ထည့်သွင်းပေးထားပြီး User Interface အနေနဲ့တော့ Funtouch OS 4.0 ကို သုံးထားပါတယ်။ Octa-core 2.2 GHz CPU ကို အသုံးပြုထားပြီး RAM က 4GB ရှိလို့ အပလီကေးရှင်းတွေ၊ ဂိမ်းတွေကို သုံးနေရင်း လေးသွားတာမျိုးမရှိဘဲ ပေါ့ပေါ့ပါးပါး သုံးစွဲနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 64GB အထိ ပါဝင်လို့ မင်မိုရီပမာဏအနေနဲ့ များသလို micro SD ကတ်စိုက်ပြီး သုံးမယ်ဆိုရင်လည်း 256GB အထိ ထောက်ပံ့ပေးထားပါတယ်။ micro SD ကတ်အတွက် သီးသန့်နေရာတစ်ခုပါဝင်လို့ SD ကတ်ကိုသုံးထားရင်တောင် ဆင်းကတ်နှစ်ကတ်လုံးကို သုံးနိုင်တာကလည်း အားသာချက်တစ်ခုဖြစ်ပါတယ်။ ဆင်းကတ်ကတော့ GSM နက်ဝပ်မှာ ဆင်းကတ်နှစ်ကတ်သုံးနိုင်ပြီး အင်တာနက်သုံးဖို့အတွက်လည်း 4G(LTE)ကို ထောက်ပံ့ပေးနိုင်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပေါင်းထားတဲ့ Dual ကင်မရာဖြစ်ပြီး ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေ ပေါင်းထည့်ထားတာကြောင့် အရည်အသွေးမြင့်ဓာတ်ပုံတွေနဲ့ 2160 pixels ရှိတဲ့ HD အရည်အသွေး ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကတော့ ၂၄ မဂ္ဂါပစ်ဇယ် ကင်မရာဖြစ်လို့ ဆယ်လ်ဖီကင်မရာအကောင်းဆုံးဖုန်းတွေထဲမှာလည်း တစ်လုံးအပါအဝင်ဖြစ်ပါတယ်။

Finger print sensor က ဖုန်းကိုယ်ထည်ရဲ့နောက်ဘက်မှာ ပါဝင်ပြီး ဖုန်းပြောစဉ်မှာ အသံပိုင်းကို ပိုမိုကောင်းမွန်အောင် ဆူညံသံတွေဖယ်ရှားပေးနိုင်မယ့် မိုက်ခရိုဖုန်းလုပ်ဆောင်ချက်တွေလည်း ပါဝင်ပါတယ်။ USB on-the-go လည်း ပါဝင်ပါတယ်။ ဘက်ထရီပိုင်းအနေနဲ့တော့ 3260 mAh Li-ion ဘက်ထရီ ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်နဲ့ အနက်ရောင် နှစ်မျိုးထုတ်ထားပြီး နိုင်ငံတကာဈေးကွက်မှာ ကြေညာထားတဲ့ဈေးက ယူရို ၃၀၀ ခန့်ဖြစ်ကာ ပြည်တွင်းဈေးကွက်မှာ pre order လက်ခံနေတဲ့ဈေးက ကျပ် ၃၉၉၀၀၀ ဖြစ်ပါတယ်။ **သူရဖြိုး**



# အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းက ကျောက်ဖြူခရိုင်မှ ဆရာ ဆရာမများအား မွမ်းမံသင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် မေ ၄**

အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါကဦးစီး၍ ပညာရေးအလှူအဖြစ် ရခိုင်ပြည်နယ် ကျောက်ဖြူ ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများကို ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ် မေဥယျာဉ် အိမ်ရာရှိ အဆိုပါကိုယ်ပိုင်အထက်တန်းကျောင်း၌ ယနေ့နံနက်က နှစ်ပတ်ကြာ မွမ်းမံသင်တန်း စတင်ဖွင့်လှစ်ပို့ချပေးသည်။

မွမ်းမံသင်တန်းဖွင့်ပွဲတွင် အမေ့အိမ်ကိုယ်ပိုင်အထက်တန်း ကျောင်းအကြံပေး ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာဦးမျိုးတင့်က အမှာစကား ပြောကြားပြီး အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ မွမ်းမံသင်တန်းကို ယနေ့မှ မေ ၁၅ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဘာသာရပ်ကိုးခုအပြင် ကလေးစိတ်ပညာ၊ စာသင်ခန်းစီမံခန့်ခွဲမှု၊ ဘာသာစကားနှင့် ပြောင်းလဲခဲ့သည့် မေးခွန်းပုံစံအသစ်အပါအဝင် လက်ရှိသင်ရိုးညွှန်းတမ်းများကိုလည်း ဘာသာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်ဝါရင့်ဆရာ ဆရာမကြီး ၁၀ က ပို့ချဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရည်ရွယ်ချက်ကတော့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ အဓိကရည်ရွယ်ပါတယ်၊ နိုင်ငံတော်အစိုးရကလည်း ဆရာ ဆရာမတွေအတွက် မွမ်းမံသင်တန်းတွေ ပေးပေမယ့် ပိုမိုပြည့်စုံချင်တဲ့စေတနာနဲ့ ကျွန်မတို့ ဖွင့်လှစ်ပို့ချပေးတာပါ၊ ဒါ့အပြင် ကျွန်မအနေနဲ့ နှစ်အတော်ကြာ ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းလာတဲ့ ဆရာမတစ်ယောက်အနေနဲ့ရော နိုင်ငံသူ၊ နိုင်ငံသားတစ်ယောက်အနေနဲ့ရော နိုင်ငံအတွက်၊ ကျွန်မတို့ ပညာရေးအတွက် တတ်စွမ်းတဲ့ဘက်ကနေ ပံ့ပိုးပြီးပညာရေး အလှူလုပ်တာ ဖြစ်ပါတယ်" ဟု အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးက ပြောသည်။

မွမ်းမံသင်တန်းတက်ရောက်နေသည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အမှတ် -၂ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြနွယ် က "ဘာသာရပ်အလိုက် မေးခွန်းအပြောင်းအလဲရှိတာကြောင့် မွမ်းမံသင်တန်းကို ဌာနရဲ့တာဝန်ပေးမှုအရ လာရောက်တက်ရောက်တာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ မွမ်းမံသင်တန်းသို့ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပတ်ဝန်းကျင်ကျေးရွာများရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမ ၂၀ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လျာထားဝင်ငွေထက် ကျော်လွန်ရရှိ

**ဖျာပုံ မေ ၄**



များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့ ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ပြီး ဌာနဝင်ငွေတိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျာထားဝင်ငွေထက် ကျော်လွန်ရရှိခဲ့ကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားဝင်ငွေမှာ ကျပ် ၁၈၅၆ ဒသမ ၁ သန်းဖြစ်ပြီး အမှန်တကယ်ရရှိဝင်ငွေမှာ ကျပ် ၁၈၆၇ ဒသမ ၉၁၁ သန်း ရရှိခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်ရရှိခဲ့ခြင်းဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲ မန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။ မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတွင် ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်နှင့် ဝါးတန်း (ရန်ကုန်)-ဒလ ကားကူးဇက်ရေယာဉ်လုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ဌာနဝင်ငွေ တိုးမြှင့်ရရှိရေးအတွက် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုးဦးလေဦးတွင် ရေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် ကိုပါ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပ်မတ်လျက် ရေယာဉ်မှ တာဝန်ရှိသူများအား လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း မန်နေဂျာက ပြောကြားသည်။ **အောင်ဝင်း (ဖျာပုံ)**

# မန်စီမြို့နယ်သို့ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**မန်စီ မေ ၄**

ကချင်ပြည်နယ်အတွင်းမှ တိုက်ပွဲအခြေအနေများကြောင့် ဗန်းမော်ခရိုင် မန်စီမြို့နယ် ရေခူးမံခံကျေးရွာရှိတန်ဖိုးနည်းအိမ်ရာများ၌ ပြောင်းရွှေ့နေထိုင်နေကြရသော မိသားစု ၆၅ စုအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၂ ရက်က ပြုလုပ်ခဲ့သည်။



ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆန်အိတ် ၆၅ အိတ်၊ Amico မုန့် ၄၅၆ ဘူးနှင့် ကလေး အနွေးထည် ၈၅ ထည်ကို လူမှုရေးဝန်ကြီးက ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက မိုးကာ ၆၅ ထည်၊ စောင် ၆၅ ထည်၊ မီးဖိုချောင်သုံးပစ္စည်း ၆၅ စုံနှင့် Sanitary Kit ၆၅ စုံတို့ကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ လှူဒါန်းသော ဆေး ၂၉ မျိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးခြောက်ပုံးနှင့် World Vision မှ လှူဒါန်းသော ထောက်ပံ့ပစ္စည်းဖာ ၆၅ ဖာတို့ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗန်းမော်ခရိုင်ဦးစီးမှူး ဦးမြင့်ဒွေးကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြောင်းရွှေ့နေထိုင်သူများ၏ကိုယ်စား ဒေါ်ဂျခေါန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ် လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ဗန်းမော်မြို့ရှိ တံခွန်တိုင်တိုက်ပွဲရှောင်စခန်းသို့ သွားရောက်ပြီး ရွှေ့ပြောင်းနေထိုင်သော မိသားစု ၂၀ အား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ် ၂၀ နှင့် ကလေးအနွေးထည် ၃၁ ထည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပလက်ဝမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပလက်ဝ မေ ၄**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ဦးဟောင်ခိုဆပ် (DRR Field Assistant) နှင့်ဒေါ်ရဲမ်းဆန်းပွီး (DRR Field Assistant) တို့နှင့် မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များသည် မေ ၃ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမို ခန်းမ၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံရေးဆွဲခြင်းနှင့် Action Plan ဖော်ထုတ်ရေးကိစ္စရပ်များကို ကော်မတီဝင်များ ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ကြသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းမှ ဦးဟောင်ခိုဆပ်နှင့်အဖွဲ့သည် အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် သဘာဝဘေးအန္တရာယ်ကျရောက်တတ်သည့် ရှင်းလက်ဝကျေးရွာနှင့် အလယ်ဒိန်ကင်းကျေးရွာသို့ သွားရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲဆက်လက် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့မီးရထား တိုင်း(၂)နယ်မြေတွင် မတော်တဆဖြစ်ပွားမှု ယခင်နှစ်ကထက်လျော့နည်း

**ရွှေထောင် မေ ၄**

မြန်မာ့မီးရထား တိုင်း(၂)နယ်မြေဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေထောင်နယ်မြေတွင် ဘူတာပေါင်း ၉၅ ဘူတာရှိပြီး ရထားလမ်းအရှည် ၄၀၉ ဒသမ ၄၅ မိုင်၌ နေ့စဉ် မီးရထားစင်းရေ ၃၇ စင်းနှုန်းဖြင့် တစ်လလျှင် ၁၁၁၄ စင်းနှုန်း ပြေးဆွဲလျက်ရှိကာ အဆိုပါ တိုင်း(၂)နယ်မြေအတွင်း ရထားနှင့်ပတ်သက်၍ ယခုနှစ်ဖြစ်ပွားသည့် မတော်တဆမှု အရေအတွက်သည် ယခင်နှစ်ကထက် လျော့နည်းခဲ့ကြောင်းသိရသည်။

တိုင်း(၂)နယ်မြေတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းက စုစုပေါင်းရထားခရီးစဉ် ၁၃၅၅၇ ခေါက် ပြေးဆွဲခဲ့ပြီး စုစုပေါင်း မတော်တဆမှု ၅၂ မှုဖြစ်ပွားခဲ့သော်လည်း ထိုနှုန်းမှာ ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် လျော့ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ယာဉ်မတော်တဆမှု ၆၆ မှုဖြစ်ပွားခဲ့ရာ မတော်တဆဖြစ်မှုနှုန်းမှာ ၀ ဒသမ ၄၅ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ် မတော်တဆဖြစ်မှုနှုန်းမှာ ၀ ဒသမ ၃၈ ရာခိုင်နှုန်းသာဖြစ်ပွားခဲ့၍ ၀ ဒသမ ၁၄ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တိုင်းတာဝန်ခံမန်နေဂျာ ဦးမင်းမင်းထွေးထံမှ သိရသည်။

**ကိုမင်း (အင်းတော်)**

# တိုက်ကြီးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**တိုက်ကြီး မေ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အမှတ် -၉ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲနှင့် တိုက်ကြီးမြို့နယ် အမှတ် -၆၂ ယာဉ်ထိန်းရဲ တပ်ဖွဲ့စုတို့ ပူးပေါင်း၍ ပညာပေးဟောပြောပွဲကို မေ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမှတ် -၉ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်လှိုင်ထွန်းက ကျေးလက်ဒေသများတွင် ယာဉ်မောင်းနှင်သူများအနေဖြင့် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တိုက်ကြီးမြို့မှ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများ အင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **ထွန်းလှိုင် (မြိုင်)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ကျောက်မဲ မေ ၄**



မေ ၅ ရက်တွင် ကျရောက်သည့် (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောက်မဲမြို့ပေါ်ရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်း တစ်ရပ်အနေဖြင့် ကျောက်မဲခရိုင်အားကစားကွင်းရှေ့ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မေ ၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၄၀ နှင့် အရန်မီးသတ် ၆၀ တို့ ပူးပေါင်းပါဝင်ကာ ပြည်သူ့အကျိုးပြု စုပေါင်း လုပ်အားဒါန ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်အားပေး မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးဝင်းနိုင်နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးနေဇော်တို့က ကောက်ညှင်းပေါင်း၊ အကြော်နှင့် အချိုရည်များ လှူဒါန်းကျွေးမွေးခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# နမ့်ခမ်းမြို့၌ ဆားငန်သီးကုန်ကြမ်း ထုတ်လုပ်နိုင်မှုလျော့ကျ



**နမ့်ခမ်း မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ဆားငန်သီးကို ကုန်ကြမ်းအဆင့်အထိ လုပ်ကိုင်ထုတ်လုပ်ပြီး ဆားငန်သီးကုန်ချော ထုတ်လုပ်သည့် ရန်ကုန်၊ မန္တလေး၊ ကျောက်မဲမြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနောက်ပိုင်းနှစ်များတွင် အပင်အရေအတွက် နည်းသွားသဖြင့် အထွက်နှုန်းလည်း လျော့နည်းနေကြောင်း သိရသည်။

ယခင်က နမ့်ခမ်းတစ်မြို့နယ်လုံးတွင် ဆားငန်သီး တင်းပေါင်း တစ်သောင်းကျော် ထွက်ရှိခဲ့သော်လည်း ကုန်ကြမ်းလုပ်ကိုင်တင်သွင်းခွင့်ရရှိရန် အဆင့်ဆင့် ဆောင်ရွက်ရသည့်အတွက် ဈေးကွက်နောက်ကျခြင်း၊ အထွေထွေကုန်ကျစရိတ် များပြားခြင်းကြောင့် ကုန်ကြမ်းထုတ်လုပ်သည့် လုပ်ငန်းများ သုံးနှစ်၊ လေးနှစ်ခန့် ရပ်ဆိုင်းသွားခဲ့သဖြင့် စိုက်ပျိုးထားသူ ခြံပိုင်ရှင်အချို့က အပင်များကို ခုတ်ပစ်ကြကြောင်း၊ ထို့ကြောင့် ယခုအခါ ကုန်ကြမ်းများ ပြန်လည်ထုတ်လုပ်ချိန်တွင် အပင်အရေအတွက် နည်းသွားပြီး တင်းပေါင်း သုံးထောင်ကျော်ခန့်သာ ထွက်ရှိတော့ကြောင်း သိရသည်။

ဆားငန်သီးပင်များသည် နမ့်ခမ်းမြို့နယ်တွင် အိမ်ခြံဝင်းများအတွင်း စိုက်ပျိုးကြသည့် သီးပင်တစ်မျိုးဖြစ်ပြီး နောင်စန့်ကုန်း၊ ပန်ထိုလင်၊ ကောင်းပိန်းကျေးရွာများမှ အိမ်ခြံဝင်းများအတွင်းတွင် အများဆုံး စိုက်ပျိုးကြကာ နွေရာသီကာလ မတ် ၂၀ ရက်ဝန်းကျင်တွင် ခူးဆွတ်ကြသည်။ ဆားငန်သီးကုန်ကြမ်း လုပ်ကိုင်သူများက အပင်စိုက်သူများထံ အိမ်တိုင်ရာရောက် အလုအယက်ဝယ်ယူကြသည်။ ဆားငန်သီးပင် တစ်ပင်တွင် အသီး သုံးတင်းမှ လေးတင်းခန့်အထိထွက်ရှိပြီး လက်ရှိဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ်နှစ်သောင်းဝန်းကျင်နှုန်း ရောင်းချကြရကြောင်း သိရသည်။

ဆားငန်သီး ကုန်ကြမ်းထုတ်လုပ်သူများက ဝယ်ယူပြီးသော အသီးစိမ်းများကို သတ်မှတ်ထားသည့် အချိုးအစားအတိုင်း ဆားရေစိမ်ပြီး လိုအပ်သော အနေအထားရရှိအောင် တစ်လကျော်နေလှန်း၍ အခြောက်ခံရသည်။ ထို့နောက် ဆားငန်သီးကုန်ကြမ်းအဆင့် ရရှိသောအခါ စနစ်တကျထုပ်ပိုးပြီး ပြည်တွင်းခွန်၊ သီးနှံခွန်များ ပေးဆောင်ပြီးနောက် သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများထံမှ ဒေသထွက်ဖြစ်ကြောင်း ထောက်ခံချက်ရယူကာ ဆားငန်သီးကုန်ချောလုပ်ကိုင်ရာမြို့များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်၏ ဒေသထွက်ဖြစ်သော ဆားငန်သီးမှာ နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်ကာ ဆားငန်သီးပင်များကို စနစ်တကျ စိုက်ပျိုးပြီး ဆားငန်သီးကုန်ကြမ်း၊ ကုန်ချော ထုတ်လုပ်ခြင်းများကို တွင်ကျယ်စွာ လုပ်ကိုင်မည်ဆိုလျှင် ဒေသခံများအတွက် မိသားစုဝင်ငွေတိုး၍ အဆင်ပြေစေနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မြစ်ကြီးနားမြို့ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား မေ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဆာဒူလောကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးနှင့် ဒေသတွင်း၌ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို ကူညီဖြေရှင်းနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်သည် ဒေသခံများနှင့် ဧပြီ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆာဒူလောကျေးရွာ အမကကျောင်း၌ ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ဒေသအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာမေးမြန်းခဲ့ရာ ဒေသခံပြည်သူများက သွားလာရေးတွင် အဆင်ပြေစေရန် ကျေးရွာတွင်းမှ တံတားဟောင်းနှစ်စင်းကို ပြန်လည်မွမ်းမံတည်ဆောက်ပေးစေလိုကြောင်း၊ ဘာဂူခူကျေးရွာ၌ အမကကျောင်းတစ်ဆောင် လိုအပ်နေကြောင်း၊ အဆိုပါကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးစေလိုကြောင်း၊ ကျောင်းဆရာ ဆရာမများ လိုအပ်နေသည့် အခြေအနေများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ဒေသခံပြည်သူများ တင်ပြခဲ့သော ကျေးရွာတွင်း လိုအပ်ချက်များမှ အချို့ကိစ္စရပ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က မိမိကိုယ်တိုင် ငွေကြေးအကုန်အကျခံ၍ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး အချို့ကိစ္စရပ်များကို နိုင်ငံတော်၏ ဘတ်ဂျက်တွင်ပါဝင်အောင် သက်ဆိုင်ရာသို့ တင်ပြ၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူများ ရေရှည်ပုံမှန်ဝင်ငွေရရှိနိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် ရှောက်ကောပင်၊ အဆိပ်ဆူးမရှိသော ငရုတ်ကောင်းပင်နှင့် ဝဥပင်များ စိုက်ပျိုးကြရန် လွှတ်တော်ကိုယ်စားလှယ်က တိုက်တွန်းခဲ့ပြီး ငရုတ်ကောင်းပင် စိုက်ပျိုးနည်းများ ရှင်းလင်းကာ စိုက်ပျိုးမှုလမ်းညွှန်ပါ စာစောင်များ ဖြန့်ဝေပေးခဲ့သလို ဒေသနှင့် ကိုက်ညီနိုင်မှု ရှိ မရှိကို စမ်းသပ်စိုက်ပျိုးနိုင်ရန် ပျိုးပင်နှစ်ပင်ကိုလည်း ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှတ်တော်ကိုယ်စားလှယ်က ပေးအပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်းမှ လူသွားလာရန် အဆင်မပြေသော တံတားများနှင့် တံတားတည်ဆောက်ပေးရန် မြေနေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**မင်းမင်းဦး**

# လေပြင်းကြောင့် မြင်းမူမြို့နယ်မှ ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်




**မြင်းမူ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဧပြီ ၂၉ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ဘုရားစေတီအချို့နှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပွားခဲ့ရာ အဆိုပါ ပျက်စီးမှုများအတွက် ငွေနှင့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂ ရက်က မြင်းမူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ရာတွင် ပျက်စီးဆုံးရှုံးမှုများအလိုက် သင့်တင့်သော ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ခွဲဝေပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင် နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

မြင်းမူမြို့နယ်အတွင်း လေဘေးကြောင့် ကျေးရွာရှစ်ရွာ၌ အိမ်ပြိုလဲပျက်စီးမှု လေးအိမ်၊ အမိုးလန်မှု ၂၃ အိမ်ရှိခဲ့ကာ အဆိုပါ အိမ်ထောင်စုများအား ပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့ပစ္စည်းသေတ္တာ ၂၇ လုံးနှင့် အမိုးလန်ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းအပါအဝင် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ ကျပ် ၁၄ သိန်းသုံးသောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**



(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အသင်းအဖွဲ့များ ပူးပေါင်း၍ မြို့တွင်း ရေမြောင်းများကို မေ ၃ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

မင်းလွင်ဦး (ပြန်/ဆက်)

(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနက ဘားအံမြို့ရှိ မာန်အောင်ဘုရားကြီးဝင်းအတွင်း၌ မေ ၃ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။

မင်းရာဇာ (မြစ်ကြီးနား)



# နမ့်စန်၌ လေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နမ့်စန် မေ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ဧပြီလ နောက်ဆုံးပတ်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်လေးလုံး အမိုးလန်ပျက်စီးခဲ့ရာ အဆိုပါ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂ ရက်က ကျောင်းကုန်းကျေးရွာရှိ ဝမ်ပုံဘုန်းကြီးကျောင်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးသင့်နေအိမ် လေးလုံးအတွက် ပေးအပ်သော စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် ၃၈၀၀၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာလင်းတို့က ပေးအပ်ခဲ့ကြပြီး လေဘေးသင့်ပြည်သူများက လက်ခံယူခဲ့ကြသည်။

ဆက်လက်၍ လေဘေးသင့်ပြည်သူများအတွက် မြို့နယ်ရဲတပ်ဖွဲ့မှ ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းကို ဒုရဲမှူး နော်ဆိုင်က ပေးအပ်ခဲ့ပြီး ဝမ်ပုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းထွန်းအေးက လက်ခံယူခဲ့သည်။

နမ့်စန်မြို့နယ်ကြက်ခြေနီအဖွဲ့ခွဲမှလည်း ဆေးရည်စိမ်ခြင်ထောင်၊ မိုးကာနှင့် အိမ်သုံးဆောက်လုပ်ရေး ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြန်/ဆက်)**

# ခရိုင်အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းမိုးလုံလေလုံအားကစားရုံ၌မေ ၃ ရက်တွင် ၆ ခရိုင်အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းမှအားကစားအဖွဲ့များ၊ ဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကို အားကစားသမားများက အသင်းလိုက်ချီတက်အလေးပြု၍ အားကစားသစ္စာဓိဋ္ဌာန် ၄ ချက် ရွတ်ဆိုခဲ့ကြကာ ကွင်းအတွင်းမှ ထွက်ခွာခဲ့ကြသည်။ ပြိုင်ပွဲကို ၆ ခရိုင်မှပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်းတို့က အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ ပြိုင်ပွဲကာလမှာ မေ ၃ ရက် မှ ၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးမှ ကျောင်းပေါင်း ၁၀၀ တွင် မြေလျှင်အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်သွားမည်

**မုံရွာ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်မှ ကျေးရွာပေါင်း ၁၀၀ ရှိ အခြေခံပညာကျောင်းများတွင် မြေလျှင်အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူးထံမှ သိရသည်။

မြေလျှင်အသိပညာ ဖြန့်ဝေခြင်းလုပ်ငန်းတွင် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း အလိုက်၊ အစုအဖွဲ့အလိုက် ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုကို အထောက်အကူပြုစေနိုင်ရန်၊ အသိပညာဖြန့်ဝေခြင်းတို့ဖြင့် ရရှိလာမည့် အားနည်းချက်၊ အားသာချက်များကို အတွေ့အကြုံယူပြီး ဆက်လက်တိုးမြှင့် လုပ်ဆောင်မှုများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း သိရသည်။

"ငလျင်လှုပ်ခတ်တဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေ ဘယ်လိုပြုမူနေထိုင်ရမလဲ၊ လှုပ်ခတ်ပြီးတဲ့ နောက်ပိုင်းမှာ ဘာတွေလုပ်ဆောင်ရမလဲ၊ ငလျင် ဘာကြောင့်လှုပ်ခတ်ရသလဲစတဲ့ အချက်အလက်တွေကို အသိပညာပေးမယ်၊ ငလျင်နဲ့ပတ်သက်ပြီး သရုပ်ပြမယ်၊ နောက်ပြီး သရုပ်ပြလေ့ကျင့်မှုတွေ လုပ်ဆောင်သွားမှာပါ၊ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနဲ့ UNDP နဲ့ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ် ကိုးမြို့နယ်က အခြေခံပညာကျောင်း ၁၀၀ ကျော်မှာ လုပ်ဆောင်သွားမှာပါ" ဟုတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့်က ပြောသည်။

မြေလျှင်အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ ထီးချိုင့်၊ ရွှေဘို၊ စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ ရေဦး၊ ဟုမ္မလင်း၊ ကန့်ဘလူမြို့နယ်များမှ အခြေခံပညာကျောင်းပေါင်း ၁၀၀ ခန့်ကို ရွေးချယ်ကာ ကျောင်းသား ကျောင်းသူများအား မြေလျှင်အသိပညာဖြန့်ဝေခြင်း လုပ်ငန်းများကို ယခုနှစ် ဇူလိုင်လမှစ၍ ဒီဇင်ဘာလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**



ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စစ်ကိုင်းမြို့တွင် ငလျင်ဘေးသရုပ်ပြလေ့ကျင့်မှုအား တွေ့ရစဉ်

## မှုခင်းသတင်းတိုများ

### ပေါင်းတည်တွင် ညီအစ်ကိုအချင်းချင်း လူသတ်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ မှတ်တိုင်နယ်မြေရဲစခန်းအပိုင် ကြို့ပင်သာအုပ်စု ထောက်ကြံ့ကြီးကျေးရွာတွင် ဧပြီ ၂၈ ရက် ညပိုင်းက ညီအစ်ကိုအချင်းချင်း လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ထောက်ကြံ့ကြီးရွာနေ ရဲလင်းအောင်(၁၈ နှစ်)သည် အရက်မူးလာပြီး ၎င်းနေထိုင်သည့်နေအိမ်ကို ဖျက်ဆီးရန် ပြောဆိုနေစဉ် တစ်အိမ်တည်းနေ အစ်ကိုဖြစ်သူ ရဲမင်းအောင်(၂၂ နှစ်)က ဝင်ရောက်တားမြစ်ပြောဆိုရာမှ စကားများရန်ဖြစ်ကြပြီး ရဲမင်းအောင်က ဟင်းရွက်လှီးထားဖြင့် တစ်ချက်ထိုးခဲ့ရာ ရဲလင်းအောင်မှာ ဝမ်းဗိုက်တွင် ဒဏ်ရာတစ်ချက်ရရှိပြီး နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ရဲမင်းအောင်အား ပေါင်းတည်မြို့နယ် မှတ်တိုင်နယ်မြေရဲစခန်းက ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

### ပဲခူးမြို့လယ် လမ်းဘေးရေမြောင်းထဲတွင် မိန်းကလေးတစ်ဦး ရေနစ်သေဆုံး

ပဲခူးမြို့လယ် မြို့တွင်းကြီးရပ်ကွက် ရွှေမော်ဓောဘုရားတောင်ဘက်မုခ်အနီး ပဲခူး-သနပ်ပင် ကားလမ်းဘေး ရေမြောင်းထဲတွင် (ခန့်မှန်း)အသက် ၁၇ နှစ် ခန့်ရှိ အမည်/နေရပ်မသိ(စုံစမ်းဆဲ)အမျိုးသမီးငယ်တစ်ဦး ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ ရေနစ်သေဆုံးနေသည်ကို မေ ၂ ရက် နံနက် ၄ နာရီခွဲခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ လူသေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် သိရှိနိုင်ရန် ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ရပ်ထားသောယာဉ်ကို နောက်မှကားကတိုက်မိပြီး ယာဉ်မောင်းသူသေဆုံး

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ညောင်သုံးပင်အုပ်စု သပြေစမ်းကျေးရွာအနီး ရန်ကုန်-ပြည် ကားလမ်းပေါ်တွင် မေ ၁ ရက် ညပိုင်းက ရပ်ထားသောယာဉ်တစ်စီးကို နောက်မှယာဉ်တစ်စီးက ဝင်တိုက်မိသဖြင့် လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်-ပြည် ကားလမ်းအတိုင်း ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းသန့်ဇင်ထွန်း မောင်းနှင်လာသော ဟွန်ဒါဖစ်ယာဉ်က လမ်း၏ယာဘက်ခြမ်းတွင် ရပ်တန့်ထားသည့် Forland ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိရာ ယာဉ်မောင်းသန့်ဇင်ထွန်းမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

### ခမ်းပါတ်မြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့ တွီဗန်ကျေးရွာအဝင်၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှစ်ဦးအား မေ ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ တမူးမြို့နယ် မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များက တွီဗန်ကျေးရွာအဝင်၌ စစ်ဆေးရှာဖွေရာစဉ် ဆိုင်ကယ်စီးနင်းလာသည့် အောင်ကြည်လင်းနှင့် အောင်ကျော်စိုးတို့ထံမှ ဘိန်းဖြူ ခုနစ်ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀ တို့ကို ဖမ်းမိခဲ့ခြင်းဖြစ်ကာ ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင် (ပြန်/ဆက်)**

# ကျေးရွာသုံးရွာရှိ တောင်သူလယ်သမားများအား လက်တွန်းထွန်စက်သုံးစီး အခမဲ့ပေးအပ်

**ဘားအံ မေ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာသုံးရွာမှ တောင်သူလယ်မားများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်တွန်းထွန်စက်သုံးစီး အခမဲ့ပေးအပ်ပွဲကို ဘားအံမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမတွင် မေ ၃ ရက်က ကျင်းပခဲ့သည်။

လက်တွန်းထွန်စက်သုံးစီး ပေးအပ်ပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မောင်က လက်တွန်းထွန်စက်သုံးစီး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လက်တွန်း ထွန်စက်များကို ကျေးရွာများမှ ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက "ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကရင်ပြည်နယ်အတွင်းမှ စိုက်ပျိုးရေးနဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်တွေကို သိရှိအောင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာမှာ တောင်သူတွေက သူတို့ရဲ့အခက်အခဲကို တင်ပြကြတော့ တင်ပြချက်အပေါ် မူတည်ပြီး လယ်ယာလုပ်ငန်းမှာ အထောက်အကူရရှိဖို့အတွက် ရည်ရွယ်ပြီး ပြည်ထောင်စုဝန်ကြီးက လက်တွန်းထွန်စက်သုံးစီးကို တောင်သူတွေထံ အခုလို အခမဲ့ပေးတာဖြစ်ပါတယ်"ဟု ပြောသည်။



ယခုပေးအပ်သော လက်တွန်းထွန်စက်သုံးစီးကို ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ၊ ဝါဆူးကျေးရွာနှင့် ကော့မန်ထလိမ်ကျေးရွာတို့မှ တောင်သူလယ်သမားများအတွက် ပေးအပ်ခြင်းဖြစ်ကာ ထွန်စက်များ မောင်းနှင်မှုနှင့် လိုအပ်သော ပြုပြင်ထိန်းသိမ်းနည်းပညာများကိုလည်း စက်မှုလယ်ယာဦးစီးဌာနက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

**(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းကို မေ ၃ ရက်က ပြုလုပ်ရာ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းနေစဉ်။**

ခရိုင် (ပြန်/ဆက်)



## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

**ပဲခူး မေ ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၃ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးခရိုင်အသင်းက အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ထို့နောက်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ပဲခူးခရိုင်အသင်း၊ ဒုတိယဆုရ တောင်ငူခရိုင်အသင်းနှင့် အကောင်းဆုံးအားကစားသမားဆုများကို ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးတို့က ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပဲခူးခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ပါစက်ကိရိယာများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Handheld Water Quality Meter (၁)စုံ
(ခ) High Performance Balance Scale (၁)ခု
(ဂ) Laboratory Equipment (၁)စုံ
(ဃ) Copier (DADF) (၈)လုံး
(င) Water Parameter (၃)စုံ
(စ) Environmental Parameter Air Station (၂)စုံ
(ဆ) Desktop Computer (၁၀)လုံး

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၄-၅-၂၀၁၈ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၄-၆-၂၀၁၈ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်း-၀၇၄-၂၉၅၁၆ နှင့် ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၄၂၁၁ သို့ မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၁/၂၀၁၈)
### ၂၀၁၈ ခုနှစ် မေ ၅ ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)/(လျှပ်စစ်)/(စက်/လျှပ်) ရာထူး(၆၄)နေရာနှင့် စာရင်းကိုင် (၂)ရာထူး (၁၀)နေရာတို့အတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

| ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) | A.G.T.I(MP/MC) | အမျိုးသား (၁၀) ဦးနှင့်အမျိုးသမီး (၆) ဦး |
| အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) | A.G.T.I(EP/EC) | အမျိုးသား(၁၂) ဦးနှင့်အမျိုးသမီး (၆)ဦး |
| အငယ်တန်းအင်ဂျင်နီယာ-၂ (စက်/လျှပ်) | A.G.T.I (MP/EP/EC) | အမျိုးသား(၂၀) ဦးနှင့် အမျိုးသမီး (၁၀)ဦး |
| စာရင်းကိုင်(၂) | B.Com/B.Act/ B.Econ(Stats)/BPA B.Econ(Eco)/BBA | အမျိုးသား/ အမျိုးသမီး (၁၀)ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၅-၂၀၁၈ရက်တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနတွင် ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၈-၅-၂၀၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းအမှတ် SEE-11457 သို့ ပေးသွင်းရမည်ဖြစ်ပါသည်-

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်-
(က) ဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (သို့မဟုတ်)အမျိုးသားမှတ်ပုံတင်မိတ္တူ
(င) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံအပို (၂)ပုံ
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်
(ဆ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ခန့်ထားခြင်းခံရပါက ဒေသမရွေးသွားရောက်တာဝန် ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့်ဌာန၊ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၂၇၊ နေပြည်တော်သို့ပေးပို့ရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ၁-၆-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ၂၃-၆-၂၀၁၈ ရက် နံနက် ၉း၀၀ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ မွန်းလွဲ ၁း၀၀နာရီတွင် သက်ဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနတွင် ၁၃-၆-၂၀၁၈ရက်မှ ၁၅-၆-၂၀၁၈ ရက်အထိ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက ဤဝန်ကြီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းဝန်ခံကတိပြုချုပ်ဆိုရမည်ဖြစ်ပါသည်။ စာချုပ်စည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် ၁၀၀၀၀၀၀ိ- (ကျပ်တစ်ဆယ်သိန်းတိတိ) ပေးလျော်ရမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၈၁၀၄၂၆၇၊ ၀၆၇-၈၁၀၄၃၂၇တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်(၁/၂၀၁၈)
### ၂၀၁၈ခုနှစ် မေ ၂ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၁၆၀၀၀ိ- ၂၀၀၀-၂၂၆၀၀၀ိ)တန်း ဒု-ဦးစီးမှူး(စက်/လျှပ်) (၃၅) နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည် ဦးရေ |
|---|---|
| AGTI(EP)ဒီပလိုမာအောင်လက်မှတ်ရ | အမျိုးသား (၁၀)ဦးနှင့် အမျိုးသမီး (၅)ဦး |
| AGTI(EC)ဒီပလိုမာအောင်လက်မှတ်ရ | အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၅)ဦး |
| AGTI(MP)ဒီပလိုမာအောင်လက်မှတ်ရ | အမျိုးသား (၅)ဦး |
| AGTI(IT)ဒီပလိုမာအောင်လက်မှတ်ရ | အမျိုးသား (၄)ဦးနှင့် အမျိုးသမီး (၁)ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၄-၂၀၁၈ရက်တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇) နေပြည်တော်ရှိလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနတွင် ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကိုလက်ခံစဉ်စားမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ) ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ငွေစာရင်းအမှတ် (MD-013352)သို့ ပေးသွင်းရမည်ဖြစ်ပါသည်-

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်-
(က) ဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(သို့မဟုတ်)အမျိုးသားမှတ်ပုံတင်မိတ္တူ
(င) လွန်ခဲ့သောခြောက်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် အရွယ် ဓာတ်ပုံအပို (၃)ပုံ
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(သက်တမ်းမကုန်) နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်းများ
(ဆ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ခန့်ထားခြင်းခံရပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟုကတိဝန်ခံချက်

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၊ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်သို့ပေးပို့ရမည်ဖြစ်ပြီး၊ ကြိုတင်မိတ္တူတစ်စောင်ကို ၁၈-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ၉-၆-၂၀၁၈ ရက်နံနက် ၀၉း၀၀နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲ ၁၃း၀၀နာရီတွင် သက်ဆိုင်ရာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနတွင် ၇-၆-၂၀၁၈ရက်မှ ၈-၆-၂၀၁၈ရက်ထိ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက ဤဝန်ကြီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိချုပ်ဆိုရမည်ဖြစ်သည်။ စာချုပ်စည်းကမ်းဖောက်ဖျက်ပါက ငွေကျပ်(၁၀၀၀၀၀၀ိ/-)(ကျပ်တစ်ဆယ်သိန်းတိတိ) ပေးလျော်ရမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၁၀၀၆၆၊ ၀၆၇-၄၁၀၂၂၈ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကချင်ပြည်နယ်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ပါပရိဘောဂများဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Aluminium Composite Partition (၁၅)စုံ
(ခ) ဓာတ်ခွဲခန်းသုံး Lab Table (၁) စုံ

၂။ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံများကို ၄-၅-၂၀၁၈ ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၄-၆-၂၀၁၈ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းသွားရပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ကချင်ပြည်နယ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးဖုန်း-၀၇၄-၂၉၅၁၆ နှင့် ကချင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၅၂၄၂၁၁ သို့မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်း၊ တံတားဌာန
## ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double)တပ်ဆင်ခြင်းလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလထိ)ဘဏ္ဍာနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double) တပ်ဆင်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၄-၅-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁-၆-၂၀၁၈ရက် (သောကြာနေ့)၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်း၊ တံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင်ကျပ်(၁၀၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၈-၂၀၁၉ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ တီးတိန်၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ရွာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း စုစုပေါင်း ၃၅ ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည်။
(ခ) နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် တစ်လ(၃၀၀၀၀ိ/-)နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေး ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) ရေခဲသေတ္တာနှင့်လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့်အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၇-၅-၂၀၁၈ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၂-၅-၂၀၁၈ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/5666 Toyota Celsior UCF30 S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးအောင် ၁၂/တမန(နိုင်)၀၉၃၀၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အထက(၅) နဝမတန်းအောင်မှ မောင်ချစ်ဝိုင်း၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း ၅/မရန (နိုင်)၂၇၆၇၇၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

ဦးချစ်အေး၏သား၊ မုံရွာမြို့ အလက အိုးဘိုတောင် သတ္တမတန်းမှ မောင်စန်းနိုင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၁-၂၀၀၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်၊ အထက၊ အဋ္ဌမတန်းအောင်မှ မအေးနန္ဒာစိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်စိန် ၁၀/ပမန (နိုင်)၁၅၃၁၆၃ ဖြစ်ပါကြောင်း။

**ဦးချစ်စိန်**

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့၊ အမှတ် (၅) ရပ်ကွက်နေ ဦးဝင်းဇော်၏သမီး မခင်လန်းဆန်း ၉/တသန(နိုင်) ၂၀၆၇၇၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၆-၁၉၉၆ ဖြစ်ပါကြောင်း။

**၂၂-၆-၁၉၉၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ ကျောင်းအိုကျေးရွာနေ ဦးကျွန်းကျော်(ခ)ဦးပွေး ၉/တသန(နိုင်) ၀၃၀၀၃၇ နှင့် ဒေါ်ရွှေအေး(ခ)ဒေါ်ရပ်စိုး ၉/တသန(နိုင်)၀၃၀၂၀၅တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျွန်းကျော်(ခ)ဦးပွေး**
**ဒေါ်ရွှေအေး(ခ)ဒေါ်ရပ်စိုး**

## ဖခင်အမည်မှန်

နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်လေးလုံး အထကကျောင်း၊ နဝမတန်းမှ မောင်ရဲထက်ဦးနှင့် စတုတ္ထတန်းမှ မောင်သက်ပိုင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းဇော် ၉/တသန(နိုင်) ၁၁၁၄၃၈ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်းဇော်**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဘိုတဲကုန်း (အလက)မှ အဋ္ဌမတန်း (အောင်) မောင်မင်းစွမ်းပြည့်၏ မိဘအမည်မှန်မှာ ဦးအောင်လင်း-ဒေါ်မြင့်ရီ ဖြစ်ပါကြောင်း။

**ဦးအောင်လင်း-ဒေါ်မြင့်ရီ**

## အမည်မှန်

ဘုးသီးတောင်မြို့နယ်၊ စပါးထားကျေးရွာနေ ဦးဖိုးတန်၏သမီး မယဉ်ယဉ်မိုး ၁၁/ဘသတ(နိုင်)၀၃၈၄၄၆ ၏ အမည်မှန်မှာ မရီရီမိုး ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ သင်္ချာ နောက်ဆုံးနှစ် ခုံအမှတ် ၄သခ-၂၉ဖြင့် တက်ရောက် အောင်မြင်ခဲ့သော မကြိုင်ကြိုင်၏ဖခင် ဦးကိုလေးနှင့် ဦးမောင်လေး ၆/မအရ(နိုင်)၀၅၉၆၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကိုလေး(ခ)ဦးမောင်လေး**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ အမက(မုလွန်) အင်းပိုင်းမှ ဆဋ္ဌမတန်းအောင်မြင်ပြီးသော မလှိုင်လှိုင်ဝင်း၏ မိဘအမည်မှန်မှာ ဦးစိုးဝင်းနိုင် ၁၀/ပမန(နိုင်) ၁၄၀၈၇၀နှင့် ဒေါ်မော်မော်အေး ၁၀/ပမန (နိုင်)၁၈၈၆၂ တို့ဖြစ်ပါကြောင်း။

**ဦးစိုးဝင်းနိုင်-ဒေါ်မော်မော်အေး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၃)တာမွေ ဆဋ္ဌမတန်း (A)မှ (ဘ)ဦးဝင်းသိန်း၏သမီး မခင်မီမီစံအား မခြူးမြတ်ကြယ်စင်ဟု ပြောင်းလဲခေါ်ပါရန်။

**မခြူးမြတ်ကြယ်စင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျောက်တံခါးမြို့နယ်၊ သမင်အင်းကုန်းကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာနေ ဦးမူနီ ၇/ကတခ (ပြု)၀၁၂၇၃၈၊ ဒေါ်စုဆတ်တီးယား ၇/ကတခ(နိုင်)၀၇၈၂၀၄ တို့၏သား မောင်ရမ်းကူမာ ၇/ကတခ(ပြု) ၀၁၅၄၈၈ သည် မိဘ၏ဆုံးမမှုကိုနာခံခြင်းမရှိဘဲ အမျိုးမျိုးအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။

**ဦးမူနီ-ဒေါ်စုဆတ်တီးယား**

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ပိတ်ပွဲအခမ်းအနားကျင်းပ




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံပိတ်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၄**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံတွင် ညီလာခံ၏လုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်နှင့် ဆက်နွှယ်မှုရှိသည့် အဖွဲ့အစည်းများ၊ စာကြည့်တိုက် ပညာရှင်ကိုယ်စားလှယ်များ၏အတူတကွ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မှုကြောင့် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အုပ်စုဒုတိယပွဲ ယနေ့ကစားမည်

**ရန်ကုန် မေ ၄**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၅ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ် ယူ-၁၆ အမျိုးသမီးအသင်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး မေ ၃ ရက် ပွဲစဉ်များအပြီးတွင် မလေးရှားနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မြန်မာအသင်းက တစ်ပွဲကစား တစ်မှတ်၊ စင်ကာပူအသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး ဖိလစ်ပိုင်အသင်းမှာ တစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။ အုပ်စု(က) တတိယနေ့အဖြစ် မြန်မာနှင့် မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု (ခ) တွင် နှစ်ပွဲစီကစားအပြီး၌ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး အင်ဒိုနီးရှားနှင့် လာအိုအသင်း က သုံးမှတ်စီရထားကာ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ **ရဲရင့်ရှိုင်း**

## မြန်မာအမျိုးသမီးအသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲသုံးပွဲကစားမည်

**ရန်ကုန် မေ ၄**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့် အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်ခြင်းဖြစ် သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ပြိုင်ပွဲမစတင်မီ နှစ်ပတ်အလိုတွင် ထိုင်းသို့သွားရောက်ခြင်းဖြစ်ပြီး ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် နှစ်ပွဲ၊ ထိုင်းအမျိုးသမီးကလပ်အသင်းနှင့်တစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် ဇွန် ၁၂ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ ဇွန် ၁၄ ရက်တွင် *စာမျက်နှာ ၁၁ ကော်လံ ၃* ❖



မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်း ပြီးခဲ့သည့်နှစ်က မန္တလေးမြို့၌ ခြေစမ်းပွဲကစားခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

## ဖားကန့်မြို့နယ်တွင် မြေပြိုကျမှုကြောင့် ရေမဆေးကျောက် ရှာဖွေသူ ၁၇ ဦး သေဆုံး

စာ » ၉

## ငွေကျပ် ၂၅၇ သိန်းကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ထိုင်းဘတ်ငွေများ သိမ်းဆည်းရမိ

စာ » ၁၂

ဗီယက်နမ်နိုင်ငံမှ မွေးရာပါနှလုံးရောဂါ အထူးကုဆရာဝန်ကြီး

**Dr. Do Nguyen Tin**

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA
INTERNATIONAL HOSPITAL

(၁၂.၅.၂၀၁၈) ရက်နေ့၊ နေ့လည် (၁)နာရီအချိန်တွင် ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ကဏ္ဍပေါင်းစုံ ဟန်ချက်ညီ တိုးတက်စေရန် အကောင်အထည်ဖော်ခဲ့သည့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ

■ မဟန်နီ

**လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် ကဏ္ဍပေါင်းစုံ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည်။**

**မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နှင့် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာကို ဆက်သွယ်ပေးထားသည့် အရှည်ပေ ၅၂၀၃ ဒသမ ၄ ပေရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)ကို ဆောင်ရွက်ခဲ့သဖြင့် မော်လမြိုင်မြို့နယ်မှ ချောင်းဆုံမြို့နယ်သို့ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။**



မွန်ပြည်နယ်
ဝန်ကြီးချုပ်
ဒေါက်တာအေးဇံ

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတားများအား အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ် သထုံခရိုင်အတွင်း ရန်ကုန်-မြိတ်လမ်း (စစ်တောင်း-ကျိုက်ထို- မုတ္တမအပိုင်း)အား နှစ်လမ်းသွားမှ လေးလမ်းသွား၊ ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာချခင်းခြင်းကိုလည်း ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကောင်း**

"လမ်းပန်းဆက်သွယ်ရေး ကဏ္ဍမှာ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နဲ့ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာကို ဆက်သွယ်တဲ့ ပေအားဖြင့် ၅၂၀၃ ဒသမ ၄ ပေ၊ မီတာအားဖြင့် ၁၅၈၆ မီတာ ရှည်လျားတဲ့ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) တည်ဆောက်ပေးနိုင်ခဲ့တယ်၊ ဒီလို ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် မော်လမြိုင်မြို့နယ်ကနေ ချောင်းဆုံမြို့နယ်ကို လွယ်လွယ်ကူကူနဲ့ သွားနိုင်သလို လမ်းပန်းဆက်သွယ်ရေးကောင်းလာတဲ့အတွက် ပြည်သူတွေဟာ လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းတွေကို အရင်ထက် ပိုဆောင်ရွက်နိုင်ပြီ။

"ဒါ့ပြင် လမ်းဦးစီးဌာနကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာ (AC) တင်တာ၊ ကတ္တရာလမ်းကို ၁၂ ပေကနေ ၁၈ ပေ၊ ၂၄ ပေ အကျယ်ချဲ့တာ၊ လမ်းအဆင့်မြှင့်တင်တာ၊ တံတားတွေ အဆင့်မြှင့်တင်တာတွေကိုလည်း ဆောင်ရွက်ခဲ့တယ်၊ ပြီးတော့ အသစ်တည်ဆောက်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့တယ်၊ ဒီလို ဆောင်ရွက်ခဲ့တဲ့အပြင် မွန်ပြည်နယ် သထုံခရိုင်အတွင်းမှာ ရန်ကုန်-မြိတ်လမ်း (စစ်တောင်း-ကျိုက်ထို- မုတ္တမအပိုင်း)ကို နှစ်လမ်းသွားကနေ လေးလမ်းသွားအဖြစ်နဲ့ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာ ချခင်းပေးနိုင်ခဲ့တယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၀ မြို့နယ်၏ လမ်းမကြီးနှင့် လမ်းဆုံလမ်းခွနေရာများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် မီးပွိုင့် ၁၈ ခု၊ အချက်ပြမီး ၄၄ ခု၊ စုစုပေါင်း ၆၂ ခုကို တပ်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။

**နွေစပါးစိုက်ပျိုးရေး**

ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာအတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုရရှိစေရန် ရေငန်တား တာတမံများပြုပြင်၊ ထိန်းသိမ်း၊ တည်ဆောက်ပေးခြင်း၊ ရေတံခါးများပြုပြင်၊ တည်ဆောက်ပေးခြင်း၊ ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များ ပြုပြင်၊ ထိန်းသိမ်းပေးခြင်းနှင့် နွေစပါးစိုက်ပျိုးရေးအတွက် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းနှင့် ရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ပြည်နယ်ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ဖို့ ရေနုတ်မြောင်း၊ ချောင်းမြောင်းတွေ တူးဖော်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တယ်၊ ဒီလိုပဲ ရေငန်ဝင်ရောက်တာ တားဆီးကာကွယ်ဖို့ တာတမံတွေ ပြုပြင်တာ၊ ဆည်ရေသောက်စနစ်တွေ ပြုပြင်တာ၊ ရေကန်တူးဖော်တာတွေကိုလည်း ဆောင်ရွက်ပေးခဲ့တယ်။

*အချပ်ပို (ခ) သို့*

**"လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နဲ့ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာကို ဆက်သွယ်တဲ့ ပေအားဖြင့် ၅၂၀၃ ဒသမ ၄ ပေ၊ မီတာအားဖြင့် ၁၅၈၆ မီတာ ရှည်လျားတဲ့ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) တည်ဆောက်ပေးနိုင်"**



မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်ကို ဆက်သွယ်ပေးထားသည့် ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (က)မှ*

"ဒီလိုဆောင်ရွက်ပေးတဲ့ လုပ်ငန်းတွေကတော့ ရေနုတ်မြောင်း၊ ချောင်းမြောင်းတူးဖော်တဲ့ လုပ်ငန်း အခု ၉၀၊ ရေငန် ဝင်ရောက်တာ ကာကွယ်ဖို့ ရေငန်တားတာတမံပြုပြင်၊ ထိန်းသိမ်း၊ တည်ဆောက်ပေးတဲ့ လုပ်ငန်း ၁၄ ခု၊ ရေတံခါးတွေ ပြုပြင်၊ တည်ဆောက်ပေးတဲ့ လုပ်ငန်း ၂၁ ခု၊ ရေလှောင်တမံနဲ့ ဆည်ရေသောက်စနစ်တွေအတွက် ပြုပြင်၊ ထိန်းသိမ်းပေးတဲ့လုပ်ငန်း ၁၃ ခု၊ နွေစပါးစိုက်ပျိုးရေးအတွက် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းကိုးခုနဲ့ ရေကန်တူးဖော်ခြင်းလုပ်ငန်းနှစ်ခု ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

### အကျိုးကျေးဇူးများ

"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်များတွင် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၁၉၀၀ ကို စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဒေသခံတောင်သူများ အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။

### ပြုပြင်မွမ်းမံ

"ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်မြင့်မားလာစေရန် ကျေးလက်ကျန်းမာရေးဌာနအပါအဝင် မြို့နယ်ပြည်သူ့ဆေးရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည်။

ပြည်နယ်အဆောက်အဦ ဦးစီးဌာနသို့ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲပေါင်း ၂၈ ခု အပ်နှံဆောင်ရွက်ခဲ့သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးဝါး ၁၃၄ မျိုးဝယ်ယူ၍ မြို့နယ်များအထိ ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ပြည်သူ့ဆေးရုံတိုးချဲ့

ရေးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ လေးခန်းတွဲလေးထပ် ဝန်ထမ်း အိမ်ရာတစ်လုံးတို့ကို ဆောက်လုပ်ပေးခဲ့ပြီး ကျိုက်မရောမြို့နယ် တရနာတိုက်နယ်ဆေးရုံနှင့် ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

### ဆောက်လုပ်ပေးနိုင်ခဲ့

မော်လမြိုင်မြို့၌ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့ လေးထပ်လူနာဆောင်၊ MDR TB တစ်ထပ်ဆောင်၊ ရှစ်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး ငါးထပ်လူနာဆောင်တစ်လုံး၊ ရှစ်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာလေးလုံးနှင့် ပြည်နယ်ကုသရေး ဦးစီးဌာနမှူးရုံး နှစ်ထပ်ဆောင်တို့ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။

### ဝန်ထမ်းအိမ်ရာများဆောင်ရွက်

သံဖြူဇရပ်မြို့နယ်တွင် ကျိုက္ခမီတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံတွင် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် ချောင်းနှစ်ခွတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



မွန်ပြည်နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပြည်တွင်း ပြည်ပ ဘုရားဖူးများ သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုခံစားနိုင်ရန် ကေဘယ်ကားများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

### ကျန်းမာရေးကဏ္ဍ မြင့်မားလာ

ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံတွင် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် မုဒုံမြို့နယ်ဆေးရုံ အကြီးစားမွမ်းမံခြင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းတို့ကို ကျန်းမာရေးကဏ္ဍ မြင့်မားလာစေရန် ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ပညာသင်ထောက်ပံ့

ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ပိုမိုမြင့်မားလာစေရန် ဒုတိယ(၁)နှစ်တာအတွင်း ကျောင်းများ တိုးချဲ့ပြင်ဆင်တည်ဆောက်ခြင်း၊ ပညာရေးဝန်ထမ်းများအတွက် အိမ်ရာများ တည်ဆောက်ပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

"အခြေခံပညာကျောင်းဆောင် ၈၃ ဆောင်၊ အာဟာရကျွေးမွေးဆောင်နှစ်ဆောင်၊ သိပ္ပံဆောင် ရှစ်ဆောင်၊ မြို့နယ်ပညာရေးမှူးရုံး နှစ်ရုံး၊ ဝန်ထမ်းအိမ်ရာ ၁၀ လုံးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

### မြေထိန်းနံရံ ပြုလုပ်

"ဒါ့ပြင် ငွေကျပ်သိန်း ၅၀ အောက်၊ ၁၀၀ အောက်၊ ၁၀၀ အထက် ကျောင်းဆောင်၊ Type-C ကျောင်းဆောင်ပြင်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်၊ ခြံစည်းရိုး၊ မြေထိန်းနံရံ ပြုလုပ်တာ၊ အခြေခံပညာကျောင်းတွေရဲ့ ရေ၊ မီးစနစ်၊ သန့်စင်ခန်း၊ လမ်း ပြုပြင်တာတွေကို စာသင်ကျောင်း ၆၆၀ မှာ ဆောင်ရွက်ခဲ့ပါတယ်။

### ဆရာ၊ ဆရာမ တိုးချဲ့ခန့်ထား

"ပြီးတော့ မူလတန်းအဆင့်အတွက် စာရေးခုံနိမ့်အစုံ ၂၃၆၀၊ အလယ်တန်း၊ အထက်တန်းအဆင့်အတွက် စာရေးခုံမြင့်အစုံ ၁၅၃၀ ဖြည့်ဆည်းပေးနိုင်သလို ပညာသင်ထောက်ပံ့ကြေးပေးတာ၊ အခြေခံပညာကျောင်းတွေ အဆင့်တိုးမြှင့်တာ၊ ဆရာ၊ ဆရာမ တိုးချဲ့ ခန့်ထားတာတွေကိုလည်း ပညာရေးကဏ္ဍ တိုးတက်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

*အချပ်ပို (ဂ) သို့*



မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကျိုက်ထိုမြို့နယ် စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။




ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။



သထုံမြို့နယ်တွင် စနစ်တကျလယ်ယာမြေ ဧက ၃၀၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (ခ)မှ*

ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးပေးဆောင်ရွက်ခဲ့သည်။

**လျှပ်စစ်သွယ်တန်း**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်အတွင်း ကျေးလက်တံတားရှစ်စင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၈၁ ခု၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းတစ်ခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး နှစ်ရုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်နိုင်ခဲ့သည်။

**ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က "ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျိုက်မရောမြို့နယ်မှာ ကျေးရွာခြောက်ရွာ၊ လုပ်ငန်း ၁၀ ခု၊ ကျိုက်ထိုမြို့နယ်မှာ ကျေးရွာခြောက်ရွာ၊ လုပ်ငန်းခုနစ်ခု၊ သံဖြူဇရပ်မြို့နယ်မှာ ကျေးရွာ ၂၃ ရွာ၊ လုပ်ငန်း ၃၂ ခု ဆောင်ရွက်ပေးခဲ့ပါတယ်၊ ပြီးတော့ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ရေးမြို့နယ်နဲ့ သထုံမြို့နယ်တွေမှာ ကျေးရွာတစ်ရွာ၊ လုပ်ငန်းတစ်ခုစီနဲ့ ကျေးရွာဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ပေးခဲ့ပါတယ်၊ မွန်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်အတွင်းမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့ပါတယ်၊ စီမံကိန်း ၁၂၈ ယူနစ်နဲ့ အကျိုးပြုရွာ ၁၄၄ ရွာအတွက် ၁ ယူနစ်ကို ငွေကျပ်သိန်း ၃၀၀ နှုန်း၊ ငွေကျပ်သိန်းပေါင်း ၃၈၄၀၀ နဲ့ စီမံကိန်းလည်ပတ်အောင် ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောသည်။

**လျှပ်စစ် ဓာတ်အားဖြန့်ဝေရောင်းချ**

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များတွင် FO လောင်စာသုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဝေရောင်းချခြင်း စီမံကိန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ခဲ့သည်။



မွန်ပြည်နယ်အတွင်း စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးများခြွေလှေ့ပေးနေမှုကို တွေ့ရစဉ်။



မော်လမြိုင်မြို့နယ် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

**B.O.T စနစ်နဲ့ ဆောင်ရွက်**

"ရေးမြို့နယ်နဲ့ သံဖြူဇရပ်မြို့နယ်တွေမှာ လောင်စာသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဝေရောင်းချတဲ့ စီမံကိန်းကို B.O.T စနစ်နဲ့ ဆောင်ရွက်ပါမယ်၊ ဒီလိုဆောင်ရွက်နိုင်ဖို့ အရှေ့တောင်အထွေထွေ စွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီလီမိတက်(SEGE) ပဋိညာဉ်စာချုပ်ကို ၁၅-၂-၂၀၁၇ ရက်မှာ ချုပ်ဆိုခဲ့ပါတယ်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း**

"ပြီးတော့ မွန်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မယ့်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို Southern Myanmar Development Co.,Ltd နဲ့ ၈-၁၁-၂၀၁၇ ရက်နေ့မှာ ဆောင်ရွက်ခဲ့ပါတယ်၊ မွန်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ သဘောတူညီမှုစာချုပ် (MoA) ကို ၁၁-၁-၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

**လက်မှတ်ရေးထိုး**

မွန်ပြည်နယ်အတွင်း လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် Mon Petrol Co.Ltd နှင့် လည်းကောင်း၊ ကျိုက်ထီးရိုးဇုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရန် မြတ်ပဒုမ္မာ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့်လည်းကောင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

*စာမျက်နှာ (ဃ) သို့*



သံဖြူဇရပ်မြို့နယ် တယောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြန်လည်တူးဖော်နေမှုကို တွေ့ရစဉ်။



သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူးရုံး လေးထပ်အဆောက်အအုံဆောက်လုပ်နေမှုကို တွေ့ရစဉ်။

*အချုပ်ပို (ဂ) မှ*

မွန်ပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍ တိုးတက်ရေးအတွက် ၃၃ ကေဗွီဓာတ်အားလိုင်း ၅ ဒသမ ၉၈၃ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၉ ဒသမ ០၂၁ မိုင်၊ ០ ဒသမ ၄ ဗို့ ဓာတ်အားလိုင်း ၄၄ ဒသမ ၉၈ မိုင်၊ ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ နှစ်ရုံ၊ ၁၁/០ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ဓာတ်အားခွဲရုံ ၁၁၅ ရုံ၊ ၃၃ ကေဗွီတိုင် ကြိုးလဲခြင်း ၅၄ ဒသမ ၄ မိုင်၊ ၁၁ ကေဗွီတိုင် ကြိုးလဲခြင်း ၁၁ ဒသမ ၆၇ မိုင်၊ ၄၀၀ ဗို့တိုင် ကြိုးလဲခြင်း ၂၅ ဒသမ ၃၂ မိုင်ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

**စတင်ဆောင်ရွက်ပေးနိုင်**

မွန်ပြည်နယ်အစိုးရအနေဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ပြည်တွင်းပြည်ပမှ ဘုရားဖူးများ သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုခံစားရင်း စေတီတော်များအား ကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် လွယ်ကူချောမွေ့ လုံခြုံစွာဖြင့် တက်ရောက်ဖူးမြော်နိုင်ရန် ရသေ့တောင်စခန်း Main Station မှ ဟုန်းနတ်ဘိုးဘိုးကြီး နတ်နန်းအနီးရှိ Return Station အထိ Cable Car ခရီးစဉ်ကို ၁၅-၁၂-၂၀၁၇ ရက်နေ့မှ စတင်ကာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ထောက်ပံ့ပေး**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မြို့နယ် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ ဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း လမ်းလုပ်ငန်း ၁၁၀၊ တံတားလုပ်ငန်း ၃၁ ခု၊ ပညာရေးလုပ်ငန်း ၄၁ ခု၊ ကျန်းမာရေးလုပ်ငန်း နှစ်ခု၊ ရေရရှိရေးလုပ်ငန်း ၄၁ ခု၊ မီးရရှိရေး လုပ်ငန်းခြောက်ခု၊ အခြားလုပ်ငန်း ၂၄ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် သိန်း ၅၀၀၀ ဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၉၆ ခု ဆောင်ရွက်ခဲ့ပြီး ဘီလပ်မြေအိတ် ၂၁၂၅၀၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် အထွေထွေပိုလျှံရန်ပုံငွေမှ ငွေကျပ်သန်း ၁၉၂၂ ဒသမ ၄၉၂ သန်းဖြင့် မွန်ပြည်နယ်အတွင်း ဌာနကိုးခု၏ လုပ်ငန်း ၃၅ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ မွန်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့်အားလျော်စွာ မွန်ပြည်သစ်ပါတီ (NMSP)နှင့် ၁၃-၂-၂၀၁၈ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ ပိုမိုအားကောင်းလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ယခင်ထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

> **“ မွန်ပြည်နယ်အစိုးရအနေဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ပြည်တွင်းပြည်ပမှ ဘုရားဖူးများ သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုခံစားရင်း စေတီတော်များအား ကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် လွယ်ကူချောမွေ့ လုံခြုံစွာဖြင့် တက်ရောက်ဖူးမြော်နိုင်ရန် ရသေ့တောင်စခန်း Main Station မှ ဟုန်းနတ်ဘိုးဘိုးကြီးနတ်နန်းအနီးရှိ Return Station အထိ Cable Car ခရီးစဉ်ကို ၁၅-၁၂-၂၀၁၇ ရက်နေ့မှ စတင်ကာ ဆောင်ရွက်ပေးနိုင် ”**



ကျိုက်ထို-ကင်မွန်းစခန်း လေးလမ်းသွားအဆင့်မြင့် တည်ဆောက်ထားမှုကို တွေ့ရစဉ်။